The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL. 19, NO. 30 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 12, 2019

# အားနည်းချက်များ ပြင်ဆင်ရန် လိုအပ်နေသည့် မြန်မာ့ဆန်စက်များ

စာမျက်နှာ - ၈ ➢



## အဆောက်အအုံပါမစ် အွန်လိုင်းမှ လျှောက်ထားနိုင်သည့်စနစ် စတင်

စာမျက်နှာ - ၁၂ ➢

## ကျူးကျော်နေထိုင်သူများအတွက် ဖော်ဆောင်မည့် ကနဦး အိမ်ရာဒီဇိုင်း ထွက်ရှိလာ

စာမျက်နှာ - ၂၆ ➢

## ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးမစ်ရှင် အစီရင်ခံစာသည် ဟန်ချက်ညီ ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို အထောက်အကူမပြုနိုင်ဟုဆို

စာမျက်နှာ - ၂၆ ➢




ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၄)

စာမျက်နှာ - ၁၈ ➢

Golden Lion

ရွှေပင် ၊ ရွှေသီး ၊ ရွှေဦးကြီးတို့ သုံးစွဲခလေ့ ... ရွှေခြင်္သေ့




ပဲအထွက်တိုး ...

# စူပါဂရိုး



မတ်ပဲ၊ ပဲတီစိမ်း အထူးရွက်ဖျန်းမြေသြဇာ

- အပင်သန်မာကြီးထွားစေပြီး ဘေးကိုင်းထွက်မှု ကောင်းစေသည်။
- အမြစ်ဖွဲ့စည်းမှု နှင့် အပွင့်၊ အသီးတင်မှု ကောင်းစေသည်။
- ပိုးမွှား၊ ရောဂါ နှင့် ရာသီဥတုဒဏ် ပိုမိုခံနိုင်ရည်ရှိစေသည်။

ဆေးဖျန်းပုံး(၁)ပုံးလျှင် စူပါဂရိုး(အေ) (၅၀-၁၀၀)စီစီ နှင့် စူပါဂရိုး(ဘီ) (၅၀-၁၀၀)စီစီ ရောစပ်ပက်ဖျန်းပါ။

ရွှေခြင်္သေ့ အဆင့်မြင့်စိုက်ပျိုးရေးစွမ်းအားစုကုမ္ပဏီလီမိတက် A member of the GL Group



KAIYO Co., Ltd.

FURUNO AUTHORIZED DISTRIBUTOR




Address (1): No.532 1st Floor, Innwa Street, 6 Quarter, South Okkalapa Township, Yangon

Address (2): 2nd Floor, Myeik Fisheries Federation Building Thae Kwin 1st Street, Myeik Township, Tanintharyi Region.

Phone : 09 777 00 2190, 09 778 664 050


Email : kaiyo@kaiyo.com.mm

Customer Support: 09 777 00 2193



WEALTH OCEAN INTERNATIONAL CO., LTD.

NYK GROUP




Address : No.532 1st Floor, Innwa Street, 6 Quarter, South Okkalapa Township, Yangon, Union of Myanmar.

Phone : 09 45368 8800,

Email : wealthoceanmmygn@gmail.com

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပေကျင်းတွင်ကျင်းပသည့် မြန်မာနေ့အခမ်းအနားနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများသို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၊ ရန်ချင်းခရိုင်၌ ခြောက်လကြာကျင်းပလျက်ရှိသည့် International Horticulture Expo 2019 ပြပွဲကာလအတွင်း ဩဂုတ် ၄ ရက်တွင် ကျင်းပခဲ့သည့် မြန်မာနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။



မြန်မာနေ့ အခမ်းအနားကို International Horticulture Expo Guirul Theater ၌ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံတော် သီချင်းနှင့် တရုတ်နိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားစတင်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောရေးရာဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် International Horticulture Expo ၏ Deputy Commissioner General ဖြစ်သူ Mr. Zhao Liangping တို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာ့ယဉ်ကျေးမှု အကပဒေသာများဖြင့် ဖျော်ဖြေပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ မြန်မာနေ့ အခမ်းအနားသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တရုတ်နိုင်ငံမှ ပရိသတ် ၂၀၀ ခန့်တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာ့ပို့ကုန်မြှင့်တင်ရေးဆွေးနွေးပွဲကို ပေကျင်းမြို့ Ocean Spring ဟိုတယ်တွင်ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် အာဆီယံ-တရုတ် စီးပွားရေးကောင်စီ ဥက္ကဋ္ဌ Mr. Xu Ningning တို့တက်ရောက်အမှာစကား ပြောကြားခဲ့ကြသည်။

ဆက်လက်၍ တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC)မှ ညွှန်ကြားရေးမှူး Dr. Zhao Yifang က တရုတ်နိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများ

**စာမျက်နှာ ၂၀ သို့**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ စင်ကာပူနိုင်ငံ၌ ကျင်းပသည့် UN Convention သို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ ဩဂုတ် ၇ ရက်တွင်ကျင်းပသော United Nations Convention on International Settlement Agreements on Mediation (Singapore Convention on Mediation) လက်မှတ်ရေးထိုးပွဲနှင့် High-Level Conference on Mediation and International Dispute Resolution အခမ်းအနားတို့ကို တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် စင်ကာပူနိုင်ငံ Shangri La Hotel ၌ အခြားနိုင်ငံတကာမှ တက်ရောက်လာသော ဝန်ကြီးများနှင့်အတူ စင်ကာပူနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Lee Hsien Loong အား ချစ်ကြည်ရင်းနှီး စွာတွေ့ဆုံခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် United Nations Convention on International Settlement Agreements on Mediation (Singapore Convention on Mediation) လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ Singapore Convention on Mediation အခမ်းအနား၌ စင်ကာပူဝန်ကြီးချုပ် H.E. Mr. Lee Hsien Loong နှင့် ကမ္ဘာ့ကုလသမဂ္ဂ ဥပဒေရေးရာ လက်ထောက် အထွေထွေအတွင်းရေးမှူးချုပ် Mr. Stephen Mathias တို့က

**စာမျက်နှာ ၂၀ သို့**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး Eurocham Myanmar မှ Executive Director ဖြစ်သူ Mr. Marc de la Fouchardiere ဦးဆောင်သည့်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Eurocham Myanmar မှ Executive Director ဖြစ်သူ Mr. Marc de la Fouchardiere ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။



ထိုသို့တွေ့ဆုံစဉ် Eurocham Myanmar မှ စက်တင်ဘာလအတွင်း ကျင်းပမည့် ဒုတိယအကြိမ်မြောက် တရားမဝင်ကုန်သွယ်မှု တားဆီးတိုက်ဖျက်ရေးဖိုရမ် အောင်မြင်စွာ ကျင်းပသွားနိုင်ရေး၊ တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး၊ တရားမဝင် ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ အခွန်အခများဆုံးရှုံးခြင်း၊ စားသုံးသူပြည်သူများ ထိခိုက်နစ်နာခြင်းတို့အပါအဝင် နောက်ဆက်တွဲဆိုးကျိုးများအား ထိထိရောက်ရောက် ထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ တရားမဝင်ကုန်သွယ်မှုကို ထိန်းချုပ်ခြင်းဖြင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖိတ်ခေါ်သွားနိုင်ရေးနှင့် ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ဖန်တီးသွားနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး၊
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 19, No.30 Monday August 12 2019

# ဇူလိုင်လ ဆန်နှင့်ဆန်ကွဲ တန်ချိန် နှစ်သိန်းကျော် တင်ပို့ပြီး ဇွန်လတင်ပို့မှုထက် ပိုမို

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာနှစ်သန်းကျော် တန်ဖိုးရှိ ဆန်တန်ချိန် ၈၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဆန်တင်ပို့မှုများမှာ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဆန် တန်ချိန် ၇၃၀၀ ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေး စခန်းမှ တန်ချိန် ၅၀၀ခန့်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်း မှ ဆန်တန်ချိန် ၁၆၀ ကျော်တင်ပို့ခဲ့သည်။

ဇူလိုင်လတစ်လလုံးတွင် အဆိုပါကုန်သွယ်ရေး စခန်းများမှ အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၂၉၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်လ တင်ပို့မှုနှင့် နှိုင်းယှဉ် ပါက တန်ချိန် ၃၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ ယခုလတွင် လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲတန်ချိန် ၁၄၀ ကျော်တင်ပို့ခဲ့ သည်။

ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၂၄၀၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ်မှာ တရုတ်နိုင်ငံ သို့ တန်ချိန် ၉၃၀၀၊ ဖိလစ်ပိုင်သို့ တန်ချိန် ၈၂၀၀ ကျော်နှင့် အီးယူနိုင်ငံများသို့ တန်ချိန် ၃၀၀၀ ကျော် တင်ပို့ခဲ့ပြီး ရုရှား၊ ဗီယက်နမ်၊ မက်ဒါဂါစကား၊ ကင်မရွန်းနှင့် ဂီနီနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ ဇူလိုင်လအတွင်း ရေကြောင်း မှ အမေရိကန်ဒေါ်လာ သန်း ၄၀ ကျော် တန်ဖိုးရှိဆန် တန်ချိန် ၁၃၀၀၀၀ ကျော်တင်ပို့ခဲ့ပြီး ယခင်လ တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၃၇၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ ယခုလတွင် ဆန်အပြင် ဆန်ကွဲပါ ပိုမိုတင်ပို့ နိုင်ခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၄ သန်းနီးပါးတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် ၅၄၀၀၀ ကျော် တင်ပို့ခဲ့ပြီး ယခင်လတင်ပို့ မှုထက် တန်ချိန် ၂၁၀၀၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။ ဇူလိုင် လအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းမှာ ဆန် တန်ချိန် ၁၅၉၀၀၀ နှင့် ဆန်ကွဲ တန်ချိန် ၅၄၃၀၀ဖြစ်ကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# ဈေးကောင်းရရှိသော ပေါ်ဆန်းမွှေးစပါး စမ်းသပ်စိုက်ပျိုး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ဥတိုကျေးရွာတွင်စိုက်ပျိုးထွက်ရှိသော ဧရာဝတီပေါ်ဆန်းမွှေးသည် အဆင့်မြင့် တန်းဝင် ဆန်အမျိုးအစားဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ဧက ၁၀၀ ခန့်စိုက်ပျိုးထုတ်လုပ်နေပြီး ဥတိုကျေးရွာတစ်ရွာတည်းတွင်ပင် စိုက် ပျိုးထွက်ရှိသောကြောင့် ဥတိုပေါ်ဆန်းမွှေးဟု အမည်တွင်ကာ ဈေးကောင်းရရှိသောဆန်အမျိုးအစားဖြစ်သည်။

ယခုအခါ ၎င်းဆန်အမျိုးအစားကို ကျောင်းကုန်းမြို့နယ်တွင် ငါးဧက စမ်းသပ်စိုက်ပျိုးမည်ဖြစ်ပြီး စိုက်ပျိုးထွက်ရှိချိန်တွင် တင်း ၁၀၀ လျှင် ကျပ် ၁၀ သိန်းအထက်ဈေးပေါက်သဖြင့် စိုက်ပျိုးလက်စ စပါးမျိုးများအပြင် ဥတိုပေါ်ဆန်းမွှေးကိုလည်း စမ်း သပ်စိုက်ပျိုးထုတ်လုပ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကျောင်းကုန်းဒေသရှိ ရေနက်ကွင်းလယ်မြေများတွင်တစ်နှစ်လျှင် စပါးတစ် သီးသာ စိုက်ပျိုးထုတ်လုပ်နိုင်သဖြင့် ဈေးကောင်းရရှိမည့် စပါးမျိုးကိုရွေးချယ်စိုက်ပျိုးရန် စမ်းသပ်ခြင်းဖြစ်သည်။

ဇူလိုင်နှင့် ဩဂုတ်လများသည် ရေတက်ချိန်ဖြစ်သဖြင့်ပေါ်ဆန်းမွှေးမျိုးစပါး မှာယူပျိုးထောင်ပြီး ရေကျချိန်တွင် စတင် စိုက်ပျိုးရန် ဩဂုတ်လဆန်းတွင်မျိုးစပါးများ မှာယူလျက်ရှိသည်။

**နေဝင်းစိုး**

# မြောင်းမြခရိုင်၌ စပါး၊ ဆန်ဈေးအနည်းငယ်မြင့်တက်




ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆန်၊ စပါးဈေးကွက်မှာ ဩဂုတ်လ ပထမပတ် မြောင်းမြခရိုင်တွင် ဧည့်မထ (မိုး+နွေ)စပါး၊ ဆန်ဈေးအနည်းငယ် မြင့်တက်မှုရှိပြီး ကျန်ခရိုင်မြို့နယ်များ တွင် အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိ ကြောင်း ဆန်စပါးသတင်းများအရ သိရ သည်။

မြောင်းမြခရိုင် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ လပွတ္တာနှင့် မော်ကျွန်းမြို့နယ် များတွင် ယခင်မိုးဧည့်မထစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၅၉၀၀၀၀၊ ကျပ် ၆၀၀၀၀၀ ဝန်းကျင်မှ ယခု ကျပ် ၆၁၀၀၀၀-၆၂၀၀၀၀ ဖြစ်သွား၍ စပါး တင်း ၁၀၀ ကို ကျပ် ၂၀၀၀၀ ခန့်နှင့် နွေစပါး ၄၆ပေါင်တင်း ၁၀၀ ကို ယခင် ကျပ် ၄၈၀၀၀၀-၄၉၀၀၀၀ မှ ယခု ကျပ် ၄၉၀၀၀၀၊ ကျပ်၅၀၀၀၀၀ဝန်းကျင်ဖြစ် သွားသောကြောင့် စပါးတင်း ၁၀၀ ကို ကျပ်၁၀၀၀၀ ဈေးနှုန်းမြင့်တက်မှုရှိပြီး စပါးဈေးနှုန်းမြင့်တက်မှုနှင့်အတူ နွေ ဆန်ဈေးမှာလည်း ယခင်ဆန်တစ်အိတ် ကို ကျပ် ၁၉၀၀၀၊ ကျပ် ၂၀၀၀၀ မှ ယခု ဈေး ၂၀၀၀၀၊ ၂၀၅၀၀ ကျပ်ဈေးဖြစ် သွား၍ ဆန်တစ်အိတ်ကို ကျပ် ၁၀၀၀ ဝန်းကျင်မြင့်တက်လျက်ရှိကြောင်း ဒေသ တွင်း အရောင်းအဝယ်သွက်မှုနှင့်အတူ ဆန်စပါးလက်ကျန် နည်းပါးလာချိန် ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်ရခြင်းဖြစ် ကြောင်း ဆန်စပါးသတင်းများအရ သိရ သည်။

**မင်းမင်းဦး (ပုသိမ်)**

# သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်/စပါးဈေးနှုန်းများ

ယခုတစ်ပတ် သနပ်ပင်မြို့နယ်တွင် ဧည့်မထစပါး(အပု) ပေါက်ဈေးကတော့ ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၆၂၀၀၀၀၊ ဆန်တစ်အိတ်ကို ကျပ် ၂၁၅၀၀၊ ဧည့်မထ(အရှည်)သည် ပေါင် ၅၀ တင်း ၁၀၀ ကို ကျပ် ၅၃၀၀၀၀၊ ဆန် တစ်အိတ်ကို ကျပ် ၂၀၀၀၀ ၊ ဆန်ကွဲတစ်အိတ်ကို ကျပ် ၁၅၀၀၀ ၊ ဖွဲနုပေါင် ၆၀ တစ်အိတ်ကို ကျပ် ၈၅၀၀ အသီးသီး ပေါက်ဈေးရှိပြီး ဒိုက်ဦးနှင့် ကျောက်တံခါးမှ ကုန်သည်များလာရောက်ဝယ်ယူကြပြီး ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ ပို့နေကြကြောင်းသိရသည်။

**သိန်းဆွေ(သနပ်ပင်)**

# အာရှနိုင်ငံများမှ FOB ဆန်ဈေးနှုန်းများ

၉-၈-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၀၇ | ၄၁၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၉၇ | ၄၀၃ | △ | ၃၄၀ | ၃၄၀ | □ | ၄၁၀ | ၄၀၀ | ▽ | ၃၅၅ | ၃၅၇ | △ |
| ဆန်ဖြူ ၁၀% | ၃၉၆ | ၄၀၂ | △ | ၃၃၅ | ၃၃၅ | □ | - | - | - | ၃၅၀ | ၃၅၂ | △ |
| ဆန်ဖြူ ၁၅% | ၃၉၃ | ၃၉၇ | △ | ၃၃၀ | ၃၃၀ | □ | - | - | - | ၃၄၅ | ၃၄၇ | △ |
| ဆန်ဖြူ ၂၅% | ၃၇၅ | ၃၉၀ | △ | ၃၂၂ | ၃၂၀ | ▽ | ၃၇၀ | ၃၆၀ | ▽ | ၃၁၈ | ၃၂၈ | △ |
| ပေါင်းဆန် | ၄၂၃ | ၄၃၀ | △ | - | - | - | ၃၇၈ | ၃၇၅ | ▽ | - | ၃၉၃ | - |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၉-၈-၂၀၁၉)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၅၅၀ | △ | ၂၂၀၀၀ | △ | ၉၂၀၀ | △ | ၄၂၀၀၀ | △ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၅၀၀ | □ | ၉၆၇၀ | □ | ၄၁၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | □ | ၂၃၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၅၀၀၀ | □ | ၂၃၀၀၀ | □ | ၁၅၅၀၀ | □ | ၅၀၀၀၀ | □ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၅၀ | □ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၄၅၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၄၀၀၀၀ | □ |
| လှိုင်ကော် | ၉၅၈၀ | △ | ၄၆၀၀၀ | △ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | △ | ၂၃၅၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂-၈-၂၀၁၉ မှ ၈-၈-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 470 | 20 | - | - | - | **490** |
| | Form AANZ | 10 | - | - | - | - | 10 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 209 | 12 | - | - | - | 221 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 26 | - | - | - | - | 26 |
| | Form AK | 199 | 13 | - | - | - | 212 |
| | Form D | 218 | 21 | - | - | 1 | 240 |
| | Form DFTP | 5 | - | - | - | 1 | 6 |
| | Form E | 250 | 11 | - | - | - | 261 |
| | Form Korea | 9 | 1 | - | - | - | 10 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1396 | 78 | - | - | 2 | 1476 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၉-၈-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂/၈ | ၉/၈ | ပြောင်းလဲမှု | ၂/၈ | ၉/၈ | ပြောင်းလဲမှု | ၂/၈ | ၉/၈ | ပြောင်းလဲမှု | ၂/၈ | ၉/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၄၄ | ၁၂၃၁ | ▼ | ၁၂၆၇ | ၁၃၀၀ | ▲ | ၁၃၂၅ | ၁၃၀၀ | ▼ | ၁၂၅၀ | ၁၂၀၀ | ▼ |
| ပဲစင်းငုံ | ၁၅၀၄ | ၁၄၇၀ | ▼ | ၁၆၀၀ | ၁၄၁၇ | ▼ | ၁၅၉၀ | ၁၅၂၅ | ▼ | ၁၅၅၀ | ၁၅၀၀ | ▼ |
| ပဲတီစိမ်း | ၁၀၀၀ | ၁၀၀၀ | ■ | ၁၀၁၃ | ၁၇၇၀ | ▼ | ၁၆၀၄ | ၁၆၀၄ | ■ | ၁၇၆၅ | ၁၇၉၀ | ▲ |
| ကုလားပဲရိုးရိုး | ၁၀၀၀ | ၁၀၀၀ | ■ | ၁၃၀၀ | ၁၃၉၇ | ▲ | ၁၄၁၆ | ၁၄၀၀ | ▼ | ၁၃၉၅ | ၁၃၉၅ | ■ |
| ပဲလွန်းဖြူ | ၁၁၀၀ | ၁၁၃၀ | ▲ | ၁၁၆၇ | ၁၂၀၀ | ▲ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၇၇၀ | ၁၇၇၀ | ■ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၇၃၅ | ၁၇၃၅ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၂၇.၇.၁၉)ထိ | ယခုတစ်ပတ် (၃.၈.၁၉)ထိ | (၁.၁.၁၉) မှ (၃.၈.၁၉) ထိ |
| မတ်ပဲ | ၂၀၅၁၃၁ | ၁၁၈၉၉ | ၂၁၇၀၃၀ |
| ပဲတီစိမ်း | ၁၆၂၂၄၂ | ၃၄၅၅ | ၁၆၅၆၉၇ |
| ပဲစင်းငုံ | ၆၃၄၈၅ | ၃၀၅၂ | ၆၆၅၃၇ |
| ကုလားပဲ | ၄၇၂၆၃ | ၃၁၂ | ၄၇၅၇၅ |
| ပဲလွန်းဖြူ | ၃၀၄၂၃ | ၃၃၄ | ၃၀၇၅၇ |
| မြေထောက်ပဲ | ၈၂၉၀ | ၇၇ | ၈၃၆၇ |

## ပြည်မတ်ပဲသီးနှံ အရောင်းအဝယ်အေးနေ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဩဂုတ်လဆန်းရက်တွင် ပြည်ပဝယ်လက်ပဲနှင့် ပြည်တွင်းဝယ်လက်ပဲအချို့ ဈေးလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ မတ်ပဲသီးနှံမှာ ဇူလိုင်လလယ်ကတည်းက ပဲဈေး နှုန်းတဖြည်းဖြည်းလျော့ကျလာခဲ့ရာမှ ယခုလဆန်းရက်မှာ ထပ်မံဈေးလျော့သွားလို့ တစ်တင်း ကျပ် ၂၄၅၀၀ ဖြင့် ဈေးအေးနေသလို အရောင်းအဝယ်လည်းအေးခဲ့သည်။ ပဲအဝင် သိပ်မရှိတော့ဘဲ လက်ကျန်ပဲများသာ ရန်ကုန်ဝယ်လိုအားရှိသော်လည်း အရောင်းမသွက်ဘဲရက်ခြားသာ အရောင်းအဝယ်ဖြစ်ပြီး အိတ် ၂၀၀ ကျော် ရောင်းချခဲ့ရကြောင်းသိရသည်။ ဩဂုတ်လဆန်းရက်မှာ မတ်ပဲသီးနှံဈေးသည် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း ဈေးအေးအရောင်းအဝယ်အေးနေကြောင်း သိရသည်။ **ခင်ဆွေဝင်း(ပြည်)**

## မြေပဲဆန်အဝင်နည်း၍ ဈေးနှုန်းမြင့်တက်လာ

ဩဂုတ်လဆန်းပတ်အတွင်းဖြစ်ပေါ်ခဲ့သော ဆီထွက်သီးနှံဖြစ်သည့် မြေပဲလုံးဆန်ပေါက်ဈေးနှုန်းများမှာ လုံးဆန် (ဖြူ) တစ်ပိဿာ ကျပ် ၄၀၅၀ မှ ၄၁၀၀၊ လုံးဆန်(နီ) ကျပ်၄၂၀၀မှ ၄၃၀၀၊ ဆီဆန်ကျပ် ၃၅၀၀မှ၃၆၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိနေပြီး ယခုတစ်ပတ် ဈေးမြင့်လာသည်ကို တွေ့ရသည်။ ဈေးမြင့်ရခြင်းမှာ အဝယ်သာရှိပြီး ပွဲရုံသို့ ဝင်ရောက်မှုမှာ အဝင်နည်းလာ၍ ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာကုန်စည်ဒိုင်၏ ဆီပေါက်ဈေးနှုန်းများမှာမြေပဲဆီတစ်ပိဿာ ကျပ်၇၂၀၀၊ နှမ်းဆီတစ်ပိဿာ ကျပ်၆၅၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ်၁၅၆၀မှ၁၅၈၀နှုန်းပေါက်လျက်ရှိပြီး မြေပဲဆီဈေးမှာလည်း ဈေးမြင့်တက်လာကြောင်းသိရသည်။

**ကြည်ကြည်နွယ်**

## ပြည်ထောပတ်ပဲ ဈေးကောင်းရနေ

ပြည်ပဲမျိုးစုံဈေးကွက်၏ လက်လီရောင်းဝယ်မှုအဖြစ်များသည့် ပဲသီးနှံထဲတွင် ထောပတ်ပဲသီးနှံလည်း ပါဝင်နေပြီး ပဲလက်ကျန်အနည်းငယ်ရှိမှုအပေါ် တစ်ရက်အိတ် ၂၀ ဝန်းကျင် လက်လီအရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။ လက်လီအရောင်းအဝယ်သာရှိသော်လည်း အခြားပဲများနှင့်ယှဉ်လျှင် ဈေးကောင်းရနေပြီး ပဲအရည်အသွေးလိုက်၍ ဈေးကွာခြားမှုရှိခဲ့သည်။

ရိုးရိုးစ တစ်တင်း ကျပ်၃၀၀၀၀ နှင့် ထိပ်စ တစ်တင်း ကျပ်၃၃၀၀၀ ဖြင့် ရောင်းဝယ်မှုဖြစ်ခဲ့ကာ ယခင်လကုန်ဈေးထက်လည်း ဈေးပိုလာခဲ့ကြောင်းသိရသည်။ ထောပတ်ပဲသီးနှံမှာ ယခင်နှစ်က မိုးရာသီကာလတွင် တစ်တင်း ကျပ် လေးသောင်းအထိ ရရှိခဲ့ခြင်းကြောင့် ဩဂုတ်လအတွင်း ပစ္စည်းလက်ကျန်မရှိတော့သည်အထိ သီးနှံပြတ်သွားခဲ့ကြောင်းသိရသည်။

**ခင်ဆွေဝင်း(ပြည်)**

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီနှင့်ပြောင်းဖူးစေ့ ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်ထွက်ပဲစင်းငုံနီ တစ်တင်းလျှင် ၃၁၀၀၀ ကျပ်ဖြင့် အိတ် ၅၀၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ် ၂၈၀၀၀ အိတ် ၅၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီ တစ်တင်းလျှင်ကျပ် ၂၈၅၀၀ ဖြင့် အိတ် ၅၀ ခန့် ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။



ကုလားပဲဝါလုံးကြီး တစ်တင်းလျှင် ကျပ် ၂၆၃၀၀ဖြင့်အိတ် ၅၀၊ ကုလားပဲဖြူ တစ်တင်းလျှင် ကျပ် ၂၅၂၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၈၈၀၀ ဖြင့် အိတ် ၅၀၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၃၂၅၀၀ မှ ၃၃၀၀၀ ဖြင့် အိတ် ၅၀၊ ကျွန်းစွန်တာနီ တစ် တင်းလျှင် ကျပ် ၁၉၆၀၀ဖြင့် အိတ် ၁၀၀၊ ပဲနီပြား တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၅၀၊ ပြောင်းဖူးစေ့ တစ်တင်းလျှင် ကျပ် ၈၃၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ထိ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ နှမ်းညိုမှာ တစ်ခါတရံ သာအဝင်ရှိ၍ ဈေးကောင်းပြီး တစ်တင်းလျှင် ကျပ် ၅၁၅၀၀ ဖြင့် အိတ် ၅၀ မှ ၁၀၀ ထိ အရောင်းအဝယ်ဖြစ်နေသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်း ရောင်းချနေသော ကုန်ဈေးနှုန်း အခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီး အတွင်းသို့ ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၄ ရက်အတွင်း ညောင်တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ပန်းမန်များ အများဆုံးဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၆၇၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၄၀၀ မှ ၅၅၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၄၅၀ မှ ၆၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၉၀၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀၊ ရွှေဖရုံသီး(လုံး) ကျပ် ၆၀၀ မှ ၂၀၀၀ အတွင်း၊ ဘူးသီး (လုံး)ကျပ် ၅၀၀ မှ ၁၀၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၂၀၀၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၈၅၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၂၂၀၀၊ ကြက်သွန်ဖြူ(ကြူကုတ်) (ပိဿာ) ကျပ် ၃၅၀၀၊ ချင်း (ပိဿာ) ကျပ် ၃၀၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၁၀၀၊ ရုံပတီသီး(တောင့်) ၅ ကျပ် မှ ၁၂ ကျပ်အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၂၅၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၄၀ မှ ၆၀ အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၂၀ မှ ၁၅၀ အတွင်း၊ သံပရာသီး (လုံး)ကျပ် ၂၀ မှ ၄၀ အတွင်း၊ ပဲသီး (စီး) ကျပ် ၃၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၈၀၀ မှ ၁၅၀၀ အတွင်း၊ နာနတ်သီး (လုံး) ကျပ် ၄၀၀ မှ ၅၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) (၁)တောင်းကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ /လတ်) တစ်တောင်းကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/ကြီး) တစ်တောင်း ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀ အတွင်း ရှိကြောင်း သိရသည်။

ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီး(ထိုင်ဝမ်)၊ ဘူးသီး၊ ခရမ်းသီး (ရှည်)၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း)တို့မှာ အနည်းငယ်ဈေးကျနေခဲ့ကြောင်း သိရသည်။ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ယခုရက်သတ္တပတ်အတွင်း သံပရာသီးအလုံးပေါင်း ၂၈၇၀၀၀ ကျော်၊ ခရမ်းသီး (ရှည်) (လုံး) ၄၂၃၀၀၀ ကျော်၊ ဘူးသီးအလုံးပေါင်း ၅၅၀၀၀ ကျော်၊ ရွှေဖရုံသီးအလုံးပေါင်း ၃၅၃၀၀ ကျော်၊ ဂေါ်ဖီထုပ်ပေါင်း ၁၂၃၀၀၀ ကျော်၊ ပန်းဂေါ်ဖီထုပ်ပေါင်း ၇၈၀၀၀ ကျော်နှင့် မုန်ညှင်း (ထုပ်)ပေါင်း ၂၇၀၀၀ ကျော် ကုန်အဝင်ရှိကြောင်း သိရသည်။ သရက်သီးမှည့်(ရင်ကွဲ) (သေး/လတ်/ကြီး) တောင်းပေါင်း ၁၈၀၀၊ နာနတ်သီးအလုံးပေါင်း ၃၄၀၀၀၀ ကျော်ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **ခိုင်ရွှေ(ရန်ကုန်)**

## ပြည်ပဲဈေးကွက်၌ မိုးပဲတီစိမ်း အရောင်းအဝယ်သွက်လျက်ရှိ

ယခု ဩဂုတ်လဆန်းရက်တွင် ပြည်ပဲမျိုးစုံဈေးကွက်အတွင်း အရောင်းအဝယ်သွက်နေသည့် ပဲသီးနှံကတော့ မိုးပဲတီစိမ်းသီးနှံဖြစ်သည်။

မင်းတုန်း၊ ကံမ၊ ပေါင်းတလည်၊ ပေါက်ခေါင်းနှင့် ပြည်အနီးတစ်ဝိုက်မှ နေ့စဉ် အိတ် ၃၀၀ ကျော် ဝင်ရောက်လျက်ရှိပြီး ဝယ်လိုအားအနေဖြင့် မန္တလေးလိုင်းသမားများအပြင် ရန်ကုန်ဝယ်လိုအားလည်း ရှိခဲ့ခြင်းကြောင့် ဝင်လာသမျှ မိုးပဲသစ်များ အရောင်းအဝယ်သွက်နေပြီး ပဲဈေးမှာ ထိပ်စ တစ်တင်း ၃၃၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေခဲ့သည့်အတွက် ယခင်တစ်ပတ်နှင့်ယှဉ်လျှင် ဈေးလျော့သွားခဲ့သည်ဆိုသော်လည်း မတ်ပဲ၊ ပဲစင်းငုံ သီးနှံများထက်တော့ ဈေးပိုရနေကြောင်း သိရသည်။

**ခင်ဆွေဝင်း (ပြည်)**

## ပြည်ဈေးကွက်တွင် လုံးဆန်ဈေးမြင့်လာပြီး ဆီဆန်ဈေးငြိမ်

ပြည်ဈေးကွက်တွင် လုံးဆန်ကို ဝယ်ယူမှုများလာသဖြင့် ဈေးမြင့်လာကြောင်းသိရသည်။ ဆီဆန်ကိုပုံမှန်အဝယ်ရှိသဖြင့် ဈေးငြိမ်နေသည်။ မိုးမြေပဲအထွက်မရှိသေး၍လှောင်ထားသည့်မြေပဲဆန်များဖြင့်သာ တစ်နေ့လျှင်အိတ် ၅၀-၆၀ လောက်သာ အရောင်းအဝယ်နေသည်။ လုံးဆန်ကိုမြို့တွင်းပဲလှော်သမားများနှင့် နယ်ကျော်ဝယ်ယူမှုရှိသဖြင့် ဈေးမြင့်လာခြင်းဖြစ်သည်။

ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ဆီဆန် (အဖြူ)တစ်ပိဿာလျှင် ကျပ် ၃၆၀၀(အနီ)တစ်ပိဿာလျှင် ကျပ် ၃၇၀၀နှင့်လုံးဆန် (အဖြူ)တစ်ပိဿာလျှင် ကျပ်၄၀၀၀နှင့် (အနီ)တစ်ပိဿာလျှင် ကျပ်၄၂၀၀ဖြင့်ပြည်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်နေသည်ကိုတွေ့ရသည်။ **ဝေဝေမင်း(ပြည်)**

Vol: 19, No.30 Monday August 12 2019

# ကွမ်းသီးဈေးကွက်အကြောင်း တစေ့တစောင်း

## ကွမ်းသီးဈေးကွက်

၂၀၁၈ ခုနှစ်တွင် ကွမ်းသီး (HS.Code- 080280) အများဆုံးဝယ်ယူခဲ့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ယူအေအီး၊ အမေရိကန်၊ မော်လ်ဒိုက်၊ နီပေါ၊ မလေးရှားတို့ဖြစ်ကြသည်ကို ITC Trade Map အရသိရသည်။ အိန္ဒိယ၏ ၂၀၁၈ ခုနှစ် ကွမ်းသီး တင်သွင်းမှုတန်ဖိုး ကန်ဒေါ်လာ ၅၅ ဒသမ ၉၁၃ သန်းရှိပြီး ကမ္ဘာ့ကွမ်းသီးဈေးကွက်၏ ဈေးကွက်ဝေစု ၄၀ ဒသမ ၇ ရာခိုင်နှုန်းရရှိထားသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ်က ကန်ဒေါ်လာ ၁၅ ဒသမ ၀၄၃ သန်းဖိုးတင်သွင်း၍ ဈေးကွက်ဝေစု ၁၀ ဒသမ ၉ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ဗီယက်နမ်က ကန်ဒေါ်လာ ၁၂ ဒသမ ၂၅၈ သန်း ဖိုးတင်သွင်း၍ဈေးကွက်ဝေစု ၈ ဒသမ ၉ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိသည်။

၂၀၁၈ ခုနှစ်၌ ကွမ်းသီးအများဆုံး တင်သွင်းသော နိုင်ငံများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ယူအေအီး၊ အမေရိကန်၊ မော်ဒိုက်၊ နီပေါ၊ မလေးရှားနိုင်ငံတို့ဖြစ်သည်။

## ကမ္ဘာ့ကွမ်းသီးဈေးနှုန်း

ကမ္ဘာ့ကွမ်းသီး တင်သွင်းသည့်နိုင်ငံပေါင်း ၆၃ နိုင်ငံရှိပြီး ပေါက်ဈေးများကို နှိုင်းယှဉ်လေ့လာရာတွင် အမေရိကန်က ဝယ်ယူသည့်ဈေးမှာ အမြင့်ဆုံးဖြစ်ပြီး မော်လ်ဒိုက်စ်က ဒုတိယ၊ အိန္ဒိယက တတိယ၊ သီရိလင်္ကာက စတုတ္ထနှင့်နီပေါက ပဉ္စမတို့ဖြစ်ကြသည်။

## အာရှဈေးကွက်

ကွမ်းသီးကို အာရှနိုင်ငံများအနက် အများဆုံးဝယ်ယူလျက်ရှိသောနိုင်ငံများမှာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ယူအေအီး၊ မော်လ်ဒိုက်၊ နီပေါ၊ မလေးရှား၊ မြန်မာတို့ဖြစ်ကြသည်။ အိန္ဒိယသည် ၂၀၁၈ ခုနှစ်တွင် အရေအတွက် ၁၆၆၄၈ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ပြီး ဘင်္ဂလားဒေ့ရှ်က ၁၀၂၈၆ တန်ဖြင့် ဒုတိယအများဆုံး၊ ဗီယက်နမ်က ၁၃၀၃၀ တန်ဖြင့် တတိယအများဆုံး ဝယ်ယူလျက်ရှိကြောင်း တွေ့ရသည်။

## ဥရောပဈေးကွက်

၂၀၁၈ ခုနှစ်တွင် ကွမ်းသီးအများဆုံးတင်သွင်းခဲ့သော အီးယူထိပ်တန်း ငါးနိုင်ငံမှာ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီနှင့် နယ်သာလန်တို့ဖြစ်ကြသည်။ တင်သွင်းမှုပမာဏ ၂၁၂၈၆၆ တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁ ဒသမ ၃၁၇ သန်းရှိသည်။ ကမ္ဘာ့ဈေးကွက်၏ သုည ဒသမ ၄ ရာခိုင်နှုန်း ဈေးကွက်ဝေစုရယူထား ပါသည်။

## မြန်မာ့ကွမ်းသီးဈေးကွက်

၂၀၁၈ ခုနှစ်တွင် မြန်မာ့ကွမ်းသီးအား အများဆုံးတင်ပို့ရောင်းချခဲ့သည့် နိုင်ငံများမှာ ITC Trade Map အရ အင်္ဂလန်၊ အမေရိကန်၊ စင်ကာပူနှင့် ဩစတြေးလျတို့ဖြစ်ကြသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာ့ကွမ်းသီးကို အများဆုံးဝယ်ယူသောနိုင်ငံမှာ အင်္ဂလန်ဖြစ်ပြီး ဈေးကွက်ဝေစု ၆၇ ဒသမ ၅ ရာခိုင်နှုန်းရရှိနေသည်။ ဩစတြေးလျသို့ တင်ပို့မှုတွင် အဆင့် (၂)၊ အင်္ဂလန်သို့ တင်ပို့မှုတွင် အဆင့် (၃)၊ အမေရိကန်သို့ တင်ပို့မှုတွင် အဆင့် (၅)နှင့် စင်ကာပူသို့တင်ပို့မှုတွင် အဆင့် (၇)နေရာများတွင် စာရင်းဝင်လျက်ရှိသည်။

## ကွမ်းသီးတင်ပို့သော ကမ္ဘာ့ထိပ်တန်းနိုင်ငံများ

၂၀၁၈ ခုနှစ်တွင် ကွမ်းသီး (HS.Code- 080280) တင်ပို့သော ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အင်ဒိုနီးရှား၊ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ စင်ကာပူ၊ အိန္ဒိယ၊ ယူအေအီး၊ မလေးရှား၊နယ်သာလန်နှင့် ဗီယက်နမ်တို့ ဖြစ်ကြသည်။ အင်ဒိုနီးရှားက ကန်ဒေါ်လာ ၃၁၁ ဒသမ ၄၄၂ သန်းဖိုးရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၅၄ ဒသမ ၁၇ ရာခိုင်နှုန်းဖြင့် ဦးဆောင်နေသည်။

ဒုတိယ နေရာရှိမြန်မာက ကန်ဒေါ်လာ ၁၁၉ ဒသမ ၆၇၂ သန်းဖိုး ရောင်းချနိုင်ပြီး ဈေးကွက်ဝေစု ၂၀ ဒသမ ၈ ရာခိုင်နှုန်း၊ တတိယနေရာရှိ ထိုင်းက ကန်ဒေါ်လာ ၆၈ ဒသမ ၀၇၈ သန်းဖိုးနှင့် ဈေးကွက်ဝေစု ၁၁ ဒသမ ၈ ရာခိုင်နှုန်းရရှိထားသည်။

## တင်ပို့ဈေးနှုန်း

ဈေးနှုန်းအနေဖြင့် နယ်သာလန်က ပထမ၊ အိန္ဒိယက ဒုတိယ၊ သီရိလင်္ကာက တတိယ၊ မြန်မာကစတုတ္ထနှင့်ဗီယက်နမ်က ပဉ္စမတို့ဖြစ်ကြသည်။ ကမ္ဘာ့ကွမ်းသီး တင်ပို့သောနိုင်ငံ ၃၀ ရှိပြီး မြန်မာနိုင်ငံက အဆင့် (၂)နေရာတွင် ရှိသည်။

## အကောက်ခွန်နှုန်း

အခွန်စည်းကြပ်မှုကိုလေ့လာရာတွင် အင်္ဂလန်၊ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ နယ်သာလန်၊ ဩစတြေးလျနှင့် စင်ကာပူတို့က MFN duties သုည ရာခိုင်နှုန်း၊ အမေရိကန်က MFN duties 1 ကီလိုဂရမ်ကို ၁ ဒသမ ၃ ဆင့်နှုန်း၊ GSP Countries အတွက် သုညရာခိုင်နှုန်း၊ အိန္ဒိယက MFN duties ၁ ရာခိုင်နှုန်း၊ LDC Countries အတွက် သုည ဒသမ ၄ ရာခိုင်နှုန်း၊ ဗီယက်နမ်က MFN duties သုည ဒသမ ၃ ရာခိုင်နှုန်း၊ASEAN နှင့် AANZFTA Countries တို့အတွက် သုည ရာခိုင်နှုန်းသတ်မှတ်ထားကြောင်း လေ့လာတွေ့ရှိရသည်။

## ဈေးကွက်အလားအလာ

စင်ကာပူနှင့် အမေရိကန်တို့သည် ကမ္ဘာ့ဝယ်လိုအား အဆင့် ၁၀ စာရင်းဝင်နိုင်ငံများဖြစ်၍လည်းကောင်း၊ အင်္ဂလန်သည် ကမ္ဘာ့ဝယ်လိုအား အဆင့်၁၀ စာရင်းမဝင်သော်လည်း မြန်မာမှ အင်္ဂလန်သို့ တင်ပို့မှုတွင် အဆင့် ၃ နေရာတွင်ရှိခြင်းကြောင့်လည်းကောင်း၊ အခွန်နှုန်းထားများ နည်းပါးခြင်းကြောင့်လည်းကောင်း လက်ရှိဈေးကွက် စင်ကာပူ၊ အင်္ဂလန်၊ အမေရိကန်ဈေးကွက်များသို့ ဈေးကွက်တိုးချဲ့သင့်သည်။

အိန္ဒိယနှင့် ဗီယက်နမ်တို့သည်လည်း ကမ္ဘာ့ဝယ်လိုအား အဆင့် ၁၀ နှင့် အာရှထိပ်တန်း ၁၀ နိုင်ငံစာရင်းဝင်များဖြစ်နေပြီး အခွန်နှုန်းထားများ မရှိသလောက် နည်းပါးခြင်းတို့ကြောင့် ဈေးကွက်ထိုးဖောက်သင့်သောနိုင်ငံများဖြစ်သည်။

**DMT - MYANTRADE (TIR)**

## မြန်မာ့ဆိပ်ကမ်းတွင် ၈.၈.၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - MT AU VIRGO | P.Oil (In Bulk) ၄၃၀၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - KOTA HADIAH | TEU985တင်TEU717ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - PACITA | TEU840တင်TEU450ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - ISEACO GENESIS | TEU748တင်TEU505ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - ALEA | ဆန်တန်ချိန် ၂၂၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်း(၂) | - BL PL BLESSING | TEU 385 တင်ဆဲ |
| အလုံဆိပ်ကမ်း(၃) | - LIMCO MARU | Concrete Iron Rod& Machinery ၃၀၉၂ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - PHC BONANZA | ဆန် ၆၈၀၀ တင်ဆဲ |
| ဗိုလ်အောင်ကျော်ဆိပ်ကမ်း(၃) | - TORRES STRAIT | TEU 706တင် TEU 707 ချဆဲ |
| သီလဝါဆိပ်ကမ်း(၁) | - BOX ENDEAVOUR | TEU 707တင် TEU 585 m ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - MAERSK WESTPORT | TEU 330 တင် TEU 427 ချဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - KAI XUAN-9 | Steel Product ၂၁၃၄၆ တင်ဆဲ |
| WILMAR JETTY | - MT CP-38 | P.Oil (In Bulk) ၆၂၉၉ ချဆဲ |
| TMIT (၁) | - HONG DE | Steel Product ၈၄၆၆ ချဆဲ |
| TMIT (၂) | - PVT HN | Urea (In Bags) ၁၉၉၀၅ ချဆဲ |
| REGENCY SPC JETTY | - MT YU HAI | Diesel OIL & Mogas (92Ron) ၁၈၅၆၉ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MOON LIGHT | Concrete X Block, ၁၉၂၀ တင်ရန် | BINGALARDESH | ၉.၈.၂၀၁၉ |
| HOSEI CROWN | PKGS Construction Project ၉၅တင်ရန် | COLUMBO | ၉.၈.၂၀၁၉ |
| ISTORYA | Steel Rails & Steel Coils, ၅၉၇၄ ချရန် | JAPAN | ၉.၈.၂၀၁၉ |
| ZHE HAI-2 | G/C ၂၂၇၀ ချရန် | CHINA | ၉.၈.၂၀၁၉ |
| COSMIC TIGER | Unit Vehicle & Steel Rails ၈၃၅ ချရန် | JAPAN | ၉.၈.၂၀၁၉ |
| ENDEAVOUR STARIT | Steel & Fertilizer ၂၇၆၃၉ ချရန် | MALAYSIA | ၉.၈.၂၀၁၉ |
| LADY LILLY | Wheat ( In Bulk) ၂၀၀၀၀ ချရန် | AUSTRALIA | ၁၂.၈.၂၀၁၉ |
| CSC REN HAI | Equipment ၃၆၀၀ ချရန် | CHINA | ၁၄.၈.၂၀၁၉ |
| GREEN WICH | Coal ( In Bulk ) ၃၀၀၀၀ ချရန် | AFRICA | ၂၆.၈.၂၀၁၉ |
| TAI YUAN | Coal ( In Bulk ) ၃၁၀၀၀ ချရန် | SOUTH AFRICA | ၂၈.၈.၂၀၁၉ |


### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KUO TAI | SINGAPORE | စက်မှုဆိပ်ကမ်း | ၉.၈.၂၀၁၉ |
| ALS SAT SUKI | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၁၀.၈.၂၀၁၉ |
| MCC SEOUL | SINGAPORE | သီလဝါ/ဗိုလ်အောင်ကျော်ဆိပ်ကမ်း | ၁၀.၈.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၈.၂၀၁၉ |
| LI LY QUEEN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၀.၈.၂၀၁၉ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၁.၈.၂၀၁၉ |
| YANTRA BHUM | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၁၂.၈.၂၀၁၉ |
| SINAR BANDUNG | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၁၀.၈.၂၀၁၉ |
| MAERSK ABERDEEN | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၁၃.၈.၂၀၁၉ |
| FILOTOMO | SINGAPORE | သီလဝါ /စက်မှုဆိပ်ကမ်း | ၁၄.၈.၂၀၁၉ |
| SINAR SOLO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၄.၈.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN MARLIN | MOGAS (92Ron) | ELITE JETTY | ၉.၈.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၁၀.၈.၂၀၁၉ |
| MT.YU HAI | MOGAS (92Ron) | SINGAPORE | ၁၀.၈.၂၀၁၉ |
| MT.VIET STAR | P.Oil(In Bulk) | INDONESIA | ၁၀.၈.၂၀၁၉ |
| MT.YU DONG | Diesel+Mogas (92 Ron) | SINGAPORE | ၁၀.၈.၂၀၁၉ |
| MT.FLY GURNARD | Diesel+Mogas (92 Ron) | SINGAPORE | ၁၁.၈.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၁၁.၈.၂၀၁၉ |
| MT.AU GEMENI | P.Oil(In Bulk) | INDONESIA | ၁၃.၈.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | INDONESIA | ၂၂.၈.၂၀၁၉ |

# မော်လမြိုင်မြို့ပေါ်ရှိ အုန်းသီးစိမ်း ဈေးကွက်



အုန်းပင်သည် မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများတွင် စိုက်ပျိုးပေါက်ရောက်မှုများပြားသော အပင်ဖြစ်ပြီး အောက်ပြည်အောက်ရွာနှင့် မြေလတ်ဒေသ၊ အညာဒေသများတွင်လည်း တွေ့ရှိနိုင်သည်။ အုန်းပင်မှထွက်ရှိသော အုန်းမှုတ်ခွက်၊ အုန်းခွံ၊ အုန်းလက်နှင့်အုန်းပင် ပင်စည်စသည်ဖြင့် တစ်ပင်လုံးအသုံးဝင်သော သီးနှံတစ်မျိုးဖြစ်သည်။

ဈေးကွက်ဆိုသည်မှာ ရောင်းလိုအားနှင့် ဝယ်လိုအားပေါ်မူတည် ဖြစ်ပေါ်လာသည့်အတွက် ယခင်က မော်လမြိုင်မြို့ပေါ်တွင် အုန်းသီးခြောက်ကိုသာ ရောင်းဝယ်ဖောက်ကားကြရာမှ ယခုအခါ အုန်းသီးစိမ်းဈေးကွက်တစ်ခုဖြစ်ပေါ်လာသည်ကို တွေ့ရှိရသည်။ အုန်းသီးခြောက်တစ်လုံးဈေးနှုန်းမှာ ယခင်နှစ်တွင် ကျပ် ၄၀၀ မှ ၅၀၀ သာရှိပြီး ယခုလက်ရှိ ဈေးနှုန်းမှာ အလုံးသေးကျပ် ၆၀၀ မှ ၇၀၀၊ အလုံးကြီးကျပ် ၁၀၀၀ ခန့်ဖြစ်ပြီး အုန်းသီးစိမ်းဈေးကွက်မှာ တစ်လုံး ကျပ် ၁၀၀၀ ဖြစ်ကြောင်း တွေ့ရှိရသည်။

မော်လမြိုင်မြို့ပေါ် လူစည်ကားရာနေရာများတွင် Hijet ယာဉ်၊ သုံးဘီးယာဉ်နှင့် ဆိုင်ကယ်ဘေးတွဲများဖြင့် လာရောက် ရောင်းချကြောင်း၊ အုန်းစိမ်းကို မြို့ပေါ်နှင့်အနီးပတ်ဝန်းကျင်ရွာများမှ ကိုယ်တိုင်သွားရောက်ခူးယူပြီး ရောင်းချကြောင်း သတင်းရရှိသည်။

ဝင်းမြတ်

## ကြက်သွန်

# ပြည်ကြက်သွန်နီဈေးနှုန်းများ ပြန်လည်မြင့်တက်

ယခုတစ်ပတ်ပြည်ကြက်သွန်နီဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ ပြန်လည်မြင့်တက်လျက်ရှိကြောင်း သိရသည်။ ပြည်ဈေးကွက်ထဲသို့အရည်အသွေးကောင်းပြီး သိုလှောင်အထားခံသည့်ဆိပ်ဖြူ ပခုက္ကူကြက်သွန်နီများသာ ဝင်ရောက်မှုရှိသည့်အတွက်ဈေးနှုန်းများမြင့်တက်ရခြင်းဖြစ်ကြောင်းသိရသည်။

ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့်သာ အဝင်ရှိ၍ ပြည်ပွဲရုံလုပ်ငန်းရှင်များမှဈေးနှုန်းမြင့်သည့်အတွက် အရောင်းအဝယ်ဖြစ်မည့် ပမာဏလောက်ကိုသာမှာယူတင်သွင်းပြီး ရောင်းဝယ်မှုရှိနေကြောင်းလည်း သိရသည်။ ဈေးနှုန်းအနေဖြင့် ပြည်ပွဲရုံများတွင် (ကြီး/လတ်/သေး) တစ်ပိဿာကို ကျပ် ၁၀၀၀-၉၅၀၊ ၉၀၀၊ ၈၅၀-၇၀၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာ ကျပ် ၁၂၀၀၊ ၁၁၀၀-၁၀၀၀၊ ၉၀၀ စသည့်နှုန်းများဖြင့် အသီးသီးရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ **ဝင်းလဲ့ဝါ(ပြည်)**

# ပခုက္ကူနှင့်ဆိပ်ဖြူကုန်စည်ဒိုင်တို့၌ ကြက်သွန်နီ ဈေးနှုန်းနှင့်ဈေးကွက်

ယခုတစ်ပတ်တွင် ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ ပေါက်၊ ရေပြာ၊ ကံမ၊ ယောနယ်ဒေသများမှ ကြက်သွန်နီ ဝင်ရောက်အရောင်းအဝယ်ဖြစ်နေသည်။

ယခင်ရက်များက လှိုင်လှိုင် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုရက်များတွင် ကြက်သွန်နီ အရောင်းအဝယ်ဖြစ်မှု အခြေအနေ နည်းပါးနေခဲ့သော်လည်း ကြက်သွန်နီဈေးနှုန်းမှာ ထူးခြားအတက်/အကျမရှိအရောင်းအဝယ်ဖြစ်နေသည်။ ယခုတစ်ပတ်၏ ကြက်သွန်နီ လက်ကားဈေးမှာ ထိပ်စ တစ်ပိဿာလျှင်ကျပ် ၇၀၀၊ အလတ်စတစ်ပိဿာလျှင်ကျပ် ၆၀၀၊ အနိမ့်တစ်ပိဿာလျှင် ကျပ် ၄၅၀ ဖြင့် ကုန်ချိန် ၃၀၀၀၀ မှ ၄၀၀၀၀ ကြားနေ့စဉ် အရောင်းအဝယ်ဖြစ်နေသည်။ လက်လီဈေးမှာ ထိပ်စတစ်ပိဿာလျှင် ကျပ် ၁၀၀၀ ၊အလတ်စ တစ်ပိဿာလျှင်ကျပ် ၉၀၀ ၊ အနိမ့်တစ်ပိဿာလျှင် ကျပ် ၆၀၀-၇၀၀-၈၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေသည်။ ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီလက်ကားဈေးမှာထိပ်စ တစ်ပိဿာလျှင် ကျပ် ၇၅၀၊ အလတ်စတစ်ပိဿာလျှင် ကျပ် ၆၁၀၊ အနိမ့်တစ်ပိဿာလျှင်ကျပ် ၅၀၀ ဈေးဖြင့် ကုန်ချိန် ၂၅၀၀၀ခန့် အရောင်းအဝယ်ဖြစ်နေသည်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## နှမ်း

# ပြည်ဈေးကွက်တွင် နှမ်းဈေးပြန်ငြိမ်လာ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် နှမ်းဈေးမှာ ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေသည်။ မြန်အောင်၊ မိုးညိုနှင့် နတ်တလင်းဘက်မှ စမုံနက်နှမ်းများပေါ်နေသော်လည်း ပြည်မြို့တွင်းသို့ အနည်းငယ်သာ ဝင်ရောက်မှုရှိပြီး အောင်လံဘက်သို့ တစ်နေ့လျှင်အိတ် ၁၀၀-၂၀၀ ခန့် စီးဆင်းခဲ့သည်ကို တွေ့ရသည်။ မြို့တွင်း ဝင်ရောက်လာသည့် စမုံနက်နှမ်းအနည်းငယ်နှင့် ယခင်လှောင်နှမ်းလက်ကျန်အနည်းငယ်ဖြင့်သာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဆီစက်သမားများကလည်း နှမ်းနီမရှိသည့်အတွက်နှမ်းနက်ဖြင့်သာ ဆီကြိတ်ရသဖြင့်နှမ်းဆီဈေးမှာလည်း မြင့်တက်လာသည်။

ယခုတစ်ပတ် နှမ်းဈေးများမှာ ယခင်တစ်ပတ်အတိုင်း နှမ်းနီတစ်တင်းလျှင် ကျပ် ၅၁၆၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၆၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ်၈၆၀၀၀ဖြင့် အရောင်းအဝယ်အနည်းငယ်သာဖြစ်သည်ကိုတွေ့ရသည်။ နှမ်းဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၈၀၀၀-၈၂၀၀အထိ ဈေးမြင့်လာတာတွေ့ရသည်။ **ဝေဝေမင်း(ပြည်)**

## ချင်း

# ရှမ်းချင်းအဝင်နည်းနေ



ရှမ်းပြည်နယ်တောင်ပိုင်းဈေးကွက်၌ ချင်းအဝင်နည်းနေသည်။ ချင်း(ဥမ)များ ပေါသည့်ရာသီဖြစ်ပြီး မနှစ်က ဒီအချိန်ဆိုလျှင် ချင်း(ဥမ) က လှိုင်လှိုင်ဝင်နေပြီဖြစ်သည်။ ယခုနှစ် မိုးခေါင်၍ ချင်း(ဥမ)များဖော်၍မရနိုင်ဘဲ မြေကြီးထဲ၌ ပုပ်သွားခြင်းကြောင့် ဈေးကွက်၌ အဝင်နည်းသွားကြောင်း သိရသည်။ အရောင်းအဝယ်က ဇူလိုင်လကုန်သည်အထိ ကောင်းနေပြီး ဩဂုတ်လဆန်းပိုင်းတွင် ဝယ်ယူနေသည့်နိုင်ငံများက ဘာသာရေးပွဲတော်နီးလာ၍ အဝယ်လည်းခဏနားသွားကြောင်း သိရသည်။

ပြည်တွင်းဝယ်လက်များက (ဥမ)ကိုပိုပြီးကြိုက်ကြသည်။ ချင်း(တက်)တွေထက်လည်း ဈေးသက်သာသကဲ့သို့ ဓားလှီးချင်းလုပ်လျှင်လည်း ပိုပြီးလှီးကောင်းသောကြောင့် ဝယ်လက်များက ပိုပြီးအကြိုက်တွေ့ကြောင်းလည်းသိရသည်။ ယခုတစ်ပတ် ချင်းတစ်ပိဿာ ပေါက်ဈေးသည် အောင်ပန်းဈေးကွက်၌ ချင်း(ဥမ) က ကျပ် ၁၇၀၀ နှင့်ချင်း(တက်)က ကျပ် ၂၀၀၀ ဈေးရှိပြီး ဟိုပုံးဈေးကွက်၌ ချင်း(ဥမ) က တစ်ပိဿာကျပ် ၂၀၀၀ မှ ၂၁၀၀ ဈေးရှိသည်။ **ဧခိုင်(တောင်ကြီး)**

# ချင်းတန်ချိန် ၆၀၀ကျော် တင်ပို့နိုင်

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက် သီတင်းပတ်အတွင်း ချင်း ၆၀၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၅၆၁ တန်၊ ဂျာမနီနိုင်ငံသို့ ၁၅ တန်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသို့ ၂၈ တန်နှင့်ယီမင်နိုင်ငံသို့ လေးတန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး အာရပ်နိုင်ငံသို့ ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့ကာ ယီမင်နိုင်ငံသို့ အနည်းဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ချင်း၃၆၈ တန် တင်ပို့နိုင်ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၂၄၀ ပိုမိုတင်ပို့ခဲ့ကြောင်း သိရသည်။ ချင်းတစ်တန် ပျမ်းမျှ အမေရိကန် ဒေါ်လာ ၃၁၀-၃၂၀ ဝန်းကျင်ရရှိခဲ့သည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၂၆၇၀ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။ **သီတာဝင်း**(DOT)

## မန်ကျည်း

# မန်ကျည်းတန်ချိန် ၂၀၀ကျော် တင်ပို့

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၂၂၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံသို့တန်ချိန် ၁၀၀နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၁၂၅ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၁၀၀ သာတင်ပို့နိုင်ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၁၂၅ တန်ပိုမို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ မန်ကျည်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၁၁၀ ဝန်းကျင်ရရှိခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ် မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၃၇၅၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။ **သီတာဝင်း**(DOT)

## နနွင်း

# နနွင်းတန်ချိန် ၁၅၀ တင်ပို့

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်သီတင်းပတ်အတွင်း နနွင်း တန်ချိန် ၁၅၀ ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ပါကစ္စတန်နိုင်ငံသို့ တန်ချိန် ၅၀၊ စပိန်နိုင်ငံသို့ ၁၆ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၅၆ တန်နှင့် ယီမင်နိုင်ငံသို့ ၂၈ တန်တင်ပို့ခဲ့ကြောင်းသိရသည်။

ယခု တစ်ပတ်ဗီယက်နမ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့ပြီး ပါကစ္စတန်နိုင်ငံသို့ ဒုတိယအများဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ နနွင်းတစ်တန်ပျမ်းမျှအမေရိကန်ဒေါ်လာ ၂၈၅ ဝန်းကျင်ရရှိခဲ့သည်။ ယခင်သီတင်းပတ်က နနွင်း၅၆ ဒသမ ၈တန်သာ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် ၉၃ ဒသမ ၂ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄၂၅၄၀ ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။ **သီတာဝင်း(DOT)**

# ယခုတစ်ပတ် ပုံမှန်အရောင်းအဝယ်ဖြစ်နေသည့် ရှမ်းနနွင်း

ဒီတစ်ပတ်လည်း ရှမ်းနနွင်းက အရောင်းအဝယ်ဖြစ်နေသည်။ ရန်ကုန်ဝယ်လက်များက ပင်လယ်ရေကြောင်းကတင်ပို့ရန်အတွက် ဝယ်ယူစုဆောင်းနေကြောင်း သိရသည်။ ရှမ်းနနွင်းက ပုံမှန်အရောင်းအဝယ်ဖြစ်နေသကဲ့သို့ အဝင်ကလည်း နည်းနေသည်။ လက်ကျန်ကလည်း သိပ်မကျန်တော့ကြောင်း သိရသည်။ ရှမ်းပြည်နယ် တောင်ပိုင်းတစ်ခုလုံး၌ လက်ကျန်ငါးသောင်းခန့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ယခုတစ်ပတ် နနွင်းဈေးကွက်၌ တစ်ပိဿာပေါက်ဈေးသည် အကြမ်းဆိုလျှင် ကျပ် ၁၀၀၀၊ အချောကျပ် ၁၅၅၀ ပေါက်ဈေးရှိသည်။ အောင်ပန်းဈေးကွက်၌ တောင်ပို့လစကျပ် ၁၀၀၀၊ ဆင်တောင်နနွင်းကျပ် ၁၈၀၀ ဈေးရှိသည်။ အောင်ပန်းဈေးကွက်၌ နနွင်းကို ပြည်တွင်းဝယ်လက်များဖြစ်သည့် ရန်ကုန်၊ ပြည်၊ မုံရွာ၊ စစ်တွေ စသည့် မြို့များကဝယ်ယူနေခြင်းကြောင့် တစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ၁ ဒသမ ၆ သိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ **ဧခိုင်(တောင်ကြီး)**

# ကရင်ဒေသထွက် နနွင်း အရည်သွေးအပေါ် မူတည်ပြီး အရောင်းအဝယ်ဖြစ်

ကရင်ပြည်နယ် မြဝတီ၊ သံတောင်နှင့်ကြာအင်းဆိပ်ကြီးမှထွက်ရှိသော နနွင်းများကို နိပွန်ဖောင်ဒေးရှင်းမှ အရည်အသွေးအပေါ်မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ဒေသထွက်နနွင်းများကို နိပွန်ဖောင်ဒေးရှင်းမှ တစ်ပိဿာ ကျပ် ၈၂၀ ဝန်းကျင်ဖြင့် ပိဿာချိန်တန် ၈၀ ခန့်ဝယ်ယူခဲ့ပြီး သဘာဝနေလှမ်းပြီးအခြောက်ခံသလို အခြောက်ခံစက်များဖြင့်လည်း အခြောက်ခံကာ ဂျပန်ဈေးကွက်သို့တင်ပို့နေကြောင်းနှင့် ဒေသထွက် နနွင်းက အရည်အသွေးကောင်းမွန်၍ ဈေးကွက်အကြိုက်ဖြစ်နေကြောင်းသိရသည်။

ဒေသခံတောင်သူလုပ်ငန်းရှင်များအနေဖြင့် နနွင်းကိုရောင်းဝယ်ရာတွင် ဓာတုဗေဒအကြွင်းအကျန်များ ကင်းစင်ရန်၊ ပိုးမွှားကပ်တွယ်မှုများကင်းစင်ရန် နနွင်းအတက်များတွင်ထိခိုက်ဒဏ်ရာများမရှိရန်နှင့်မှိုများကင်းစင်ရန် လိုအပ်ကြောင်း ထိုအချက်အလက်များပြည့်စုံမှသာ ဝယ်လက်များက ဝယ်ယူကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ယခုနှစ်ထွက်ရှိမည့်ဒေသထွက်နနွင်းများကို ဂျပန်က အရည်အသွေးပေါ်မူတည်ပြီး ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်မောင်အုန်း(ဖွဲ့ကပင်)**



# အားနည်းချက်များပြင်ဆင်ရန် လိုအပ်နေသည့် မြန်မာ့ဆန်စက်များ

[မောင်မောင်(CTQM)]

မြန်မာ့ဆန်များ ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ဆန်စက်များ၏ ထုတ်လုပ်မှုကျင့်စဉ်များ၊ သန့်ရှင်းရေးကောင်းများ၊ဆန်စက်များ၏ အရည်အသွေးအဆင့်အတန်းများ စသည်တို့ကို အလေးထားဆောင်ရွက်သင့်ပေသည်။ ၂၀၁၉ ခုနှစ် မေလခန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် တစ်သိန်းတင်ပို့နိုင်ရန်အတွက် သက်ဆိုင်ရာနယ်ပယ်မှ တာဝန်ရှိသူများက ဆန်စက်အရည်အချင်းစစ်ဆေးကြရာတွင် အားနည်းချက်များစွာတွေ့ရှိခဲ့ရသည်။ အဆိုပါ ဆန်တန်ချိန်တစ်သိန်းတင်ပို့ရန်အတွက် လျှောက်ထားသည့် ဆန်စက်စုစုပေါင်း ၁၀၃ စက်ရှိပြီး ထိုဆန်စက်များကို တရုတ်နိုင်ငံနှင့် ရေးထိုးခဲ့သော Quarantine Protocolအရ လိုအပ်သောအချက်အလက်များသတ်မှတ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာ့ကုန်ပစ္စည်းစမ်းသပ်မှုလီမိတက်တို့မှ တာဝန်ယူ၍ စစ်ဆေးခဲ့သည်။

အရည်အချင်း ကိုက်ညီမှု ရှိ၊ မရှိစစ်ဆေးရမည့် အချက်များတွင် အဓိကအားဖြင့် အပိုင်းသုံးပိုင်းပါရှိပြီး ကုန်ကြမ်း၊ ကုန်ချောသိုလှောင်ရုံထားရှိမှုအပိုင်းနှင့်လုပ်သားများ၏ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာသန့်ရှင်းရေးအပိုင်းတို့ကို MITSမှ အဓိကတာဝန်ယူစစ်ဆေးပေးသည်။ ဆန်စက်များ၏ ကြိတ်ခွဲရေးဆိုင်ရာအဆင့်အတန်း လိုအပ်ချက်များနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန (ယခင်မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး)မှ အတွေ့အကြုံရှိပညာရှင်များက ကူညီဆောင်ရွက်၍စစ်ဆေးပေးပါသည်။ အဆိုပါစစ်ဆေးရေးကဏ္ဍရှိ အပိုင်းသုံးပိုင်းတွင် စုစုပေါင်း အချက် ၂၄ ချက်ပါဝင်ပါသည်။ ထိုအချက်များနှင့်ပတ်သက်၍ လက်ရှိမြန်မာနိုင်ငံရှိဆန်စက်များ၏ အားသာချက်၊ အားနည်းချက်များ၊ ပြင်ဆင်ရန် လိုအပ်ချက်များကို သုံးသပ်တင်ပြလိုပါသည်။

## အရေးကြီးသော (High Risks) အချက်များ

စစ်ဆေးရေးမှူးများ၏ စစ်ဆေးတွေ့ရှိချက်များကို မှတ်တမ်းပြုစု၍ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ တရုတ်နိုင်ငံသို့ ဆန်တင်ပို့နိုင်ရေးအတွက် ကုမ္ပဏီများရွေးချယ်ဆောင်ရွက်ရေး (Technical Working Group-TWG) ထံ ပြန်လည်တင်ပြပါသည်။ ၎င်းတင်ပြချက်များအပေါ် ဆွေးနွေးရန်အတွက် TWG အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇွန် ၁၄ ရက်နှင့် ၁၆ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ စစ်ဆေးသည့်အချက် စုစုပေါင်း ၂၄ ချက်တွင် အချက်အားလုံးကိုက်ညီသည့် ဆန်စက်ဟူ၍မတွေ့ရှိခဲ့ရပါ။ ထို့ကြောင့် TWG အဖွဲ့မှ အရေးကြီးသော အန္တရာယ်ရှိ High Risks အချက်များကို ဦးစွာဦးစားပေးသတ်မှတ်၍ အဆိုပါအချက်များတွင် အရည်အချင်းမကိုက်ညီသော ဆန်စက်များကို အကျစာရင်းအဖြစ် သတ်မှတ်ခဲ့သည်။ TWG အဖွဲ့မှ High Risks အဖြစ်သတ်မှတ်သော အချက်များနှင့် စစ်ဆေးတွေ့ရှိချက်များကို ဖော်ပြလိုပါသည်-

## ကုန်ကြမ်းသိုလှောင်ရုံထားရှိမှု

ကုန်ကြမ်းသိုလှောင်ရုံနှင့် ကုန်ချောသိုလှောင်ရုံကို သီးခြားစီထားရှိရမည်ဖြစ်သည်။ ကုန်ကြမ်းသိုလှောင်ရုံများ/ စပါးသိုလှောင်ရုံများသည် များသောအားဖြင့် ဖုန်၊ သဲ၊ ခဲ ပါဝင်မှုနှင့် ရိတ်သိမ်းခြွေလှေ့ရာမှ ပိုးမွှားအချို့ပါဝင်လာတတ်သည်။ ဆန်စက်များကိုကွင်းဆင်းစစ်ဆေးရာတွင် ကုန်ကြမ်း သိုလှောင်ရုံနှင့်ပတ်သက်၍သတ်မှတ်အရည်အချင်း မပြည့်မီသောဆန်စက်စုစုပေါင်း ၁၂ စက် တွေ့ရှိရသည်။

ဆန်စက်အများစုသည် ကုန်ကြမ်းသိုလှောင်ရုံကို သန့်ရှင်းသပ်ရပ်စွာထားသည့် အလေ့အထမရှိကြောင်း တွေ့ရှိခဲ့ရသည်။ ထို့ပြင် အဓိကအရေးကြီးသောအချက်ဖြစ်သည့် အပူချိန်နှင့် စိုထိုင်းဆကိုထိန်းချုပ်နိုင်သည့် အနေအထားမျိုးမရှိသည်ကို တွေ့ရှိခဲ့ရသည်။ အပူချိန်နှင့် လေထုစိုထိုင်းဆသည် သိုလှောင်သီးနှံ၏ အစိုဓာတ်ပါဝင်မှုကို အပြောင်းအလဲဖြစ်ပေါ်စေသည့်အတွက် ကုန်ပစ္စည်းအရည်အသွေးပေါ်တွင် သက်ရောက်မှုရှိနေသည်။

## ကုန်ချော သိုလှောင်ထားရှိမှု

ကြိတ်ခွဲထုပ်ပိုးပြီး ဆန်များကိုလည်း သီးသန့်သိုလှောင်ရုံဖြင့်ထားရှိရမည်ဖြစ်သည်။ Ready Cargo ကုန်ချောများသည် ပိုးသတ်မှိုင်းတိုက်မှုပြုရသဖြင့်ဖုန်၊ သဲ၊ ခဲနှင့် အခြားမလိုလားအပ်သောပိုးမွှားများ ပြန်လည်ဝင်ရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်အတွက် ကုန်ချောကို သီးခြားထားရခြင်းဖြစ်ပါသည်။ အကယ်၍သိုလှောင်ရုံတစ်ရုံတည်းရှိပါက ကုန်ကြမ်း၊ ကုန်ချောကို ဧရိယာသတ်မှတ်၍ အခန်းကန့်ခွဲခြား သိုလှောင်သင့်ပါသည်။

စစ်ဆေးခဲ့သော ဆန်စက်များအနက် ဆန်စက် ၁၁ စက်မှာ ကုန်ချောသိုလှောင်ရာတွင် သီးသန့်သိုလှောင်ခြင်းမရှိကြောင်း တွေ့ရှိခဲ့ရသည်။ ဆန်စက်အများစုသည် ကုန်ကြမ်းနှင့် ကုန်ချောကို သိုလှောင်ရုံတစ်ခုထဲတွင် ထားလေ့ရှိပြီး အချို့သောစက်များတွင်ကုန်ချောများကို ကြိတ်ခွဲရေးပြုလုပ်သည့်စက်ရုံအတွင်း အချိန်ကြာမြင့်စွာထားလေ့ရှိသည်ကိုတွေ့ရှိရသည်။ ကုန်ချောသီးသန့်ထားရှိခြင်းသည် လုပ်ငန်းအတွင်း ကောင်းမွန်သော အလေ့အထတစ်ခုဖြစ်ပြီး သယ်ယူပို့ဆောင်ရေးအတွက် စီမံခန့်ခွဲရာတွင် လွယ်ကူလျင်မြန်စေသည်။ အထက်ပါအချက် နှစ်ချက်သည် တရုတ်နိုင်ငံနှင့် ချုပ်ဆိုသော စာချုပ်၏အပိုဒ် (၅) (Article5) တွင် အထူးတလည်ဖွင့်ဆိုထားသောကြောင့် အရေးကြီးသောအချက်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

## ထိန်းချုပ်ဖျက်ပိုးထောင်ချောက်များ

ထိန်းချုပ်ဖျက်ပိုးထောင်ချောက်များကို ၁၀၀ စတုရန်းမီတာလျှင် တစ်ခုနှုန်းဖြင့် ထားရှိရမည်ဖြစ်ကြောင်း နှစ်နိုင်ငံသဘောတူစာချုပ်၏ အပိုဒ်(၄) တွင်ဖော်ပြထားပါသည်။ သိုလှောင်ရုံနှင့်စက်ရုံအတွင်း အခြားတိရစ္ဆာန်များ မဝင်ရောက်နိုင်စေရန် ငှက်တားဆန်ကာများ၊ ကြွက်ထောင်ချောက်များကိုပါ ထားရှိရမည်။ ဆန်စက်သိုလှောင်ရုံများတွင် ကြွက်များ အလွယ်တကူ မဝင်ရောက်နိုင်စေရန် ဝင်ပေါက်များ၌ ထုပိတ်များ ထားရှိရမည်ဖြစ်သည်။ ဖျက်ပိုးများအနက် ကာဖရာကျိုင်းနှင့် ကျိုင်းနီဖျက်ပိုးများ ကင်းစင်ရေးသည် အလွန်အရေးကြီးသော အချက်ဖြစ်ပြီး တရုတ်နိုင်ငံဘက်မှလည်း မြန်မာနိုင်ငံနှင့်ချုပ်ဆိုသော Protocol တွင် အပိုဒ် (၄) (Article 4) ၌ အသေချာဖွင့်ဆိုထားသော အချက်ဖြစ်သည်။ ဤအချက်သည် ဆန်စက်များအနေဖြင့် မည်သည့်ဈေးကွက်အတွက်မဆို လိုက်နာကျင့်သုံးသင့်သည့် အလေ့အထတစ်ခုပင်ဖြစ်သည်။

စစ်ဆေးခဲ့သော ဆန်စက်များအနက် ဆန်စက် ၁၄ စက်မှာ ဖျက်ပိုးထိန်းချုပ်သည့် စနစ်မရှိကြောင်း စစ်ဆေးတွေ့ရှိရသည်။ အချို့စက်များတွင် မီးထောင်ချောက်များထားရှိသော်လည်း ငှက်တားဆန်ကာများ၊ ကြွက်ထောင်ချောက်များ ထားရှိမှုမရှိကြောင်းတွေ့ရှိရသည်။ အချို့သောစက်များသည် အခြား High Risks အဖြစ်သတ်မှတ်သော အချက်များတွင် အရည်အချင်းပြည့်မီလျက်ရှိသောကြောင့် ခေါ်ယူတွေ့ဆုံ၍ ဖျက်ပိုးထိန်းချုပ်မှုပြုလုပ်ရန် ခံဝန်ကတိရေးထိုး၍ခွင့်ပြုခဲ့သည်။ အဆိုပါကုမ္ပဏီများဘက်မှလည်း သတ်မှတ်အချိန်အတိုင်းအတာအတွင်း ပြန်လည်ပြင်ဆင်၍ ပြီးစီးမှုမှတ်တမ်းများကို ဓာတ်ပုံမှတ်တမ်းနှင့်တကွ ပြန်လည်ပေးပို့ခဲ့သည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့် ဆန်စက်များသည် ကောင်းမွန်သော အလေ့အထများဆောင်ရွက်နိုင်သည့် အရည်အချင်းရှိသော်လည်း ထိုသို့မဖြစ်မနေ ဆောင်ရွက်လာတတ်စေရန် တွန်းအားတစ်ခု လိုအပ်ကြောင်း မြင်သာစေပါသည်။

## ကုန်ကြမ်းအသုံးပြုနိုင်မှု

ဆန်စက်များကို ကြိတ်ခွဲနိုင်မှုနှုန်းနှင့်ပတ်သက်၍ တစ်ရက်လျှင် အနည်းဆုံးစပါးတန် ၅၀ ကြိတ်ခွဲနိုင်ခြင်း ရှိ၊ မရှိစစ်ဆေးသည်။ ပြည်ပသို့တင်ပို့သော ဆန်စက်တစ်စက်၏ ကြိတ်ခွဲထုတ်လုပ်နိုင်စွမ်းသည် အနည်းဆုံးတစ်နာရီလျှင် ဆန်တစ်တန်ကျကြိတ်ဖွပ်နိုင်ရမည်ဖြစ်သည်။

အဆိုပြုဆန်စက်များတွင် RC/RM စက်များ များပြားစွာပါဝင်သဖြင့် ဤအပိုင်းတွင်အရည်အချင်း မပြည့်မီသော စက်တစ်ခုသာစစ်ဆေးတွေ့ရှိရသည်။ ဆန်စက်များတည်ထောင်ရာတွင် ကုန်ကြမ်းလုံလောက်စွာရရှိနိုင်သည့် ဒေသများတွင် စက်တည်ထောင်ခြင်းကို အလေးထားရမည်။ အထူးသဖြင့် တစ်နေ့လျှင် တန်(၁၀၀နှင့်အထက်) ကြိတ်ခွဲနိုင်သောဆန်စက်များသည်ဒေသတွင်း တစ်နှစ်ပတ်လုံး ကုန်ကြမ်းလုံလောက်စွာ ရရှိနိုင်မှုကို ထည့်သွင်းစဉ်းစားရပါမည်။ အဆိုပါစက်ကြီးများကို လည်ပတ်မောင်းနှင်ရာတွင် ကုန်ကြမ်းပြတ်တောက်မှု (သို့) မလုံလောက်မှုဖြစ်ပေါ်က ဆန်၏အရည်အသွေးအပြင် စက်အရည်အသွေးကိုပါ ကျဆင်းစေပါသည်။ မြန်မာနိုင်ငံတွင် ဆန်စက်များ တည်ဆောက်ကြရာ၌ အဆိုပါအချက်ကို အလေးထား၍ ရေရှည်စီမံကိန်းချတွက်ချက်မှု အားနည်းနေသေးကြောင်း တွေ့ရှိရသည်။

## စက်ကြိတ်အဆင့်အတန်း

ပြည်ပတင်ပို့သော ဆန်များသည်ဆန်စက်၏ စက်ကြိတ်အဆင့်အတန်းအနေဖြင့် (well mill) အဆင့်ကြိတ်ခွဲနိုင်ရန် လိုအပ်ပါသည်။ ဆန်စက်၏ စက်ကြိတ်အဆင့်များတွင် သာမန်အဆင့်ကြိတ်ခွဲမှု (ordinary mill)၊ သင့်တင့်ကောင်းမွန်သောကြိတ်ခွဲမှု (reasonable well mill)၊ အဆင့်မီကြိတ်ခွဲမှု (well mill)၊ အဆင့်လွန်ကြိတ်ခွဲမှု (extra well mill) ဟူ၍ရှိသည်။ well mill အဆင့်တွင် ကြိတ်ခွဲမှုပြုနိုင်ရန်အတွက် ဆန်ဖြူဖွပ်စက်အနေဖြင့် ဆန်ဖြူကျောက် အနိမ့်ဆုံး နှစ်ဆင့်ထားရှိရန်လိုအပ်မည်ဖြစ်သည်။

စစ်ဆေးချက်များအရ well mill မကြိတ်ခွဲနိုင်သော ဆန်စက်လေးစက်ပါဝင်နေသည်။ အချို့စက်များတွင် ဆန်ဖြူကျောက်ရှိသော်လည်း အသုံးပြုမှုမရှိသော အချက်ကို ထူးခြားစွာတွေ့ရှိရသည်။

စာမျက်နှာ ၂၅ သို့

## ယခုတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက် သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၅၃၄၅၇၈၂ တန်ဖိုးရှိ ဓာတ်ဆီ ၂၈၃၇၁ ဒသမ ၇၆ တန်နှင့် အမေရိကန် ဒေါ်လာ ၂၈၂၄၄၅၇၉ တန်ဖိုးရှိ ဒီဇယ် ၄၉၁၅၂ ဒသမ ၆၆ တန်၊ စုစုပေါင်း၇၇၅၂၄ ဒသမ၄၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နှင့်(95)တို့ တင်သွင်းခဲ့ကြောင်း သိရသည်။

ယခင်သီတင်းပတ်က ဒီဇယ် ၃၆၉၇၇ ဒသမ ၈၉ တန် တင်သွင်း ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၂၁၇၄ ဒသမ ၇၇ တန် ပိုမိုတင်သွင်းနိုင်ခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့သော ဓာတ်ဆီ ၅၉၇၈၁ ဒသမ ၇၂ တန်နှင့် နှိုင်းယှဉ်လျှင် ၃၁၄၀၉ ဒသမ ၉၆ တန် တင်သွင်းမှု လျော့နည်းခဲ့ ကြောင်း သိရသည်။ ထို့ကြောင့်ယခုတစ်ပတ် ဒီဇယ်အဝင်ပိုပြီး ဓာတ်ဆီအဝင်လျော့ ခဲ့ကြောင်းသိရသည်။

နယ်စပ်စခန်းဖြစ်သည့် တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၆၈၁၈ တန်ဖိုးရှိဓာတ်ဆီ ၂၀၃ ဒသမ ၉၆ တန်နှင့် အမေရိကန်ဒေါ်လာ ၁၀၄၆၆၉ တန်ဖိုးရှိ ဒီဇယ် ၁၇၈ ဒသမ ၇၂ တန် တင်သွင်းခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

## ဘားအံမြို့နယ်၌ အသေးစားငါးမွေးမြူရေး လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးဆွေးနွေး

အသေးစားငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် မိသားစုဝင်ငွေများရရှိပြီး အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအတွက် Lift ၏ပံ့ပိုးမှုဖြင့် Wordfish,DOF , NGO ( NAG , FRET , PACT ) တို့ပူးပေါင်းဆောင်ရွက်လျက်ရှိသောMy Culture Project ၏ လုပ်ငန်းရပ်များကို ဇူလိုင်လနောက်ဆုံးပတ်တွင် ကရင်ပြည်နယ် ဘားအံမြို့ ခွဲကဘောင်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ရာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်နေပြည်တော်တို့ရှိမြို့နယ်မှ Project ဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦးက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍My Culture Project မှ တာဝန်ရှိသူတစ်ဦးက Project အကြောင်းရှင်းလင်းပြောကြားခဲ့ရာ အဆိုပါ My Culture Project သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်၍ ကရင်ပြည်နယ်အတွင်းရှိ ကျေးရွာနှစ်ရွာ၊ ငါးမွေးတောင်သူ ၂၂ ဦးဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ငါးမွေးတောင်သူ ၁၈ ဦးထပ်တိုး၍ စုစုပေါင်း တောင်သူ ၄၀ ကို Project ၏ စီမံကိန်းအဖြစ် ရွေး ချယ်ခဲ့ကြောင်း၊ ငါးမွေးတောင်သူများအတွက် နည်းပညာပံ့ပိုးပေးရာတွင်လည်း ငါးမွေးမြူရေး အခြေခံသင်တန်းလေးကြိမ် ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင်လည်း ငါးခုံးမကြီးကောင်ရေ ၆၇၀၀၊ ငါးမြစ်ချင်းကောင်ရေ ၁၅၀၅၀၊ ရွှေဝါငါးကြင်းကောင်ရေ ၁၅၉၀ နှင့် ငါးအစာ(ဖွဲနု)အိတ် ၁၁၀ တို့ကို ထောက်ပံ့ပေးခဲ့ကြောင်းနှင့် ငါးမွေးတောင်သူများ၏ ဝင်ငွေတိုးပွားပြီး ကျန်းမာပျော်ရွှင်သောဘဝပိုင်ဆိုင်နိုင်ရန် ရည်ရွယ်ကြောင်း သိရှိရသည်။

**အိအိခိုင်**

## Energy NYMEX 9-8-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 52.61 | 0.07 | 2.00 |
| Brent Crude Futr (USD/bbl) | 57.43 | 0.05 | 2.50 |
| Gasoline Rbob Fut (Cent/gal) | 164.74 | 0.17 | 1.28 |
| Natural Gas Futr (USD/MMBtu) | 2.11 | -0.02 | -1.00 |
| Heating Oil Futr (Cent/gal) | 177.90 | 0.24 | 0.14 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 5-August | 16.53 | 2346.59 | 1738.29 | 5668.03 | 851.00 |
| 6-August | 16.37 | 2330.07 | 1742.04 | 5677.06 | 854.00 |
| 7-August | 16.70 | 2284.45 | 1732.78 | 5651.94 | 851.00 |
| 8-August | 17.06 | 2276.95 | 1744.02 | 5716.95 | 863.00 |
| 9-August | 16.95 | 2257.12 | 1750.64 | 5704.83 | 860.00 |

## ပြည်တွင်းငွေလဲနှုန်း အနည်းငယ် တက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဩဂုတ်လပထမပတ်အတွင်း ဈေးတက်လာခဲ့ကြောင်းပြည်တွင်းငွေလဲဈေးကွက် မှတ်တမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်တစ်ပတ်က အမေရိကန်တစ်ဒေါ်လာလျှင်၁၅၁၂ကျပ်မှ ယခုရက်သတ္တပတ်တွင် ၁၅၀၈ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။

ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာမှာ ဝယ်လိုအားများသော်လည်း ရောင်းလိုအားနည်းခဲ့ကြောင်း၊ ယခုတစ်ပတ်နှောင်းပိုင်းတွင် ပြည်တွင်းဈေးကွက်အတွင်း ငွေလဲနှုန်းမှာအနည်းငယ် မြင့်တက်လာခဲ့ကြောင်း၊ ရွှေဈေးများ အဆမတန်မြင့်တက်နေခြင်းကြောင့် ရွှေကိုအဝယ်လိုက်ရာကနေ အရောင်းအဝယ်နည်းပါးခဲ့ရာမှ ဒေါ်လာအရောင်း အဝယ်ဘက်သို့ ငွေကြေးပြန်လည်စီးဆင်းမည်ဟုယူဆရကြောင်း ပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဩဂုတ် ၅ရက်ကအမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၁ကျပ်၊ ဝယ်ဈေး ၁၅၀၇ကျပ်မှ ဩဂုတ် ၇ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၀ ကျပ်၊ ဝယ်ဈေး ၁၅၀၆ကျပ်သို့ ရောက်ရှိလာခဲ့ပြီး ဩဂုတ် ၉ရက်တွင် အမေရိကန်တစ်ဒေါ်လာရောင်းဈေး၁၅၁၃ကျပ်၊ ဝယ်ဈေး ၁၅၀၉ကျပ်ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

## စံချိန်တင်ဈေးမြင့်တက်ပြီး အရောင်းနည်းခဲ့သည့် မြန်မာ့ရွှေ

ပြည်တွင်းရွှေဈေးနှုန်းနှင့် နိုင်ငံတကာရွှေဈေးမှာ ဩဂုတ်လပထမပတ်တွင် စံချိန်တင်ဈေးမြင့်တက်ကာ ဝယ်လိုအားမြင့်တက်လာခဲ့ပြီး အရောင်းနည်းနေခဲ့ခြင်းကြောင့် အရောင်းအဝယ်နည်းပါးလျက်ရှိကြောင်း သိရသည်။ ယခင်ရက်သတ္တပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၅၁၀၀၀ ရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ကျပ် ၁၂၁၇၀၀၀သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

"ရွှေဈေးကတော့ ၁၂သိန်းကျော်ရာကနေ စံချိန်တင်သွားပြီ။ ဈေးကွက်ထဲမှာလည်း အဝယ်လိုက်ရာကနေ ပစ္စည်းပြတ်သလိုဖြစ်သွားတယ်။ ရွှေဈေးက ဒီလပိုင်းတွေထဲမှာတောက်လျှောက်အကျမရှိဘဲ အတက်ပဲပြလာတော့ လူတွေက ဈေးတက်ဦးမလားဆိုပြီး အဝယ်လိုက်၊ အဝယ်လိုက်တော့ ဈေးတက်ဆိုသလိုဖြစ်သွားတယ်။ ရွှေကိုင်ထားတဲ့သူတွေကလည်း ဈေးတက်ကိုမျှော်ပြီး မထုတ်ကြဘူး။ ဒီအတိုင်းဆိုရင်တော့ ကမ္ဘာ့ရွှေရော၊ မြန်မာ့ရွှေရောက ထပ်တက်နေဦးမယ်။ အမေရိကန်-တရုတ်ကုန်သွယ်ရေးပဋိပက္ခပိုဆိုးလာတာက အဓိကကျပါတယ်"ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၅ရက်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၁၆၈၀၀၀ရှိခဲ့ရာမှ ဩဂုတ် ၇ရက် တွင်အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၀၃၀၀၀သို့မြင့်တက်ခဲ့ပြီး ဩဂုတ် ၉ရက်တွင် ကျပ် ၁၂၁၇၀၀၀သို့မြင့်တက်ခဲ့ရာ မြန်မာ့ရွှေလောကတွင် စံချိန်တင်မြင့်တက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်း တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ကျော်သို့ မြင့်တက်လာခဲ့ပြီး ဩဂုတ် ၅ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၅၇ ဒေါ်လာရှိခဲ့ရာမှ ဩဂုတ် ၇ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၈၉ဒေါ်လာသို့ မြင့်တက်ခဲ့သလို ဩဂုတ် ၉ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၂ဒေါ်လာသို့ မြင့်တက်ခဲ့သည်။ **သန်းထိုက်အောင်**

## Making the Right Investment Decision ဟောပြောပွဲပြုလုပ်မည်

KBZSC Securitiesကုမ္ပဏီက စီစဉ်ကျင်းပသော Making the Right Investment Decision ဟောပြောပွဲကို ဩဂုတ် ၂၅ရက် နံနက် ၉နာရီတွင် ရန်ကုန်စတော့အိတ်ချိန်းဆွေးနွေးပွဲခန်းမ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုဟောပြောပွဲတွင် လက်ရှိအချိန် ရန်ကုန်စတော့အိတ်ချိန်း၌ရင်းနှီးမြှုပ်နှံသင့်ခြင်း၊ရန်ကုန်စတော့အိတ်ချိန်းတွင် Active/Passive Investor အဖြစ် အစုရှယ်ယာကို ရင်းနှီးမြှုပ်နှံနိုင်မည့်ပုံစံ၊ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုကို စီမံခန့်ခွဲခြင်းအကြောင်းနှင့် အစိုးရငွေတိုက်စာချုပ်များတွင် ရင်းနှီးမြှုပ်နှံခြင်း စသည့် အကြောင်းအရာများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် Trading Accountမဖွင့်လှစ်ရသေးသူများအတွက်လည်း Account ဖွင့်လှစ်လိုပါက ဖွင့်လှစ်နိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။

ဟောပြောပွဲသို့ တက်ရောက်ရန် စာရင်းပေးသွင်းလိုပါက ဖုန်း- ၀၁ ၂၃၀ ၇၃၀၀~၀၂(သို့)KBZSC Facebook Chatbox(သို့) trading@kbzsc.com တို့သို့ အမည်၊ TradingAccount Number၊မှတ်ပုံတင်နံပါတ်၊ဖုန်းနံပါတ်များပေးကာ စာရင်းပေးသွင်းနိုင်ပြီး လူဦးရေကန့်သတ်ထားကြောင်း သိရသည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

August 9, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.46 |
| BDT | Bangladesh Taka | 84.56 |
| CAD | Canada Dollars | 1.32 |
| CNY | China Yuan Renminbi | 7.04 |
| EUR | Euro | 0.89 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 70.52 |
| I DR | Indonesia Rupiahs | 14198.55 |
| JPY | Japan Yen | 105.90 |
| MYR | Malaysia | 4.18 |
| PKR | Pakistan Rupees | 159.98 |
| PHP | Philippines Pesos | 51.88 |
| RUB | Russia Rubles | 65.06 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1210.08 |
| LKR | Sri Lanka Rupe | 176.76 |
| THB | Thailand Baht | 30.73 |
| GBP | United Kingdom Pounds | 0.82 |
| VND | VietnamDon | 23210.15 |

*Source:xe.com*

## World Gold Price

August- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 5 | 1459 | 1460 | 1460 |
| 6 | 1467 | 1466 | 1466 |
| 7 | 1491 | 1489 | 1490 |
| 8 | 1502 | 1499 | 1499 |
| 9 | 1506 | 1505 | 1505 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 5-8- 2019 | 1167.00 | 1167.00 |
| 6-8- 2019 | 1173.00 | 1173.00 |
| 7-8- 2019 | 1182.00 | 1185.00 |
| 8-8- 2019 | 1205.00 | 1205.00 |
| 9-8- 2019 | 1211.50 | 1212.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 25 | 6.98 | 30.84 | 84.44 | 70.36 |
| 6 | 7.04 | 30.75 | 84.44 | 70.69 |
| 7 | 7.05 | 30.78 | 84.44 | 70.91 |
| 8 | 7.04 | 30.74 | 84.31 | 70.83 |
| 9 | 7.04 | 30.72 | 84.56 | 70.52 |

## ဘိလပ်မြေ

# ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၂၀၀၀ နီးပါးတင်သွင်း

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်သီတင်းပတ်အတွင်းအမေရိကန်ဒေါ်လာ ၁၄၄၀၉၇ တန်ဖိုးရှိ ဘိလပ်မြေ ၁၈၀၅ ဒသမ ၇၂၄ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှသာ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က ဘိလပ်မြေတန်ချိန် ၈၇၀ ကျော်သာ တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၉၃၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၀၃၆၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်က ဘိလပ်မြေအဝင်မှာတန်ချိန် ၈၅၉၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၁၇၇၀ ကျော်အဝင်ပိုခဲ့သည်။ ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့သည်။

# ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**တောင်ကြီးဘိလပ်မြေဈေးကွက်၌** ယခုတစ်ပတ် အရောင်းအဝယ်ပါးကြောင်း သိရသည်။ ဈေးကွက်ထဲ စိန်တံဆိပ်ဘိလပ်မြေက ပစ္စည်းပြတ်နေပြီး အပါချီက ကျပ် ၁၀၀၊ ကြံ့က ကျပ် ၂၀၀ဈေးကျကာ ကျန်ဘိလပ်မြေများက ယခင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ဆင်(ထိုင်း)က အရောင်းအဝယ်မရှိသောကြောင့် ဈေးကွက်ပျောက်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၅၀၀၊ ကမ္ဘောဇ ကျပ် ၅၄၀၀၊ ကြံ့ကျပ် ၅၇၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘိလပ်မြေဈေးကွက်၌** ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ် အေသုံးလုံးက ကျပ် ၂၀၀ ဈေးကျပြီး ကျန်ဘိလပ်မြေများက ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ခရောင်း (၅၂၅) ကျပ် ၅၆၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**မကွေးဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ်ပါးကြောင်းသိရသည်။ အသေးစားပြင်ဆင်မှုအတွက်လောက်သာ အရောင်းအဝယ်ဖြစ်သောကြောင့် ဘိလပ်မြေဈေးများလည်းငြိမ်နေကြောင်းအိမ်ဆောက်ပစ္စည်းဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၆၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၆၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မော်လမြိုင်ဘိလပ်မြေဈေးကွက်၌** မိုးများနေသောကြောင့် အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၇၅၀၊ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ယခုတစ်ပတ် မြေသြဇာအဝင်လျော့

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၈၃၆၈၅ တန်ဖိုးရှိ မြေသြဇာ ၁၂၄၇၁ ဒသမ ၅၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ကမ္ဘောဒီးယားနိုင်ငံမှ တန်ချိန် ၄၀၊ ကနေဒါနိုင်ငံမှ တန်ချိန် ၃၅၀၊ တရုတ်နိုင်ငံမှ ၅၂၉၆ ဒသမ ၆၄ တန်၊ အီဂျစ်နိုင်ငံမှ ၃၆၆ ဒသမ ၉၀ တန်၊ ဂျာမနီနိုင်ငံမှ ၁၀၈၀ တန်၊ နော်ဝေနိုင်ငံမှ ၄၄၅ ဒသမ ၄၀ တန်၊ ရုရှားနိုင်ငံမှ ၁၀၉၇ ဒသမ ၄၀ တန်၊ ဆော်ဒီအာရေဗျနိုင်ငံမှ ၂၉၉၀ ဒသမ ၆၄ တန်၊ ထိုင်းနိုင်ငံမှ ၆၀၄ ဒသမ ၆၁ တန်နှင့် ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၂၀၀ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ အများဆုံး တင်သွင်းခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံမှ ဒုတိယအများဆုံးတင်သွင်းခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်တင်သွင်းခဲ့သည့် အမျိုးအစားများမှာ ပိုတက်၊ ဖလော်ရာ၊ တီစူပါ(၄၆%)၊ အမိုးနီးယားဆာလဖိတ်(နေရွက်လှေ)၊ ယူရီးယား(၄၆%)၊ အမိုးနီးဆာလဖိတ် (ကြယ်စိမ်း)၊ ဖော့စဖိတ်၊ ကွန်ပေါင်း(ရွှေပျား)၊ ဖလော်ရာ မြေသြဇာမှုန့်(ရွှေကြက်ဖ)၊ အမိုးနီးယမ်းကလိုရိုဒ်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း (၁၂း၁၁း၁၈)၊ ကွန်ပေါင်း(၁၆း၁၆း၁၆) တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၃၀၃၀၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၇၈၂၀ ကျော်တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

# တောင်ကြီးမြေသြဇာဈေးကွက် အရောင်းအေး

ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန် ၁၅၁၃၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၁၇၁၅၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာတန်ချိန် ၂၀၁၀ ကျော်အဝင်လျော့ခဲ့ကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေး၊ တောင်ကြီးနှင့် မော်လမြိုင်မှာအရောင်းအဝယ်ပါးပြီး မန္တလေးတွင် အရောင်းပုံမှန်ရှိကြောင်း သိရသည်။

**မကွေးဈေးကွက်၌** အရောင်းအဝယ်ပါးကြောင်းသိရသည်။ ယခုတစ်ပတ်မှာ မြွားကမ္ဘာ(၁၂း၁၃)(အပြာ)၊ဆင်(၁၀း၁၀း၅)တက်တိုးနှင့် တောင်သူမက ကျပ် ၁၀၀၊ မြွားကမ္ဘာ(၁၅း၇း၈)က ကျပ် ၂၀၀၊ သီးစုံ (ဝါစိမ်းပြာ)နှင့်ယူရီးယား-ပုလဲ(ပန်းဖူး၊ ရွှေတောင်) က ကျပ် ၃၀၀၊ အောင်ကမ္ဘာ (၁၀း၁၀း၅)နှင့် တီစူပါက ကျပ် ၁၀၀၀ဈေးကျပြီးကျန်မြေသြဇာများက ယခင်ဈေးနှင့်အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၈၇၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ သီးစုံ (ဝါစိမ်းပြာ) ကျပ် ၁၈၅၀၀၊အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၈၂၀၀၊ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၁၈၀၀၊ တီစူပါက ကျပ် ၂၅၃၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၈၅၀၀၊ တက်တိုးကျပ် ၂၃၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**တောင်ကြီးဈေးကွက်၌** ယခုအချိန်ကစိုက်ပျိုးရာသီလည်း မဟုတ်သောကြောင့် အရောင်းအဝယ်က တော်တော်ပါးကြောင်း သိရသည်။ ယခုအချိန်မှာ ယူရီးယား-ပုလဲမြေသြဇာသာအရောင်းအဝယ်နည်းနည်းဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ် ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)က ကျပ် ၂၅၀၀၊ တီစူပါ(၁၀း၁၀း၅) နှင့် မြွားကမ္ဘာက ကျပ် ၂၀၀ဈေးကျပြီး တီစူပါ(၂၀%)က ကျပ် ၁၀၀ ဈေးမြင့်ကာ ကျန်မြေသြဇာများက ယခင်ဈေးနှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ ယူရီးယား(ရွှေတောင်-တရုတ်)က ပစ္စည်းပြတ်နေကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၇၅၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၅၂၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်)ကျပ်၄၀၀၀၀၊ တီစူပါ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၈၇၀၀၊ ဓာတ်ဆား (တရုတ်) ကျပ်၁၇၅၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၅၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြွားကမ္ဘာကျပ် ၁၈၇၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၅၀၀၊ ရွက်ဖျန်း ကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါ ကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

## နို့ဆီ/နို့မှုန့်

# ယခုတစ်ပတ် နို့ဆီရော နို့မှုန့်ပါ အဝင်ပို

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အတွင်း အမေရိကန်ဒေါ်လာ ၅၂၆၅၀၃ တန်ဖိုးရှိ နို့ဆီ ၄၈၂ ဒသမ ၇၉၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၂၆၃ ဒသမ ၉၁၅ တန်နှင့် စင်ကာပူနိုင်ငံမှ ၂၁၈ ဒသမ ၈၈ တန် တင်သွင်းခဲ့သည်။ တင်သွင်းခဲ့သည့် တံဆိပ် များမှာ တီးပေါ့၊ ဒွန်းနှင့်Hawk တို့ဖြစ်သည်။ ယခင်သီတင်းပတ်က နို့ဆီတန်ချိန် ၄၃၀ ကျော်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၅၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၅၆၀၂၀၆ တန်ဖိုးရှိနို့မှုန့် ၂၂၃ ဒသမ ၉၇၅ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း သိရသည်။ ယခင်သီတင်းပတ်က နို့မှုန့် ၁၀၈ ဒသမ ၇၆ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၁၅ ဒသမ ၂၁၅ တန် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၇ မှ ၂/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၇ မှ ၂၆/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၆၂.၉၀ | ၈၅.၇၅ | (-) | ၂၂.၈၅ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | | ၈၀.၀၀ | (-) | ၈၀.၀၀ |
| ၅။ | တာချီလိတ် | ၄၅၅၀.၀၀ | ၇၃၀၀.၀၀ | (-) | ၂၇၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | ၁၀၀.၀၀ | (-) | ၁၀၀.၀၀ |
| ၈။ | မြိတ် | ၅၇၅၀.၀၀ | ၁၀၂၅.၀၀ | (+) | ၄၇၂၅.၀၀ |
| | စုစုပေါင်း | ၁၀၃၆၂.၉၀ | ၈၅၉၀.၇၅ | (+) | ၁၇၇၂.၁၅ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၇ မှ ၂/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၇ မှ ၂၆/၇ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၇၀၁.၅၀ | ၂၇၆၃.၄၀ | (+) | ၉၃၈.၁၀ |
| ၂။ | လွယ်ဂျယ် | ၄၆၈.၀၀ | ၆၂၉.၄၀ | (-) | ၁၆၁.၄၀ |
| ၃။ | ချင်းရွှေဟော် | ၇၃၄၅.၃၅ | ၈၁၁၅.၆၅ | (-) | ၇၇၀.၃၀ |
| ၄။ | ကန်ပိုက်တီ | ၁၆၂၀.၀၀ | ၃၃၉၂.၀၀ | (-) | ၁၇၇၂.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | ၁၇၅.၀၀ | (-) | ၁၇၅.၀၀ |
| ၈။ | ရိုဒ် | ၂၀၀၀.၀၀ | ၂၀၅၀.၀၀ | (-) | ၅၀.၀၀ |
| ၉။ | တမူး | - | ၂၅.၀၀ | (-) | ၂၅.၀၀ |
| | စုစုပေါင်း | ၁၅၁၃၄.၈၅ | ၁၇၁၅၀.၄၅ | (-) | ၂၀၁၅.၆၀ |

ခင်မိုးသူ

# ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီသုံးစွဲမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ စားသုံးသူပြည်သူများ စားသုံးဆီသုံးစွဲမှုနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတများရရှိစေရန်၊ ကျန်းမာရေးနှင့်ညီညွတ်သည့် စားသုံးဆီများအား ဈေးကွက်တွင် ရွေးချယ်ဝယ်ယူတတ်စေရန်နှင့် စားသုံးသူအခွင့်အရေးနှင့် ရပိုင်ခွင့်များကို ပိုမိုသိရှိလာစေရန် ရည်ရွယ်လျက် 'ကျန်းမာရေးနှင့် ညီညွတ်သော စားသုံးဆီသုံးစွဲမှု'အသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မြို့နယ်အားကစားခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်တို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်ကြူက ဆွေးနွေးပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းအောင်၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာချစ်ကိုဟန်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ (FDA) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဖြိုးမာန်သက်ဦး၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS) မှ ဓါတ်ခွဲခန်းပညာရှင် ဒေါ်ကေခိုင်ဦးနှင့် စားသုံးသူရေးရာဦးစီးဌာန မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးအောင်တင်စိုးတို့က စားသုံးသူအခွင့်အရေးများ၊ လုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များကို စားသုံးသူပြည်သူများအား ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီသုံးစွဲမှုဆိုင်ရာ အသိပညာဗဟုသုတများအား ဟောပြောဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ တက်ရောက်လာသော စားသုံးသူပြည်သူများလည်း ၎င်းတို့သိရှိလိုသော စားသုံးဆီနှင့် သက်ဆိုင်သောမေးခွန်းများ မေးမြန်းဆွေးနွေးခဲ့ကြပြီး သက်ဆိုင်ရာဌာနနှင့်အသင်းများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးမှူးများ၊ အရာရှိများ၊ ဝန်ထမ်းများ၊ ဒေသခံတပ်ရင်း/တပ်ဖွဲ့များမှ အရာရှိစစ်သည်များ၏ မိသားစုများနှင့် စားသုံးသူပြည်သူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**နှင်းနွယ်**

# လဲချား၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့ သီရိဟံသာခန်းမတွင် ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့်ကောင်းများနှင့် ဓာတုဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေးများ ကိုင်တွယ် သုံးစွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၆ ရက်က ကျင်းပသည်။



အလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးအောင်မောင်းက အဖွင့်အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်သည် သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံဖြစ်ထွန်းသော ပြည်နယ်ဖြစ်ကြောင်း၊ လဲချားမြို့နယ်သည်လည်း အဓိကသီးနှံအဖြစ်စပါး၊ ပဲပုပ်၊ ပန်းနှမ်း၊ ကြက်သွန်ဖြူ မြေပဲ၊လက်ဖက်၊ အစေ့ထုတ်ပြောင်းနှင့်ငရုတ်တို့ကို အဓိကထားစိုက်ပျိုးသော မြို့နယ် တစ်မြို့နယ်ဖြစ်သည်ကိုတွေ့ရကြောင်း၊ အဆိုပါစိုက်ပျိုးရေးသီးနှံများစိုက်ပျိုးရာတွင် တောင်သူများအနေဖြင့် ဓာတုဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများသုံးစွဲနေကြကြောင်း၊ အသီးအနှံမျိုးစုံကို အဆိုပါ သွင်းအားစုများသုံးစွဲရာတွင် နည်းစနစ်တကျကိုင်တွယ် အသုံးပြုတတ်ရန် လိုအပ်ကြောင်း၊ စနစ်တကျသုံးစွဲခြင်းမရှိပါက လူနှင့်တိရစ္ဆာန်တို့ကို ဘေးဥပဒ်ဖြစ်စေပြီးအသက်အန္တရာယ်ဆုံးရှုံးစေနိုင်ကြောင်း၊ ထိုအဖြစ်ဆိုးများ မကြုံရလေအောင် ယခုစိုက်ပျိုးရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပညာရှင်များကို ဖိတ်ကြားပြီး ယခုကဲ့သို့လာရောက်ပြီး အလုပ်ရုံဆွေးနွေးပွဲလို ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းလှဲ့က စိုက်ပျိုးအလေ့အကျင့်ကောင်းများနှင့် ဓာတုဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေး ကိုင်တွယ်ထိန်းသိမ်းအသုံးပြုမှုများကိုလည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်စောယုထွေးတို့က စားသုံးသူ ကာကွယ်ရေးဥပဒေအကြောင်းနှင့် ဘေးအန္တရာယ်ရှိသောကုန်စည်နှင့် ဝန်ဆောင်မှုများကို ဓာတ်ပုံမှတ်တမ်းနှင့် တကွအကျယ်တဝင့်ရှင်းလင်းခဲ့သည်။ ရှင်းလင်းဆွေးနွေးမှုများနှင့်ပတ်သက်ပြီး ဘာသာစကားအခက်အခဲရှိသော တိုင်းရင်းသားများ ပိုမိုရှင်းလင်းစေရန် စားသုံးသူရေးရာဦးစီးဌာနမှ အကြီးတန်းစာရေး ဦးစိုင်းအောင်ဘိုဘို၊ လဲချားကုန်စည်ဒိုင်အသင်းဥက္ကဋ္ဌ ဦးစိုင်းကျော်လှနှင့်အသင်းအတွင်းရေးမှူး ဒေါ်နန်းခမ်းလူတို့က ရှမ်းတိုင်းရင်းသားဘာသာစကားဖြင့် အကျယ်အဝင့်ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ လဲချားမြို့နယ်မှစိုက်ပျိုးရေးတောင်သူများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ ကုန်သည်နှင့်ကုန်စည်ဒိုင်အဖွဲ့ဝင်များ အင်အား ၂၅၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောမောင်(တောင်ကြီး)**

## နတ်ပေးကျေးရွာအထက်၌ စားသုံးသူရေးရာ သိကောင်းစရာ အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန ညောင်တုန်းမြို့နယ် တာဝန်ခံနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၅ ရက်တွင် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် နတ်ပေးကျေးရွာ အထက ကျောင်း၌ ဆွေးနွေးဟောပြောခဲ့သည်။

အခမ်းအနားတွင် နတ်ပေးကျေးရွာ အထက ကျောင်းမှ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ ဦးအောင်လွင်က စားသုံးသူကာကွယ်ရေး ဥပဒေသစ်၏ အကျိုးအကြောင်းများ၊ စားသုံးသူများ၏အခွင့်အရေး၊ ကုန်စည်များနှင့် ဝန်ဆောင်မှုများ၏ အကျိုးအပြစ်များတားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များသာမက ကမ္ဘာ့စားသုံးသူအခွင့်အရေးနေ့ဖြစ်ပေါ်လာပုံများကိုအကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။ Consumer-MT

## ပြည်တွင်းဆီဈေးနှုန်းများ (၉-၈-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၂၀၀ | ၇၂၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၇၅၀၀ | ၈၅၀၀ | △ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၀၀၀ | □ | ၇၂၀၀ | ၇၂၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မကွေး | ၇၂၀၀ | ၇၂၀၀ | □ | ၇၅၀၀ | ၇၅၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| မုံရွာ | ၆၈၀၀ | ၇၀၀၀ | △ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |



## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၉-၈-၂၀၁၉ US$/Ton

| အမျိုးအစား | ဇူလိုင်စတုတ္ထပတ် | ဩဂုတ်ပထမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | - | ၄၉၇.၅၀ | - |
| RBD P.Olein | ၄၉၀.၅၀ | ၅၁၀.၅၀ | △ |
| RBD P.Stearin | - | ၄၈၇.၅၀ | |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၉-၈-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၇၄.၃၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၄၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၈၇ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၄၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၈.၇၆ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၁.၈၅ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၀ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၁၅.၈၂၅ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၉-၈-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 ˚C Max 557 ဒေါ်လာနှင့် USD ဈေး ၁၅၁၀ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၉-၈-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၀ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။
၇။ ၉-၈-၂၀၁၉ရက်နေ့သည် စင်ကာပူနိုင်ငံ အစိုးရရုံးပိတ်ရက်ဖြစ်ပါသဖြင့် ၈-၈-၂၀၁၉ရက်နေ့ ဈေးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# အဆောက်အအုံပါမစ် အွန်လိုင်းမှ လျှောက်ထားနိုင်သည့်စနစ် စတင်



ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) နှင့် အပြည်ပြည် ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) တို့ ပူးပေါင်းကျင်းပသည့် Pilot Testing Phase of the Yangon Building Permit System (YBPS) အခမ်းအနားကို ဩဂုတ် ၉ ရက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ ပထမထပ်၊ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အဆောက်အအုံ ဆောက်လုပ်ခွင့် ခွင့်ပြုမိန့်များကို စာရွက်စာတမ်းများနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းအစား ပိုမိုမြန်ဆန်လာစေရေးအတွက် အွန်လိုင်းမှ Yangon Building Permit System (YBPS) စနစ်ဖြင့် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။

အခြေခံ အဆောက်အအုံဆိုင်ရာ ခွင့်ပြုကြီးကြပ်ခြင်း လုပ်ငန်းစဉ်တစ်ခုကို နည်းပညာအကူအညီနှင့် နိုင်ငံတကာစံချိန်မီ Online စနစ်ကူးပြောင်းနိုင်ခြင်းကြောင့် မြန်မာနိုင်ငံအတွက် Doing Business Ranking တိုး တက်စေရေးကို ကြီးမားစွာ အထောက်အကူ ပြုစေနိုင်မည်ဖြစ်သည်။

ယခု Launch ဆောင်ရွက်သော Pilot Test Phase အား ဆောင်ရွက်ပြီးပါက ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် Fully Commercial Launch ဆောင်ရွက်ရန် မျှော်မှန်းထားကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ IFC မှ Country Officer နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံဗိသုကာကောင်စီ နှင့် Pilot Project သင်တန်းပေးထားသော အင်ဂျင်နီယာများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။ **ချောစုမာ (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

## ဈေးအနည်းငယ် မြင့်တက်လာသည့် ကြက်သွန်နီ

ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဩဂုတ်ပထမပတ်တွင် ဆိပ်ဖြူမြို့၊ မုံရွာမြို့နှင့် ပခုက္ကူမြို့တို့မှ ဝင်ရောက်လာသော ကြက်သွန်နီဈေးနှုန်းများမှာ ယခင်ဇူလိုင်လ နောက်ဆုံးပတ် ဈေးနှုန်းထက် ၂၅ ကျပ်ခန့် ဈေးမြင့်လာကြောင်း၊ ကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။ ဩဂုတ် ၈ ရက် ကြက်သွန်နီဈေးနှုန်းများမှာ ဆိပ်ဖြူကြက်သွန်နီရှယ်စ ကျပ် ၉၀၀၊ လတ်ကြီး ကျပ် ၈၂၅၊ လတ်သန့် ကျပ် ၇၅၀၊ လတ်ချော ကျပ် ၅၅၀ တို့ဖြစ်သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှ ရန်ကုန်မြို့တွင်း လက်လီပြန်လည်ရောင်းချသူများက ဝယ်ယူခဲ့ကြကြောင်း သိရသည်။ ကုန်စည်ဒိုင်သို့ တစ်နေ့လျှင် ပျမ်းမျှကားအစီးရေ ၂၇ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးရေ စုစုပေါင်း ၁၉၂ စီး ဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင် ကြက်သွန်နီပျမ်းမျှပိဿာချိန် ၁၆၄၅၇၁ ခန့် ဝင်ရောက်ပြီး တစ်ပတ်အတွင်း စုစုပေါင်းပိဿာချိန် ၁၁၅၂၀၀၀ ဝင်ရောက်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက် မှသိရှိရသည်။ **ရွှေဝါထွန်း (မြင့်တင်၊ ပြည်တွင်း-ရန်ကုန်)**

## မော်တောင်ကုန်သွယ်ရေးစခန်း၏ ဇူလိုင်လကုန်သွယ်မှု လျာထားချက်အပေါ် ၁၉၉ ဒသမ ၆ ရာခိုင်နှုန်းဆောင်ရွက်နိုင်

မော်တောင်ကုန်သွယ်ရေးစခန်း၏ ဇူလိုင်လအတွင်း ပို့ကုန် သုည ဒသမ ၆၈၉ ဒေါ်လာသန်း၊ သွင်းကုန် သုည ဒသမ ၃၀၉ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏ သုည ဒသမ ၉၉၈ ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့ပြီး ကုန်သွယ်မှုလျာထားချက်အပေါ် ၁၉၉ ဒသမ ၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၃၈၇ ဒေါ်လာသန်း ပိုမိုခဲ့ပြီး သွင်းကုန်ပိုင်းတွင် သုည ဒသမ ၃၁၀ ဒေါ်လာသန်း လျော့နည်းခဲ့သော်လည်း ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၀၇၇ ဒေါ်လာသန်း ပိုမိုခဲ့သည်။ အနီးစပ်ဆုံးကာလဖြစ်သည့် ဇွန်လနှင့်နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းတွင် သုည ဒသမ ၁၂၄ ဒေါ်လာသန်း၊ သွင်းကုန်ပိုင်းတွင် သုည ဒသမ ၀၉၅ ဒေါ်လာသန်းပိုမိုခဲ့ခြင်းကြောင့် ကုန်သွယ်မှုပမာဏအနေဖြင့် သုည ဒသမ ၂၁၉ ဒေါ်လာသန်း ပိုမိုခဲ့ကြောင်းတွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ ကုန်သွယ်မှုပမာဏမှာ ကာလတူ ၂၀၁၈ ဇူလိုင်လနှင့် နှိုင်းယှဉ်ရာတွင် ကုန်သွယ်မှုပမာဏပိုမိုခဲ့ရခြင်းမှာ သွင်းကုန်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သော ဘိလပ်မြေနှင့် မော်တော်ဆိုင်ကယ်များ တင်သွင်းမှု လျော့နည်းခဲ့သောကြောင့် သွင်းကုန်တန်ဖိုး လျော့နည်းခဲ့ရသော်လည်း ပို့ကုန်တင်ပို့မှုပိုင်းတွင် ရေထွက်ပစ္စည်းအုပ်စုဖြစ်သော ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ကင်းမွန်၊ ခုံးအရှင်၊အခြားရေထွက်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းအုပ်စုဖြစ်သော ဓနိများ ပိုမိုတင်ပို့နိုင်ခဲ့သောကြောင့် ကာလတူထက်ကုန်သွယ်မှု ပမာဏပိုမိုခဲ့ရခြင်းဖြစ်သည်။

၂၀၁၉ ခုနှစ် ဇူလိုင်လကုန်သွယ်မှုပမာဏမှာ အနီးစပ်ဆုံးကာလ ၂၀၁၉ ခုနှစ် ဇွန်လနှင့်နှိုင်းယှဉ်ရာတွင် ပို့ကုန်အနေဖြင့် ရေထွက်ပစ္စည်းအုပ်စုတွင် ကဏန်းနှင့် အခြားရေထွက်ပစ္စည်းများဖြစ်သော ငါးမှုန့်၊ ငါးအသားလွှာနှင့် ခရုများတင်ပို့မှုပိုမိုခဲ့သည့်အပြင် သစ်တောထွက်ပစ္စည်းအုပ်စုဖြစ်သော ဓနိများ၊ စက်မှုကုန်ချောပစ္စည်း အုပ်စုဖြစ်သော တံမြက်စည်းများ ပိုမိုတင်ပို့နိုင်ခဲ့သောကြောင့် လည်းကောင်း၊ သွင်းကုန်တင်သွင်းမှုနှင့်နှိုင်းယှဉ်ပါက ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများဖြစ်သော ဘိလပ်မြေ၊ Air Conditioner ၊ Air Cooler များ၊ မော်တော်ဆိုင်ကယ်များ၊ လုပ်ငန်းသုံးကုန်ပစ္စည်းအုပ်စုတွင် သုတ်ဆေးများ၊ လူသုံးကုန် ပစ္စည်းအုပ်စုတွင် ပုစွန်သားပေါက်၊ ငါးသေတ္တာဘူးခွံ၊ ဖက်လုံး၊ ပုစွန်အစာနှင့် ပလတ်စတစ်ပုံးများ ပိုမိုတင်သွင်းနိုင်ခဲ့သောကြောင့် အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပမာဏပိုမိုခဲ့ရခြင်း ဖြစ်သည်။

**နေစိုးထက်(မော်တောင်)**

## ဇူလိုင်လ မတ်ပဲတင်ပို့မှု

ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ ပင်လယ်ရေကြောင်းမှ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၁၈၉၉ ဒသမ ၅၃၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၆၄၇၆၁ ဒသမ ၃၃ တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

တင်ပို့ခဲ့သော နိုင်ငံများမှာ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယားသမ္မတနိုင်ငံ၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ကာတာ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်းနှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့ဖြစ်ကြသည်။ အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး တန်ချိန် ၉၅၅၃ ဒသမ ၈၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၆၃၁၂၉၀ ဒသမ ၁ ဖြစ်၍ အနည်းဆုံးတင်ပို့သောနိုင်ငံမှာ ကိုရီးယားသမ္မတနိုင်ငံဖြစ်၍ တန်ချိန် ၁၂ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၃၃၆၀ ဖြစ်ကြောင်းသိရသည်။

ယခင်တစ်ပတ် ဇူလိုင် ၂၁ ရက်မှ ၂၇ ရက်အထိ မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၁၆၇၅၉ ဒသမ ၅၆၄၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၀၂၈၅၂၂၆ ဒသမ ၇၉ ဖြစ်၍ ယခင်တစ်ပတ်ထက် တန်ချိန် ၄၈၆၀ ဒသမ ၀၃၄၊ တန်ဖိုး ၃၂၂၀၄၆၅ ဒသမ ၄၆ လျော့နည်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ မတ်ပဲတစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၆၁၄ ခန့်ရရှိခဲ့ပြီး ယခုတစ်ပတ်မှာ အမေရိကန်ဒေါ်လာ ၅၉၄ ခန့်သာ ရရှိခဲ့သဖြင့် ဈေးနှုန်းအမေရိကန်ဒေါ်လာ ၂၀ ကျဆင်းခဲ့ကြောင်းသိရသည်။

ဇူလိုင်လအတွင်း မတ်ပဲတင်ပို့မှုမှာ တန်ချိန် ၅၀၇၉၃ ဒသမ ၆၅၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၃၁၂၅၆၁၆၇ ဒသမ ၄၅ ဖြစ်ကြောင်းသိရသည်။ တင်ပို့ခဲ့သောနိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ ကနေဒါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ယူနိုက်တက်ကင်းဒမ်း၊ ဗီယက်နမ်၊ ထိုင်ဝမ်၊ မလေးရှား၊ နီပေါ၊ ပါကစ္စတန်၊ ကာတာ၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်း ၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့ဖြစ်ကြသည်။

အများဆုံးတင်ပို့ခဲ့သောနိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး တန်ချိန် ၄၁၃၉၄ ဒသမ ၃ ၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၂၃၈၄၂၉ ဒသမ ၁ ဖြစ်သည်။ အနည်းဆုံးတင်ပို့သော နိုင်ငံမှာ ထိုင်ဝမ်ဖြစ်ပြီး တန်ချိန် သုည ဒသမ ၇၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၅၀၅ ဖြစ်ကြောင်း သိရသည်။ ဇူလိုင်လအတွင်း မတ်ပဲတစ်တန်၏ ပျမ်းမျှဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၆၁၅ ကျော်ဖြစ်ကြောင်းသိရသည်။ **စန်းစန်းမော် (မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**



## ဟဲဟိုး၌ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟဲဟိုးမြို့ Royal Airstrip Hotel ၌ ဩဂုတ် ၈ ရက် နံနက် ၉ နာရီတွင် သစ်သီးဝလံစွမ်းရည်မြှင့်တင်ရေးနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းတို့အကြား ချိတ်ဆက်လုပ်ကိုင်မှုဖွံ့ဖြိုးရေး စီမံကိန်း၏ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန တာဝန်ခံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ညောင်ရွှေ၊ ကလော၊ ရွာငံခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ အမျိုးသမီး အသင်းအဖွဲ့များဖြစ်သည့် ရှမ်းပြည်နယ်အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အင်းလေးပရော်ဖက်ရှင်နယ် Network အသင်းတို့မှ တာဝန်ရှိသူများ စုစုပေါင်း ၄၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို စီမံကိန်းမှ International Coor- dinator Mr. Salasio. Zavawada နှင့် ITC မှ International Consultant Dr. Nicole Haeusler တို့က နှုတ်ဆက်စကားပြောကြားခဲ့ကြပြီး ITC ကျွမ်းကျင်ပညာရှင် Mr. Ryan Evangelista မှ Association Orientation ခေါင်းစဉ်အောက်ရှိအသင်းအဖွဲ့၏ အခန်းကဏ္ဍ၊ ကော်မတီ၏ အခန်းကဏ္ဍ၊ အသင်းဝင်ဆိုင်ရာကဏ္ဍများ၊ အသင်းအဖွဲ့စီမံခန့်ခွဲရေး လုပ်ငန်းများနှင့် စည်းရုံး လှုံ့ဆော်ခြင်းအယူအဆများနှင့် သီအိုရီများ စသည့်ခေါင်းစဉ်ဖြင့် ရှင်းလင်းပို့ချခဲ့သည်။ **စောဝင်းကျော် (ကမ္ဘောဇကုန်သွယ်မှုဗဟိုဌာန)**

# စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် စစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေး

စစ်ကိုင်းခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (SDCCI)အစည်းအဝေးခန်းမ၌ (SDCCI)မှ အလုပ်အမှုဆောင်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက်ကကျင်းပရာ တွေ့ဆုံပွဲသို့ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းနှင့် SDCCI မှ နာယက၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကျောက်စိမ်း အချောထည်၊ ဂစ်တာ၊ရက်ကန်း၊ကြိမ်ထည်၊ ငွေထည်ကြေးထည်အသင်းများမှ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြသည်။



ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က SDCCI မှ အလုပ်အမှုဆောင်များ၊ တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရသည့်အတွက် လွန်စွာဝမ်းမြောက်ကြောင်း၊ တက်ရောက်လာကြသူများအနက်မှ တစ်ဝက်ကျော်ကျော်လောက်က ယခင်ကရင်းနှီးသည့်သူများဖြစ်ကြောင်း၊ နောက်ထပ်ဝင်ရောက်လာသော အသင်းသူ/သားများလည်း ညီအစ်ကိုတွေလိုသဘောထားစေလိုကြောင်း၊ တစ်ချိန်က မိမိတို့နိုင်ငံသည် ဆိုရှယ်လစ်စီးပွားရေးစနစ်(အစိုးရစီးပွားရေး)ကျင့်သုံးခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းမှစ၍ ဈေးကွက်စီးပွားရေး စနစ်သို့ စတင်ကျင့်သုံးခဲ့ရာ ဆိုရှယ်လစ်စနစ်မှ ဒီမိုကရေစီစနစ်ကူးပြောင်းခဲ့သည်မှာ ၃၁ နှစ်အထိ ရှိပြီဖြစ်သည့်အတွက် သားကောင်းသားလှမွေးဖို့အချိန်တန်ပြီဖြစ်ကြောင်း၊ ယခုအချိန် ထိကူးပြောင်းဆဲကာလဖြစ်ကြောင်း၊ တစ်ဦးတည်းနှင့်မယှဉ်ပြိုင်နိုင်မှာစိုး၍ အသင်းများ ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ လွယ်လွယ်နှင့် လုပ်ငန်းရှင်မဖြစ်၊ ယနေ့အောင်မြင်မှုများရှိလာသည်မှာ နည်းမျိုးစုံနှင့်တွေ့ကြုံခဲ့ရသော အခက်အခဲများရှိကြောင်း၊ စာပေနှင့် လုပ်ငန်းအတွေ့အကြုံတွေရှိရန်လိုကြောင်း၊ မိမိအနေဖြင့် စစ်ကိုင်းခရိုင်ကို ပိုပြီးတိုးတက်အောင်၊ ပိုပြီးဝင်ငွေရအောင် လုပ်နိုင်ရန်အတွက် မည်သို့ကူညီရမလဲ၊ ဌာနဆိုင်ရာများနှင့် ဘယ်လိုပေါင်းစပ်ဆောင်ရွက်ပေးရမလဲ၊ မည်သို့တင်ပြပေးရမလဲ၊ အသင်းကြီးအနေဖြင့် အရှေ့တစ်ခုရအောင်၊ အောင်မြင်မှုရအောင်၊ စည်းလုံးညီညွတ်မှုရှိအောင် ညီနောင်အသင်းများနှင့် Network ချိတ်ပြီး ကုန်သွယ်မှုကိုလက်ရှိအခြေအနေများ သိရှိအောင်ဆောင်ရွက်ခြင်း၊ အစိုးရအနေဖြင့် မည့်သည့်နိုင်ငံနှင့် ချိတ်ဆက်ပေးရမလဲ၊ နိုင်ငံပေါင်း ၁၉၀ ကျော်ရှိသည့်အတွက် ၁၀ နိုင်ငံလောက်သာ စီးပွားရေးသံမှူးများထားရှိကြောင်း၊ ကျန်ကုန်သွယ်မှုလုပ်သည့်နိုင်ငံများနှင့်လည်း တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ အနည်းဆုံး သံရုံးထားရှိရမည်ဖြစ်ကြောင်း၊ တိကျသည့်စီမံမှုရှိပါက တိုက်ရိုက်ချိတ်ဆက်ပေး၍ရကြောင်း၊ ခရိုင်ဦးစီးမှူးမှတစ်ဆင့် (သို့မဟုတ်) ဝန်ကြီးသို့ လိပ်မူပေး၍လည်းရပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် အလုပ်ရုံဆွေးနွေးပွဲများသာလုပ်၍ရကြောင်း၊ သင်တန်းအနေဖြင့် နိုင်ငံတော်အစိုးရက စိုက်ပျိုးရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ SME ကဏ္ဍ၊ ပညာရေးကဏ္ဍသင်တန်းများအား ထားရှိကြောင်း၊ မိမိတို့ဌာနအနေဖြင့် သက်ဆိုင်ရာအသင်းများမှ တက်ရောက်လိုသည့် လူအင်အားစာရင်းနှင့် လိုချင်သည့်နည်းပညာများ တင်ပြလာပါက သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း၊ နေရာတိုင်းမှာ အရင်းအနှီးလိုကြောင်း၊ အခြေခံမှစ၍ ယုံကြည်မှုတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ရှေ့ဆက်ပြီး ပြည်တွင်းမှ Fund မရသောကြောင့် ပြည်ပ Fund များ သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်ပ Fund များအား အခိုင်အမာ အဆောက်အအုံ၊ မြေဂရန် အပေါင်ထားခွင့် မရှိကြောင်း၊ အစီအမံကိုပဲ ယုံကြည်မှုနှင့် တည်ဆောက်သွားကြမည်ဖြစ်ကြောင်း၊ အသင်းတစ်သင်း ဖြစ်ရန်လူ၊ ဖွဲ့စည်းပုံ၊ သင်းဖွဲ့စည်းမျဉ်း အရေးကြီးကြောင်း၊ ရန်ပုံငွေတစ်ရပ်ထူထောင်ရမည်ဖြစ်ကြောင်း၊ အလွဲသုံးစား မလုပ်အောင်စစ်ဆေးရန်အတွက် စာရင်းစစ်၊ ဘဏ္ဍာရေးမှူးများ ပါဝင်ဖွဲ့စည်းရမည်ဖြစ်ကြောင်း၊ ကြပ်မတ်ထိန်းကျောင်း လုပ်ဆောင်သွားပါက သာယာပျော်ရွှင်သည့် အသင်းကြီးဖြစ်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်အသင်းသူ၊ အသင်းသားများမှ သိရှိလိုသည်များကို မေးမြန်းမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခင်စောဝင်း (စစ်ကိုင်း)**

# Thailand Board of Investment နှင့် မန္တလေး ကုန်သည်/လုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေး

ထိုင်းနိုင်ငံ Thailand Board of Investment နှင့် မန္တလေးမြို့ရှိကုန်သည်/လုပ်ငန်းရှင်များ စီးပွားရေးတွေ့ဆုံ ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၈ ရက်က မန္တလေးမြို့ ၇၈ လမ်း နှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိမန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် တွေ့ဆုံခဲ့သည်။

ယင်းတွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံ Thailand Board of Investment မှ Mr.Workan Kosolpisitkul ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးနှင့် Fiscal Policy Research Institute မှ Dr.Wanasin Sattayanuwat ဦးဆောင်သည့် အဖွဲ့ဝင်ခြောက်ဦးတို့ ပါဝင်၍ ထိုင်းနိုင်ငံရှိ ကုမ္ပဏီ ၁၃ ခုမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ MRCCI ဥက္ကဋ္ဌ ဦးကျော်မင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်တို့ဦးဆောင်၍ သစ်သီးဝလံအသင်းမှ လုပ်ငန်းရှင်များ၊ သတ္တုတွင်း/ကျောက်မျက် လုပ်ငန်းရှင်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ နှင့် စားဖိုဆောင်သုံးသီးနှံအသင်းမှ ကုန်သည်၊ လုပ်ငန်းရှင်များ ပါဝင်ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် MRCCI ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် Thailand Board of Investment မှ Mr.Workan Kosolpisitkul တို့က အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထိုင်းနိုင်ငံမှ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ သစ်သီးဖျော်ရည်လုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ ကောက်ရိုးမွေ့ရာ (ကောက်ရိုးအလှဆင်လုပ်ငန်း)၊ ပလတ်စတစ်ပိုက်၊ ပလတ်စတစ်ကွန်တိန်နာနှင့် ပလတ်စတစ်ပစ္စည်းများ၊ ITC နည်းပညာထုတ်ကုန်ပစ္စည်းများနှင့် Telecom ကဏ္ဍဆောက်လုပ်ရေးလုပ်ငန်း၊ ဆံပင်အလှဆင် လူသုံးကုန်ပစ္စည်းများ၊ ငရုတ်၊ ကြက်သွန်လုပ်ငန်းများ၊ Innovative ဝန်ဆောင်မှုလုပ်ငန်းများ၊ လက်မှုအနုပညာလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် လုပ်ငန်းရှင်များက မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍများအား ရှင်းလင်းဆွေးနွေးခဲ့ရာ မန္တလေးလုပ်ငန်းရှင်များက သိရှိလိုသည့် မေးမြန်းချက်များအား ဖြေကြားခြင်း၊ လုပ်ငန်းရှင်အချင်း ချင်း ဆက်သွယ်ရမည့် E-mail နှင့် လိပ်စာကတ်များလဲလှယ်၍ ချိတ်ဆက်ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြသည်။

**သက်သက်နိုင်**

# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၈ ရက်အတွင်း ဖြစ်ပေါ်ခဲ့သော သစ်သီးဝလံဈေးနှုန်း အခြေအနေများမှာ ဖျာပုံနှင့် ကျိုက်လတ်မှ (မြန်မာ) မာလကာအကြီး တစ်လုံး ကျပ် ၁၀၀၊ အလတ်တစ်လုံးကျပ် ၅၀၊ အသေးတစ်လုံး ကျပ်၃၀၊ တိုက်ကြီးနှင့် မြောင်းတကာမှ (ကီလို) မာလကာအကြီး တစ်လုံး ကျပ် ၃၀၀၊ အလတ် ကျပ် ၂၀၀၊ အသေးမှာ ကျပ် ၁၀၀ တို့ဖြစ်ပြီး ကျိုက်လတ်မှ သံပရာမှာအကြီး တစ်လုံး ကျပ် ၅၀၊ အလတ်မှာ ကျပ် ၃၀ နှင့် အသေးမှာ ကျပ် ၂၀ တို့ဖြစ်ကြောင်း သိရသည်။

သီပေါပျားနာနတ်မှာ အကြီးတစ်လုံး ကျပ်၆၀၀၊ အလတ် ကျပ် ၄၀၀၊ နှင့်အသေးကျပ် ၃၀၀ ရှိပြီး၊ ဝမ်းတွင်းမှ ဖရဲ(၂၁၁) အကြီး တစ်လုံး ကျပ် ၂၀၀၀၊ အလတ် ကျပ် ၁၈၀၀၊ အသေးမှာကျပ် ၁၅၀၀ နှင့်(၈၅၅) ဖရဲမှာအကြီး တစ်လုံး ကျပ် ၄၅၀၀၊ အလတ်ကျပ် ၃၀၀၀၊ အသေးကျပ် ၂၅၀၀ ရှိပြီး၊ ရှမ်းပြည် (ပင်ပစ်) မှ သရက်(ရင်ကွဲ) အကြီး အလုံး ၆၀ ပါ သေတ္တာတစ်လုံးလျှင် ကျပ် ၁၃၀၀၀၊ ၈၅ လုံးပါ အလုံးအလတ်အရွယ်မှာ ကျပ် ၁၀၀၀၀ နှင့် အလုံး ၁၀၀ ပါ အလုံးသေးမှာ ကျပ် ၈၀၀၀ တို့အသီးသီးရှိသည်။

မော်လမြိုင် ဒူးရင်းအကြီး တစ်လုံး ကျပ် ၄၀၀၀၊ အလတ် ကျပ် ၃၅၀၀၊ အသေးကျပ် ၂၅၀၀ ရှိပြီးမော်လမြိုင်ကျွဲကော(ပန်းရောင်း) အကြီးတစ်လုံး ကျပ် ၂၀၀၀၊ အလတ်မှာ ကျပ် ၁၂၀၀နှင့်အသေးမှာကျပ်၈၀၀ ဈေးပေါက်ပါသည်။ ပြင်ဦးလွင်မှ နဂါးမောက် ၂၂ လုံးပါ တစ်ဖာလျှင် ကျပ် ၁၂၀၀၀၊ ၂၄ လုံးပါ တစ်ဖာလျှင် ကျပ် ၁၀၀၀၀၊ အလုံး ၃၅ ပါ တစ်ဖာလျှင် ကျပ် ၈၀၀၀ ရှိပြီး၊ နေပြည်တော် (ပျဉ်းမနား) ငှက်ပျောသီးမှာ အကြီးတစ်လုံး ကျပ် ၃၀၊ အလတ်မှာ ၂၅ ကျပ်၊ အသေးမှာ ကျပ် ၂၀ နှင့် တိုက်ကြီးမှ ပီလောပီနံမှာ အလုံးကြီးတစ်ပိဿာ ကျပ် ၅၀၀ နှင့် အလတ်မှာ ကျပ် ၃၀၀ အသီးသီးဈေးရှိကြောင်း သိရှိသည်။

ထို့ပြင် တိုက်ကြီးမှ (ပိန္နဲ) ကိုင်းဆက်ရွက်သေးမှာ အကြီးတစ်လုံး ကျပ် ၃၀၀၀၊ အလတ်မှာကျပ် ၂၀၀၀ နှင့် ညောင်နှစ်ပင်မှ(ပိန္နဲ) ကိုင်းဆက်ရွက်ကြီးမှာ အကြီးတစ်လုံး ကျပ် ၅၀၀၀၊ အလတ်မှာ ကျပ် ၃၀၀၀ နှင့် အသေးမှာ ကျပ် ၂၀၀၀ တို့ ဈေးအသီးသီးရှိကြောင်း သိရသည်။

**West DOCA(ygn)**

# မြို့သစ်မြို့နှင့် နတ်မောက်မြို့ရှိ စည်ပင်သာယာဈေးတို့အား ရှောင်တခင်စစ်ဆေး

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့ရှိ စည်ပင်သာယာဈေးများတွင် ရောင်းချလျက်ရှိသော စားသောက်ကုန်၊ လူသုံးကုန်များအား ဘေးအန္တရာယ်ကင်းရှင်းမှု ရှိစေရေးနှင့် FDA မှ တားမြစ်ထားသော စားသုံးရန်မသင့် စားသောက်ကုန်များ ရောင်းချမှု ရှိ/မရှိ၊ ကုန်စည်များတွင် ထည့်သွင်းဖော်ပြရမည့် သတင်းအချက်အလက်များ ပြည့်စုံမှုရှိ/မရှိတို့အား FDAနှင့် ပူးပေါင်း၍ Mobile Labဖြင့် ဇူလိုင် ၃၀ ရက်တွင် ရှောင်တခင် ကွင်းဆင်းစစ်ဆေးခဲ့ရာ Daily ပဲပေါင်မုန့်၊ မြနန္ဒာကိတ်မုန့်၊ အီလည်လည်မုန့်၊ ကောင်းမြတ်လယ်ကိုင်း မရွှေးတို့တွင် သတင်းအချက်အလက်များ ပြည့်စုံစွာဖော်ပြထားမှုမရှိသည်ကို တွေ့ရှိရသည့်အတွက် သတင်းအချက်အလက်များ ထည့်သွင်းဖော်ပြထုတ်လုပ်လာရေး အသိပေး ဆွေးနွေးခဲ့ခြင်းများ ဆောင်ရွက်ခဲ့သည်။

မြို့သစ်နှင့် နတ်မောက်စည်ပင်ဈေးတို့မှ အမျိုးအစား ၁၁ မျိုးစီကို နမူနာကောက်ယူ၍ Mobile Lab ဖြင့် ချက်ချင်းစစ်ဆေးခဲ့ရာ မြို့သစ်ဈေးမှ ပန်းပွင့်ပုံပဲပြားတွင် ဖော်မလင်ပါဝင်နေခြင်း၊ အသားတု (ကြီး/သေး)တို့တွင် Borax တွေ့ရှိရခြင်း၊ စကြာပုံပဲပြားတွင် ဖော်မလင်ပါဝင်နေခြင်း၊ ပလောင်မလက်ဖက်တွင် ခွင့်မပြုဆိုးဆေး Auramine O တွေ့ရှိရခြင်းများကြောင့် ၎င်းကုန်စည်များအား လတ်တလောတွင် ဈေးကွက်အတွင်း ရောင်းချခြင်းမပြုရေး ဈေးကော်မတီမှ ကြီးကြပ်ဆောင်ရွက်ပေးရန်အတွက် လက်မှတ်ရေးထိုးခြင်းများဆောင်ရွက်ခဲ့ပြီး ပင်ရင်းထုတ်လုပ်တင်သွင်းသည့် နေရာများထိ ဆက်လက်ဖော်ထုတ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ညွန့်ညွန့်စိန်**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ် ဩဂုတ် ၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၃၁ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Qatar နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၈ ဒသမ ၆၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ နီပေါ၊ တရုတ်၊ ပါကစ္စတန်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ ဘာဘေဒို၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်၊ နယူးဇီလန်၊ ပီရူး၊ တူရကီနှင့် ယူကရိန်းစသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၆၃ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။


ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ ချက်၊ ဘရာဇီး၊ ဂရိ၊ အီတလီ၊ နယ်သာလန်နှင့် ဂျာမနီ စသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၁ ဒသမ ၈၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိတည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၂၉ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် United Arab Emirates နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် သုံးရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ ကမ္ဘောဒီယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ နီပေါ၊ ပါကစ္စတန်၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ဘာဘေဒို၊ အီဂျစ်၊ ဂရိ၊ ကင်ညာ၊ ကူဝိတ်၊ နယူးဇီလန်၊ ပီရူး၊ တူရကီနှင့် ယူကရိန်း စသည့်နိုင်ငံများ အပါအဝင် ၆၆ နိုင်ငံတွင် ယခင်တစ်ပတ်များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဂျပန်၊ ချက်၊ ဆွစ်ဇာလန်၊ ဘရာဇီး၊ ဂျာမနီ၊ အီတလီ၊ တောင်အာဖရိကနှင့်



နယ်သာလန် စသည့် နိုင်ငံ ၁၇ နိုင်ငံသာရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၃ ဒသမ ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်းလေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၁ | ၀.၈၇ |
| ၃ | ထိုင်း | လီတာ | ၁.၁၆ | ၀.၈၆ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၅ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၈ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၇ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၈၅ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၂၃ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၂ ဖြင့် လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၈ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ထိုင်း၊ ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတွင် ဆန်အမျိုးအစားများ အားလုံး ဈေးမြင့်တက်ခဲ့ပြီး၊ ပါကစ္စတန်နိုင်ငံတွင် ဆန်ဈေးနှုန်းကျဆင်းခဲ့သည်ကို လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့်စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် အိန္ဒိယနိုင်ငံတွင် အာဖရိကနိုင်ငံ များ၏ ဆန်ဝယ်လိုအား ကျဆင်းလာခဲ့ပြီး အစိုးရကလည်း ဆန်ပို့ကုန်အပေါ် ပံ့ပိုးပေးသည့် ပို့ကုန် မက်လုံးငွေကို ရပ်ဆိုင်းလိုက်ခြင်းကြောင့် အိန္ဒိယ ဆန်တင်ပို့မှုသည် ခုနစ်နှစ်အတွင်း အနိမ့်ဆုံး အထိကျဆင်းလာဖွယ်ရှိကြောင်း၊ အိန္ဒိယပို့ကုန်လျော့ကျမှုသည် ဗီယက်နမ်၊ မြန်မာ စသည့် ပြိုင်ဘက်နိုင်ငံများ၏ ဆန်တင်ပို့မှုကို မြင့်တက်လာစေနိုင်ကြောင်း အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့သည်။ အိန္ဒိယအစိုးရအနေဖြင့် ယခင်နှစ်က သိုမှီးထားသည့် အရန်ဆန်များ ရောင်းထုတ်ရန် ခက်ခဲနေချိန် တွင် တောင်သူများထံမှ ဆန်ကို မဖြစ်မနေ ဝယ်ယူရဖွယ်ရှိကြောင်း၊ အိန္ဒိယဆန်ဈေး မြင့်တက်နေခြင်းကြောင့် အိန္ဒိယဆန်အပေါ် ဝယ်လိုအားများသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံဘက်သို့ ဝယ်လိုအားလမ်းကြောင်း ပြောင်းသွားကြောင်း Olam India ဆန်လုပ်ငန်း၏ ဒုတိယဉက္ကဋ္ဌ Nitin Gupta က ပြောကြားခဲ့သည်ကို လေ့လာသိရှိရသည်။

တောင်အာရှတိုက်ရှိ အိန္ဒိယနိုင်ငံ၏ ဘဏ္ဍာနှစ်သည် ဧပြီ ၁ ရက်မှ မတ်လ ၃၁ ရက်ထိဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၁၁ ဒသမ ၉၅ သန်း တင်ပို့နိုင်ခဲ့ သော်လည်း ၎င်းဘဏ္ဍာနှစ်တွင် ဘာစမာတီ မဟုတ်သော အခြားဆန်များ တင်ပို့မှုအတွက် ၇ ဒသမ ၂ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံအနေဖြင့် ဆန်တန်ချိန် ၁၀ သန်း မှ ၁၁ သန်းအထိ တင်ပို့နိုင်ဖွယ်ရှိပြီး ဘာစမာတီ မဟုတ်သော ဆန်များကို အများအားဖြင့် ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘီနင်နှင့် ဆီနီဂေါနိုင်ငံများသို့ တင်ပို့လျက်ရှိပြီး ဘာစမာတီဆန်ကို အီရန်၊ ဆော်ဒီအာရေဗျ၊ အီရတ်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံ၏ ဘာစမာတီ ဆန်ဈေးကွက်ပြိုင်ဘက်သည် ပါကစ္စတန်နိုင်ငံဖြစ်ပြီး အခြားဆန် ပို့ကုန်ပြိုင်ဘက်နိုင်ငံများမှာ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့ဖြစ်ကြောင်း သိရှိရသည်။ အစိုးရ၏ ဆန်ပို့ကုန်အပေါ် ပေးထားသည့် မက်လုံးငွေပေးအပ်မှုသည် ယာယီသာဖြစ်ခဲ့ပြီး မတ်လ ၂၅ ရက် တွင် ရပ်ဆိုင်းခဲ့ခြင်းကြောင့် အစိုးရအနေဖြင့် ပို့ကုန်မက်လုံးငွေကို အမြန်ဆုံး ပြန်လည်ပေးသင့်ကြောင်း၊ ပို့ကုန်မက်လုံးငွေကို ဆက်လက်ပေးနိုင်ခြင်း မရှိလျှင် ယခုနှစ် ဆန်တင်ပို့မှုပမာဏ အများအပြား ကျဆင်းလာနိုင်ကြောင်း ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဉက္ကဋ္ဌ BV Krishna Rao က သုံးသပ်ပြောကြားခဲ့သည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ်၊ ဧပြီလမှ မေလအတွင်း အိန္ဒိယ၏ ဆန်တင်ပို့မှုသည် နှစ်အလိုက် ၃၀ ရာခိုင်နှုန်း ကျဆင်းကာ တန်ချိန် ၁ ဒသမ ၅၈ သန်းသာရှိခဲ့ပြီး ၎င်းအနက် ဘာစမာတီ မဟုတ်သော ဆန်တင်ပို့မှုမှာ နှစ်အလိုက် ၅၀ ရာခိုင်နှုန်းကျော်ကျဆင်း၍ ၇၁၁၈၃၇ တန်သာရှိခဲ့ကြောင်း လယ်ယာ ကုန်စည်နှင့်မွမ်းမံ စားသောက်ကုန်စည် ပို့ကုန်ဖော်ဆောင်ရေး အာဏာပိုင်အဖွဲ့က ပြုစုသော စာရင်းများအရ သိရှိရသည်။ ဆန်ဖြူတင်ပို့မှုတွင် ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့က အိန္ဒိယထက် တစ်တန် လျှင် ဒေါ်လာ ၃၀ အထိ သက်သာသောနှုန်းဖြင့် ရောင်းချနေ၍ အိန္ဒိယ၏ဆန်ဖြူတင်ပို့မှုမှာ ရပ်ဆိုင်းလုနီးပါး ဖြစ်နေကြောင်း၊ အိန္ဒိယသည် ပေါင်းဆန်ဈေးကွက်တွင် ထိုင်းကို ယှဉ်ပြိုင်နိုင်ရန် ကြိုးစားနေသော်လည်း စပါးဈေးကောင်းနေခြင်းကြောင့် ပို့ကုန်ဈေး လျှော့ချပေးနိုင်ရန် ခက်ခဲနေကြောင်း B V Krishna Rao က ဆက်လက်ပြောကြားခဲ့သည်ကို သိရှိရသည်။

ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ စပါးဝယ်ယူမှုသည် ဆန်ဈေးများကို မြင့်တက်စေပြီး ပို့ကုန်လုပ်ငန်းရှင်များမှာ ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး အခက်တွေ့နေရကြောင်း၊ ဆန်အများအပြား ထုတ်လုပ်နေသော အလယ်ပိုင်း ချဟာတစ်ဂါ ပြည်နယ်တွင် ၂၀၁၈ ခုနှစ်က စပါးအခြေခံဝယ်ဈေးကို တစ်တန်လျှင် ရူပီး ၁၇၅၀ မှ ၄၃ ရာခိုင်နှုန်း တိုးမြှင့်၍ ရူပီး ၂၅၀၀ အထိ သတ်မှတ်ပေးခဲ့ကြောင်း၊ တရုတ်နိုင်ငံကလည်း ဆန်ဟောင်းများကို ရောင်းချနေခြင်းသည် အိန္ဒိယပို့ကုန်လုပ်ငန်းများကို ထိခိုက်စေခဲ့ပြီး အိန္ဒိယနိုင်ငံ၏ အဓိကဝယ်လက်နိုင်ငံဖြစ်သည့် အာဖရိကသည် အိန္ဒိယနိုင်ငံမှ ဆန် ဝယ်ယူမှု ပမာဏများစွာ လျှော့ချလာခဲ့ကြောင်း အိန္ဒိယ၏ အကြီးဆုံးဆန်ပို့ကုန်လုပ်ငန်း Satyam Balajee အမှုဆောင်ဒါရိုက်တာ Himanshu Agarwal ကပြောကြားခဲ့ကြောင်း thefarmermedia တွင်ဖော်ပြပါရှိသည်ကို လေ့လာသိရှိရသည်။

ပြည်တွင်းဆန်စပါးဈေးကွက်နှင့်ပတ်သက်သည့် သတင်းများအနေဖြင့် အထွက်နှုန်းကောင်းမွန်ပြီး ရောဂါဒဏ်၊ ပိုးမွှားဒဏ်နှင့် သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိသည့် မြန်မာ့ဆန်စပါးမျိုးသစ် မွေးမြူမြှင့်တင်ခြင်း လုပ်ငန်းများကို ဂျပန်ပညာရှင်များနှင့် မြန်မာပညာရှင်များ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာနမှ သိရှိရသည်။ ဆန်စပါးမျိုးသစ်များ မွေးမြူမြှင့်တင်ခြင်းကို ဗီဇ အချက်အလက် နည်းပညာများနှင့် စပါးမျိုးကူးစက်မွေးမြူခြင်း နည်းပညာကို အသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး ဆန်စပါးမျိုးမွေးမြူရေးနည်းစနစ်နှင့် အခန်းကဏ္ဍမြှင့်တင်ခြင်း၊ အလားအလာကောင်းသည့် မိုးကောင်းသောက် လယ်စပါးနှင့် ယာစပါးမျိုးသစ်လိုင်းများ ထုတ်လုပ်ခြင်းတို့ကိုပါ ဆောင်ရွက်မည် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း ဖြင့်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ ဆန်စပါး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ခြင်းစီမံကိန်း (RGBM Project) အရ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါစီမံကိန်းတွင် သုတေသန ပညာရှင်များ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ပါရှိ၍ ဂျပန်နိုင်ငံရှိ

စာမျက်နှာ ၁၇ သို့

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၃ | ၀.၇၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၅ | ၁.၂၉ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၇ | ၀.၇၉ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၆ | ၀.၈၄ |
| ၉ | လာအို | လီတာ | ၁.၂၅ | ၁.၀၁ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၂ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၁ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၂ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | နော်ဝေ | လီတာ | ၁.၉၃ |
| ၃ | အီရန် | လီတာ | ၀.၂၉ | Iceland | လီတာ | ၁.၉၃ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | Monaco | လီတာ | ၁.၉၃ |
| ၅ | အယ်ဂျီရီးယား | လီတာ | ၀.၄ | ဘာဘေဒို | လီတာ | ၁.၉၂ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၇ | Iceland | လီတာ | ၁.၈၆ |
| ၂ | Cuba | လီတာ | ၀.၀၈ | Monaco | လီတာ | ၁.၈၄ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၁.၈၄ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | နော်ဝေ | လီတာ | ၁.၇၆ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | ဆွစ်ဇာလန် | လီတာ | ၁.၇၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၂ | ၀.၉၁ |
| ၂ | ဂျပန် | လီတာ | ၁.၃၂ | ၁.၁၄ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၇ | ၀.၉၇ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-


ကေသွယ်(တန့်ဆည်မြေ)

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၂.၈.၂၀၁၉ | စည် | ၅၃.၉၅ |
| ၂ | ၅.၈.၂၀၁၉ | စည် | ၅၄.၆၉ |
| ၃ | ၆.၈.၂၀၁၉ | စည် | ၅၃.၆၃ |
| ၄ | ၇.၈.၂၀၁၉ | စည် | ၅၁.၀၉ |
| ၅ | ၈.၈.၂၀၁၉ | စည် | ၅၂.၅၄ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်မှ ဩဂုတ် ၅ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဇူလိုင် ၃၀ ရက်တွင် ပြည်တွင်းရွှေဈေးကွက်၌ ညနေပိုင်း ဈေးပိတ်ချိန်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၁၄၈၀၀၀ ရှိခဲ့ရာမှ ဆက်လက်မြင့်တက်ခဲ့ပြီး ဩဂုတ် ၇ ရက်တွင် မြန်မာ့ရွှေဈေးသည်ကျပ် ၁၂၀၃၀၀၀ သို့ရောက်ရှိလာခဲ့သည်။ ကမ္ဘာ့ရွှေဈေးမှာလည်း ဇူလိုင် ၃၀ ရက်တွင် ရွှေ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၄၂၈ ဒေါ်လာဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ရာမှ ဆက်တိုက်မြင့်တက်လာခဲ့ပြီး ဩဂုတ် ၇ ရက်တွင် တစ်အောင်စလျှင် ၁၄၈၉ ဒေါ်လာသို့ ရောက်ရှိလာခဲ့သည်ကိုတွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၂ ရက်မှ ဩဂုတ် ၇ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၂.၇.၂၀၁၉ | ၁၁၀၅၀၀၀ | ၁၃၉၃ |
| ၂ | ၃.၇.၂၀၁၉ | ၁၁၂၀၅၀၀ | ၁၄၂၅ |
| ၃ | ၄.၇.၂၀၁၉ | ၁၁၁၉၅၀၀ | ၁၄၁၅ |
| ၄ | ၅.၇.၂၀၁၉ | ၁၁၂၃၅၀၀ | ၁၄၁၄ |
| ၅ | ၆.၇.၂၀၁၉ | ၁၁၁၈၀၀၀ | ၁၃၉၉ |
| ၆ | ၇.၇.၂၀၁၉ | ၁၁၁၆၅၀၀ | ၁၃၉၉ |
| ၇ | ၈.၇.၂၀၁၉ | ၁၁၂၃၀၀၀ | ၁၄၀၅ |
| ၈ | ၁၀.၇.၂၀၁၉ | ၁၁၂၄၅၀၀ | ၁၃၉၆ |
| ၉ | ၁၁.၇.၂၀၁၉ | ၁၁၃၃၅၀၀ | ၁၄၂၂ |
| ၁၀ | ၁၂.၇.၂၀၁၉ | ၁၁၃၀၀၀၀ | ၁၄၀၆ |
| ၁၁ | ၁၃.၇.၂၀၁၉ | ၁၁၃၅၀၀၀ | ၁၄၁၆ |
| ၁၂ | ၁၄.၇.၂၀၁၉ | ၁၁၃၅၀၀၀ | ၁၄၁၆ |
| ၁၃ | ၁၅.၇.၂၀၁၉ | ၁၁၃၉၅၀၀ | ၁၄၁၅ |
| ၁၄ | ၁၇.၇.၂၀၁၉ | ၁၁၃၅၅၀၀ | ၁၄၀၁ |
| ၁၅ | ၁၈.၇.၂၀၁၉ | ၁၁၄၃၅၀၀ | ၁၄၂၂ |
| ၁၆ | ၁၉.၇.၂၀၁၉ | ၁၁၄၈၀၀၀ | ၁၄၃၉ |
| ၁၇ | ၂၀.၇.၂၀၁၉ | ၁၁၄၆၅၀၀ | ၁၄၂၆ |
| ၁၈ | ၂၁.၇.၂၀၁၉ | ၁၁၄၆၀၀၀ | ၁၄၂၆ |
| ၁၉ | ၂၂.၇.၂၀၁၉ | ၁၁၄၉၀၀၀ | ၁၄၂၆ |
| ၂၀ | ၂၃.၇.၂၀၁၉ | ၁၁၄၅၀၀၀ | ၁၄၁၉ |
| ၂၁ | ၂၅.၇.၂၀၁၉ | ၁၁၅၀၀၀၀ | ၁၄၂၇ |
| ၂၂ | ၂၆.၇.၂၀၁၉ | ၁၁၄၇၀၀၀ | ၁၄၁၉ |
| ၂၃ | ၂၇.၇.၂၀၁၉ | ၁၁၄၅၅၀၀ | ၁၄၁၉ |
| ၂၄ | ၂၈.၇.၂၀၁၉ | ၁၁၄၅၅၀၀ | ၁၄၁၉ |
| ၂၅ | ၂၉.၇.၂၀၁၉ | ၁၁၄၇၀၀၀ | ၁၄၂၀ |

စာမျက်နှာ ၁၇ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၇-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၂၉ ဒသမ ၃၀ ဒေါ်လာပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၇-၈-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၁၃ ဒသမ ၁၀ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

ပြည်တွင်း ကြံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်သည့် သတင်းများအနေဖြင့် လာမည့် ကြံရာသီတွင် သကြားထွက်သီးနှံဌာနခွဲ လက်အောက်ရှိ သုတေသနနှင့် မျိုးသန့်ခြံများက ထုတ်လုပ်သည့် ကြံမျိုးကောင်းမျိုးသန့်များ ဝယ်ယူအသုံးပြုမည့် တောင်သူများကို စိုက်ပျိုးသည်မှ ခုတ်သိမ်းသည်အထိ နည်းပညာ အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 7-Aug-19 | 12.15 cts/lb | 12.60 cts/lb | 313.10 $/T | 14.20 cts/lb |
| 6-Aug-19 | 12.47 cts/lb | 12.63 cts/lb | 321.30 $/T | 14.57 cts/lb |
| 5-Aug-19 | 12.56 cts/lb | 12.65 cts/lb | 322.75 $/T | 14.64 cts/lb |
| 2-Aug-19 | 12.74 cts/lb | 12.66 cts/lb | 327.95 $/T | 14.88 cts/lb |
| 1-Aug-19 | 12.85 cts/lb | 12.68 cts/lb | 330.10 $/T | 14.97 cts/lb |
| 31-Jul-19 | 12.91 cts/lb | 12.69 cts/lb | 328.75 $/T | 14.91 cts/lb |
| 30-Jul-19 | 12.84 cts/lb | 12.71 cts/lb | 327.85 $/T | 14.87 cts/lb |
| 29-Jul-19 | 12.76 cts/lb | 12.72 cts/lb | 327.30 $/T | 14.85 cts/lb |
| 26-Jul-19 | 12.73 cts/lb | 12.75 cts/lb | 326.35 $/T | 14.80 cts/lb |
| 25-Jul-19 | 12.69 cts/lb | 12.77 cts/lb | 325.25 $/T | 14.75 cts/lb |
| 24-Jul-19 | 12.75 cts/lb | 12.79 cts/lb | 326.35 $/T | 14.80 cts/lb |
| 23-Jul-19 | 12.67 cts/lb | 12.82 cts/lb | 323.85 $/T | 14.69 cts/lb |
| 22-Jul-19 | 12.28 cts/lb | 12.84 cts/lb | 320.85 $/T | 14.55 cts/lb |
| 19-Jul-19 | 12.32 cts/lb | 12.90 cts/lb | 321.05 $/T | 14.56 cts/lb |
| 18-Jul-19 | 12.31 cts/lb | 12.97 cts/lb | 317.50 $/T | 14.40 cts/lb |
| 17-Jul-19 | 12.54 cts/lb | 13.01 cts/lb | 317.60 $/T | 14.41 cts/lb |
| 16-Jul-19 | 12.73 cts/lb | 13.01 cts/lb | 319.60 $/T | 14.50 cts/lb |
| 15-Jul-19 | 12.80 cts/lb | 13.02 cts/lb | 305.00 $/T | 13.83 cts/lb |
| 12-Jul-19 | 13.00 cts/lb | 13.01 cts/lb | 315.00 $/T | 14.29 cts/lb |
| 11-Jul-19 | 13.08 cts/lb | 12.99 cts/lb | 321.35 $/T | 14.58 cts/lb |
| 10-Jul-19 | 13.17 cts/lb | 12.98 cts/lb | 324.25 $/T | 14.71 cts/lb |
| 9-Jul-19 | 13.04 cts/lb | 12.97 cts/lb | 322.35 $/T | 14.62 cts/lb |
| 8-Jul-19 | 13.11 cts/lb | 12.97 cts/lb | 324.35 $/T | 14.71 cts/lb |
| 5-Jul-19 | 13.02 cts/lb | 12.97 cts/lb | 323.05 $/T | 14.65 cts/lb |
| 4-Jul-19 | 13.09 cts/lb | 12.97 cts/lb | 323.50 $/T | 14.67 cts/lb |
| 3-Jul-19 | 13.16 cts/lb | 12.98 cts/lb | 324.45 $/T | 14.72 cts/lb |
| 2-Jul-19 | 13.00 cts/lb | 12.97 cts/lb | 322.70 $/T | 14.64 cts/lb |
| 1-Jul-19 | 13.20 cts/lb | 12.97 cts/lb | 329.30 $/T | 14.94 cts/lb |

Source: www.isosugar.org

ကြံမျိုးကောင်းမျိုးသန့်များ ဝယ်ယူအသုံးပြုမည့် တောင်သူများ၏ စိုက်ပျိုးမြေနမူနာစစ်ဆေး၍ ကြံအတွက် ထည့်သွင်းရန်လိုအပ်သည့် မြေဩဇာနှုန်းထားများ ထောက်ခံချက်ပေးခြင်း၊ ရာသီဥတု ပြောင်းလဲမှုအပေါ် သင့်လျော်သည့် စိုက်ပျိုးနည်းစနစ်ကို လက်တွေ့ပြသစိုက်ပျိုးပေးခြင်း၊ မြေဩဇာ လေလွင့်မှုမရှိဘဲ အကျိုးရှိစွာအသုံးပြုနိုင်မည့် Slow Release မြေဩဇာ ထည့်သွင်းသုံးစွဲမှုကို ပြသပေးခြင်း စသည်များကို အခမဲ့ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သကြားသီးနှံဌာနခွဲထံမှ သိရှိရသည်။

တောင်သူများ လက်ရှိစိုက်ပျိုးနေသည့် မျိုးများသည် အထွက်နှုန်းကျဆင်းခြင်းများကြောင့် ဒေသအလိုက် မျိုးခင်းများကို စနစ်တကျ ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး အထွက်နှုန်းကောင်းမွန်လာခြင်းဖြင့် သကြားဈေးကျသည်ကို အထွက်နှုန်းနှင့် ပြန်ကာနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သကြားနှင့် ကြံထွက် ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြားခဲ့သည်ကိုသိရှိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ကြံရာသီသည် ယခင်က နိုဝင်ဘာလတွင်စတင်သော်လည်း ယခုနောက်ပိုင်းတွင် ရာသီဥတုအခြေအနေကြောင့် ဒီဇင်ဘာလတွင် စတင်မည်ဖြစ်ပြီး ဧပြီလတွင် ကြံရာသီပြီးဆုံးကြောင်း သိရှိရသည်။

စာမျက်နှာ ၁၆ သို့

# အာဖရိက ဝက်အပြင်းဖျားရောဂါ ကူးစက်ဝင်ရောက်မှု မရှိစေရေး စောင့်ကြည့်လေ့လာမှုများ ပြုလုပ်နေ

ရန်ကုန်တိုင်းဒေသကြီးအတွင်း အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ဝင်ရောက်မှု မရှိစေရေး ပတ်ဝန်းကျင်ကို နေ့စဉ်စောင့်ကြည့်လေ့လာမှုများ ပြုလုပ်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ဌာနမှ ဌာနမှူး ဦးမင်းအောင်က ပြောသည်။ ဩဂုတ် ၅ ရက်က ရန်ကုန်မြို့တော်ခန်းမတွင် ပြုလုပ်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သတင်းမီဒီယာများတွေ့ဆုံပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“ဒီအာဖရိက အပြင်းဖျားဝက်ရောဂါဟာ တရုတ်မှာပဲ အဖြစ်များပါတယ်။ ဒီနေ့အချိန်ထိတော့ ကျွန်တော်တို့ဆီက ရောဂါနဲ့ပတ်သက်လို့ ပတ်ဝန်းကျင်ကို အမြဲတမ်း လေ့လာစူးစမ်းနေပါတယ်။ ဒီနေ့အထိတော့ မြန်မာနိုင်ငံထဲကို ရောက်တယ်လို့ မကြားမိသေးပါဘူး။ ဒါနဲ့ပတ်သက်လို့လည်း ပြင်ဆင်ထားပါတယ်”ဟု ၎င်းကပြောသည်။

လက်ရှိတွင် အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ နယ်စပ်တွင် အသားတင်သွင်းခွင့် အားလုံးကို မွေးမြူရေးနှင့် ကုသရေးဌာနက ပိတ်သိမ်းထားကြောင်း သိရသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် အိမ်နီးချင်း တရုတ်နိုင်ငံ အပါအဝင် အခြားနိုင်ငံအချို့မှာ ဖြစ်ပွားမှုနှုန်း မြင့်လာသည့်အတွက် လက်ရှိတွင် နယ်စပ်ဂိတ်များမှ ဝက်နှင့်ဝက်ထွက်ပစ္စည်းများ မြန်မာနိုင်ငံတွင်းသို့ တင်သွင်းခြင်း၊သယ်ယူခြင်း ရောင်းချခြင်း ၊ဝယ်ယူခြင်းများကို မပြုလုပ်ရန် ယခင်ထက်ပို၍ တင်းတင်းကျပ်ကျပ် ပိတ်ပင်တားမြစ်ထားသည်ဟုဆိုသည်။

“ကျွန်တော်တို့ ဌာနအနေနဲ့ နေ့စဉ် အသားထုတ် လုပ်ရာမှာ ဂရုတစိုက်စစ်ဆေးမှုတွေ ဆောင်ရွက်ပါတယ်။ ဒီရောဂါဟာ ကူးစက်ခံရတာနဲ့ ဝက်ခြံလုံးလိုက်ပြုတ်ပြီး သေသွားတဲ့ ရောဂါမျိုးဖြစ်တဲ့အတွက် သိသာထင်ရှားတဲ့ရောဂါ ဖြစ်တာကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ သေချာစောင့်ကြည့်လေ့လာနေပါတယ်”ဟု ဦးမင်းအောင်က ပြောသည်။ ယင်းဌာနအနေဖြင့် ဝက်သားထုတ်လုပ်ရေးကို ရွာသာကြီးဝက်သားထုတ်လုပ်ရေးရုံမှ တစ်နေ့လျှင် ဝက်အကောင်ရေ ၄၅၀ မှ ၅၅၀ ကြား ထုတ်လုပ်ပြီး အင်းစိန် (ရွာမ) ဝက်သားထုတ်လုပ်ရေးရုံမှ တစ်နေ့လျှင် ဝက်အကောင်ရေ ၉၀၀ မှ ၁၀၀၀ ကြား ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ရောဂါဖြစ်ပွားမှု အခြေအနေ ကင်းရှင်းသွားချိန်၊ ကင်းရှင်းကြောင်း အကြောင်းကြားခြင်း၊ ဝက်နှင့် ဝက် ထွက်ပစ္စည်း ပြန်လည်တင်သွင်းရန် ဆွေးနွေးညှိနှိုင်းပြီးချိန်မှသာ မြန်မာနိုင်ငံတွင်းသို့ တင်သွင်းခွင့် ပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးကော်မတီအနေဖြင့်လည်း ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား ၊ အေးခဲအသား၊ ဝက်ပေါင်ခြောက် ၊ ဝက်အူချောင်းနှင့် တခြားဝက်ထွက်ပစ္စည်းများအား နယ်စပ်ပေါက် ၊ လေဆိပ်၊ရေဆိပ်များမှ တင်သွင်းခြင်း ၊သယ်ယူခြင်း ၊ ရောင်းချခြင်း တားဆီးပိတ်ပင်ထားမှုတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **ပန်းဆု**

## ရေမီတာခသည် လည်ပတ်စရိတ်ပင်မရှိဘဲ များများထုတ်လေ များများရှုံးနေဟု ရန်ကုန်မြို့တော်ဝန်ဆို

ရန်ကုန်မြို့သို့ ပေးဝေလျက်ရှိသော ရေမီတာခသည် စက်ယန္တရား စရိတ် မဆိုထားနှင့် ရေလည်ပတ်ခပင် မကာမိ၍ ရေများများထုတ်ပါက များများရှုံးနေကြောင်း ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက ပြောသည်။ ရန်ကုန်မြို့တော်ခန်းမ၊ အစည်းအဝေးခန်းမ (၄)တွင် ဩဂုတ် ၅ ရက်ကပြုလုပ်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မီဒီယာများ တွေ့ဆုံပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

“အခုလက်ရှိပေးဝေနေတဲ့ ရေမီတာခက စက်ယန္တရား စရိတ်ထည့် မပြောနဲ့ လည်ပတ်တဲ့စရိတ်နဲ့ တွက်ရင်တောင် နှုန်းထားက နည်းနေသေးတယ်။ အခုအခြေအနေက ရေများများထုတ်လေများများရှုံးလေပဲ” ဟု ၎င်းကပြောသည်။ အိမ်သုံး ရေမီတာခကို တစ်ယူနစ်လျှင် ၈၈ ကျပ်နှင့် စီးပွားရေးသုံး ရေမီတာခမှာ တစ်ယူနစ်လျှင် ကျပ် ၁၁၀ သတ်မှတ်ထားပြီး လက်ရှိအချိန်တွင် ယင်းဈေးနှုန်းမှာ အရှုံးပေါ်နေသော်လည်း ရေမီတာခ ကို တိုးကောက်ရန် မရှိသေးကြောင်း ၎င်းကပြော သည်။

“ကျွန်တော်တို့အနေနဲ့ ရေမီတာခ တိုးကောက်ဖို့တော့ မရှိသေးပါဘူး။ ရေမီတာတွေတပ်ပြီး အလေအလွင့်မရှိအောင် စနစ်တကျသုံးဖို့ ပြောနေတာပါ။ ပြည်သူတွေအနေနဲ့ ရေရဲ့တန်ဖိုးကို နားလည်အောင်ပြောနေတာပါ။ ပြီးရင် ရေအလေအလွင့်နဲ့ပတ်သက်ပြီး နည်းနိုင်သမျှ နည်းအောင်လည်း ကျွန်တော်တို့အနေနဲ့ လုပ်နေပါတယ်”ဟု ၎င်းကပြောသည်။

ထို့ပြင် ရေခိုးသွယ်ခြင်းများကြောင့် ဆုံးရှုံးလျက်ရှိသော ရေများနှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ထိရောက်စွာ အရေးယူသွားမည်ဖြစ်ပြီး ဝန်ထမ်းများကျူးလွန်ပါကလည်း အလုပ်မှရပ်နားသည့်အထိ အရေးယူသွားမည်ဟုဆိုသည်။ ရေပေးဝေရေး စနစ်တွင် လက်ရှိ ရန်ကုန်မြို့ ရေပေးဝေမှု လွှမ်းခြုံနိုင်မှု ပမာဏသည် ၄၅ ရာခိုင်နှုန်းသာရှိသောကြောင့် လာမည့် ၂၀၂၅ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်း အထိ ရေလွှမ်းခြုံမှုပေးနိုင်အောင် ရေပေးဝေရေးလုပ်ငန်းသစ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ရေခိုးသွယ်နေတာတွေ ရှိတာကြောင့် ရေတွေလေလွင့် နေရတာတွေလည်းပါတယ်။ အရင်တုန်းကဆို မြို့နယ်အစွန် အဖျားတွေမှာ လက်တွန်းလှည်းနဲ့ကို စည်ပင်ရေဆိုပြီး ရောင်းနေတာတွေရှိတယ်။ အခုချိန်မှာ ဒါမျိုးတွေလုပ်ရင် အရေးယူနေပါတယ်။ ဒါမျိုးတွေ ခွင့်မလွှတ်ပါဘူး။ အခု နှုန်းထားနဲ့တောင် ရှုံးနေတာ ခိုးသွယ်နေကြတာတွေပါရှိတော့ ပိုဆိုးတယ်” ဟု ၎င်းကဆိုသည်။

လက်ရှိတွင် ရေလှောင်ကန်အသစ်များမှ ရေပေးဝေမှု လုပ်ငန်း အပြင် လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းနှင့် ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းများကို တိုးချဲ့ဆောင်ရွက်နေပြီး ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းသည် ၂၀၂၅ ခုနှစ်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရေရရှိရေးအတွက် ရေအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်နေသလို လက်ရှိပေးဝေနေသည့် စနစ်တွင် ရေအလေအလွင့် ပျောက်ဆုံးမှုများ လျော့နည်းသွားအောင် နိုင်ငံတကာ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံအတွင်း ရန်ကုန်မြို့အတွက် တစ်နေ့လျှင် ရေဂါလန် ၂၀၅ သန်း ပေးဝေနေရာမှ ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြားတွင် ရေယူနစ် ပျောက်ဆုံးမှုများရှိနေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။ **ပန်းဆု**

စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

ထို့ပြင် ၁၀ ဧကနှင့်အထက် မျိုးဝယ်ယူ စိုက်ပျိုးသည့်တောင်သူများကို ကြံစိုက်စက်ဖြင့် အခမဲ့ စိုက်ပျိုးပေးမည်ဖြစ်ပြီး စိုက်ပျိုးသည်မှ ခုတ်သိမ်းသည်အထိကို လည်း နည်းပညာအကူအညီပေးမည်ဖြစ်ကြောင်း သကြားထွက်သီးနှံဌာနခွဲထံမှ သိရှိရသည်။ အဆိုပါ နည်းပညာအကူအညီပေးခြင်းများနှင့် ပတ်သက်၍ သကြားထွက်သီးနှံဌာနခွဲရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် စိုက်ပျိုးရေးရုံး များတွင်လည်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လပထမပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ်နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၆၅ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၄၄၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၀-၄၄၉၊ အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၆၂-၅၉၇ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံများတွင် သကြားဈေးအနည်းငယ် ကျဆင်းလာခဲ့ပြီး ပါကစ္စတန်နှင့် အမေရိကန်နိုင်ငံများတွင် သကြားဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၃၄ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လပထမပတ်အတွင်း မြန်မာ-တရုတ် နယ်စပ် မူဆယ် ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၇ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၆၅ ပေါက် ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၂၈ ဒေါ်လာ ဈေးနှုန်း ကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၂ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၂၈ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။ ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကိုလေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ပျဉ်းမနားမြို့တွင် သကြား တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၅ ဒသမ ၆၉ ရာခိုင်နှုန်း ဈေးနှုန်းကျဆင်းခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၉ ခုနှစ်ဩဂုတ်လပထမပတ်အတွင်းအတွင်း ပြည်တွင်းသကြားဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်။

စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

ကမ္ဘာ့ရေနံဈေးသည် ဩဂုတ် ၇ ရက်တွင် ငါးရာခိုင်နှုန်းခန့်အထိ ကျဆင်းလာခဲ့ပြီး ခုနစ်လအတွင်း အနိမ့်ဆုံးအမှတ်သို့ ရောက်ရှိလာခဲ့သည်ကို တွေ့ရှိရသည်။ လက်ရှိအခြေအနေတွင် အမေရိကန်နှင့် တရုတ်ကုန်သွယ်ရေးတင်းမာမှုများ ပိုမိုနက်ရှိုင်းလာမှုကြောင့် ရေနံစိမ်းဝယ်လိုအား လျော့ကျလာမည်ကို စိုးရိမ်ပူပန်မှုများဖြစ်ပေါ်နေခြင်း၊ အမေရိကန် ရေနံစိမ်းသိုလှောင်မှု များပြားလာခြင်း တို့ကြောင့် ယခုကဲ့သို့ ရေနံဈေးကျဆင်းလာခြင်းဖြစ်ကြောင်း သိရှိရသည်။ Brent ရေနံဈေးနှုန်းသည် ၂ ဒသမ ၃၈ ဒေါ်လာ (၄ ရာခိုင်နှုန်း)ခန့်ကျဆင်းလာခဲ့ပြီး တစ်စည်လျှင် ဒေါ်လာ ၅၆ ဒသမ ၅၆ ဈေးဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။ အမေရိကန် WTI ရေနံဈေးသည် ၂ ဒသမ ၆၆ ဒေါ်လာ ( ၅ ရာခိုင်နှုန်း) ခန့်ဈေးကျဆင်းခဲ့ပြီး တစ်စည်လျှင် ဒေါ်လာ ၅၀ ဒသမ ၉၇ ဈေးဖြစ်ပေါ်ခဲ့သည်ကို သိရှိရသည်။ အမေရိကန်အစိုးရ၏ ကိန်းဂဏန်းအချက်အလက် စာရင်းများအရ အမေရိကန် ရေနံသိုလှောင် ပစ္စည်းပမာဏသည် ယခင်တစ်ပတ်က စည်ပေါင်း ၂ ဒသမ ၄ သန်းအထိ မြင့်တက်ခဲ့ခြင်းကြောင့် ရေနံဈေး ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၉၅၀၊ ဒီဇယ် တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၀၄၆ ကျပ်၊ ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၀၀ ကျပ်နှင့် ဘားအံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၉၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၆၃ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရ သည်။

ပြည်တွင်းရှိ စက်သုံးဆီဈေးနှုန်းများသည်လည်း ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအနည်းငယ် ကျဆင်းလာခဲ့သည်ကို တွေ့ရှိ ရသည်။ ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက်တွင် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၈၈၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင်ကျပ် ၈၉၀၊ အောက်တိန်း-92 တစ်လီတာလျှင် ၇၈၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၇၅ ကျပ်ရှိခဲ့ကြောင်း လေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာ သုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

တက္ကသိုလ်များတွင် စိုက်ပျိုးရေးဆိုင်ရာ မဟာသိပ္ပံသင်တန်းနှင့် ပါရဂူသင်တန်းများ တက်ရောက်ရန်အတွက် သုတေသနပညာရှင် လေးဦး စေလွှတ်မည်ဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက ပြောကြားခဲ့သည်ကို သိရှိရသည်။

တရုတ်နိုင်ငံရှိ ရွှေချိုက်ကုမ္ပဏီက မူဆယ်နယ်စပ်မှ တရားဝင် ဆန်တန်ချိန် တစ်သောင်းကျော် ဝယ်ယူရာတွင် ယူနန်အစိုးရကို အခွန် ၆၀ ရာခိုင်နှုန်း ပေးဆောင်ရသည့် အကြောင်းပြချက်ဖြင့် ဈေးနှိမ်ဝယ်ယူမှုများရှိကြောင်း ဆန်ကုန်သည်များက ပြောကြား ကြသည်ကို သိရှိရသည်။ နယ်စပ်မှ တရုတ်နိုင်ငံသို့ ဆန်တင်ပို့ ရာတွင် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ ခန့်သာရရှိပြီး မြန်မာဆန်ကုန်သည်များ အကျိုးအမြတ်ရရှိမှု နည်းလာခြင်းကြောင့် တရုတ်နိုင်ငံသို့ ပင်လယ်ရေကြောင်းမှ သင်္ဘောဖြင့် တရားဝင်ရောင်းချနိုင်ရေး ပြန်လည်ကြိုးစားလာကြောင်း၊ ပင်လယ်ရေကြောင်းမှ တရုတ် နိုင်ငံသို့ဆန်တင်ပို့ရာတွင် တစ်တန်လျှင် ကန်ဒေါ်လာ ၃၂၀ မှ ၃၃၀ အကြား အနည်းဆုံးဈေးရရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဗဟိုအလုပ်အမှုဆောင် ဦးမျိုးသူရအေးက ပြောကြားခဲ့ သည်ကို သိရှိရသည်။

ဆန်ဈေးကွက်တွင် ပြည်တွင်းစားသုံးသည့် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် လက်ရှိအချိန်တွင် ကျပ် ၅၅၀၀၀ ဖြင့် အတက်ဈေးတွင်ရှိနေပြီး ခုနစ်လအတွင်း တစ်အိတ်လျှင် ကျပ် ၇၀၀၀ ခန့်မြင့်တက်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်သည့်စာရင်းများအရ သိရှိရသည်။ ၂၀၁၉ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သည့် ရွှေဘိုပေါ်ဆန်း ဈေးနှုန်းများကို လေ့လာကြည့်ပါက ဇန်နဝါရီလတွင် တစ်အိတ်လျှင် ၄၈၀၀၀ ကျပ်၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင် တစ်အိတ်လျှင် ၅၀၀၀၀ ကျပ်၊ ဧပြီလအတွင်း တစ်အိတ်လျှင် ကျပ် ၅၂၀၀၀ အထိမြင့်တက်ခဲ့ကာ မေလ၊ ဇွန်လနှင့် ဇူလိုင်လတို့တွင် ကျပ် ၅၅၀၀၀ အထိ ထပ်မံမြင့်တက်လာခဲ့ပြီး ရွှေဘိုပေါ်ဆန်းဈေးမှာ အတက်ဈေးတွင်သာ ရှိခဲ့ကြောင်း သိရှိရ သည်။

ဩဂုတ် ၆ ရက်တွင် မြောင်းမြ/ ပုသိမ် ပေါ်ဆန်းသစ် တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၄၀၀၀၀ မှ အမြင့် ဆုံး ၄၄၀၀၀ ကျပ်၊ ဖျာပုံပေါ်ဆန်းသစ် တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၃၈၀၀၀ မှ အမြင့်ဆုံး ၄၀၀၀၀ ကျပ်၊ ဧည့်မထဆန် တစ်အိတ် လျှင် အနိမ့်ဆုံးကျပ် ၁၉၀၀၀ မှ အမြင့်ဆုံး ၂၀၀၀၀ ကျပ်၊ ငစိန်ဆန် တစ်အိတ်လျှင် အနိမ့်ဆုံး ကျပ် ၁၉၀၀၀ မှ အမြင့်ဆုံးကျပ် ၁၉၇၀၀ ကျပ် ဈေးများ အသီးသီး ဖြစ်ပေါ်နေကြောင်း မြန်မာနိုင်ငံဆန် ကုန်သည်များအသင်းမှ ထုတ်ပြန်ချက်အရ သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဩဂုတ် ၈ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၄ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန် ၂၅ မှတ် ဆန် တစ်အိတ်လျှင် ၁၉၂၆၀ ကျပ်မှ ၁၉၄၇၄ ကျပ် အထိ ပေါက် ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဩဂုတ် ၈ ရက်တွင် ဖြစ်ပေါ်နေ သော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များအရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဩဂုတ် ၂ ရက်မှ ၈ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါ အတိုင်း ဖော်ပြအပ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ် နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀ ဖြင့် အမြင့်ဆုံး ဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး မော်လမြိုင်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့ သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ၃ ဒသမ ၂၈ ရာခိုင်နှုန်း ဈေးကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်ပထမပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည် ကို လေ့လာသုံးသပ်တင်ပြအပ်သည်။

| စဉ် | အမျိုးအစား | ရာနိုင်နှုန်း | ဈေးနှုန်း | | | | |
|---|---|---|---|---|---|---|---|
| | | | ၂.၈.၂၀၁၉ | ၅.၈.၂၀၁၉ | ၆.၈.၂၀၁၉ | ၇.၈.၂၀၁၉ | ၈.၈.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၁၀၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ | ၂၁၅၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၁၉၅၀၀ | ၂၁၀၀၀ | ၂၁၀၀၀ | ၂၀၈၀၀ | ၂၀၈၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၀၀၀၀ | ၂၀၃၀၀ | ၂၀၃၀၀ | ၂၀၃၀၀ | ၂၀၃၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၄၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၉၇၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၈၅၀၀ | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၄၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၀၅၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ |
| ၈ | ကရင်မ | 80(Raw) | ၂၀၀၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၁ |

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၂၆ | ၃၀.၇.၂၀၁၉ | ၁၁၄၈၀၀၀ | ၁၄၂၈ |
| ၂၇ | ၁.၈.၂၀၁၉ | ၁၁၄၁၅၀၀ | ၁၄၀၇ |
| ၂၈ | ၂.၈.၂၀၁၉ | ၁၁၅၀၅၀၀ | ၁၄၃၇ |
| ၂၉ | ၃.၈.၂၀၁၉ | ၁၁၅၄၅၀၀ | ၁၄၄၁ |
| ၃၀ | ၄.၈.၂၀၁၉ | ၁၁၅၃၅၀၀ | ၁၄၄၁ |
| ၃၁ | ၅.၈.၂၀၁၉ | ၁၁၆၈၀၀၀ | ၁၄၅၇ |
| ၃၂ | ၆.၈.၂၀၁၉ | ၁၁၇၅၀၀၀ | ၁၄၆၄ |
| ၃၃ | ၇.၈.၂၀၁၉ | ၁၂၀၃၀၀၀ | ၁၄၈၉ |

Source: estimate of world's exchange rate and gold price page

ပြည်တွင်းရွှေဈေးသည် ဧပြီလဆန်းပိုင်းတွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၀၅၀၀၀၀ ခန့်ပေါက်ဈေးရှိရာမှ လက်ရှိတွင် ၁၂ သိန်းကျော်အထိ ရောက်ရှိလာခဲ့ရာ လေးလအတွင်း ကျပ် ၁၅၀၀၀၀ ကျော်ခန့် ဈေးမြင့်တက်လာခြင်းဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် ရွှေဈေးမြင့်တက်လာမှုကြောင့် ပြည်တွင်းရွှေဈေးမှာ မြင့်တက်လာခြင်းဖြစ်ပြီး ရွှေဈေးမှာ ဆက်လက်မြင့်တက်လာမည်ဟု မျှော်မှန်းထားသည့်အတွက် ရွှေဝယ်ယူသူများလာကာ အဝယ်လိုက်လာသော်လည်း ထုတ်ရောင်း မည့်သူမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားခဲ့သည်ကို သိရှိရသည်။ ရွှေကုန်သည်များတွင်လည်း ၇၀ ရာခိုင်နှုန်းမှာ ရွှေဝယ်ယူလိုသူများ ဖြစ်နေပြီး ရွှေရောင်းချလိုသူများမှာ ၃၀ ရာခိုင်နှုန်းသာရှိကြောင်း၊ အဝယ်ရှိသော်လည်း အရောင်းနည်းခြင်းကြောင့် ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်မှု ကျဆင်းလျက်ရှိကြောင်း သိရှိရသည်။

ယခင်က ရန်ကုန်မြို့တွင် ရွှေအရောင်းအဝယ်မှာ နေ့စဉ်ရွှေ ပိဿာချိန် ၅၀ ခန့်အရောင်းအဝယ်ပြုလုပ်နေပြီး လက်ရှိတွင်မူ ရွှေ တစ်ပိဿာခန့်သာ အရောင်းအဝယ် ပြုလုပ်နေကြကြောင်း၊ ကမ္ဘာ့ရွှေဈေးသည် ယခင်က တစ်ရက်လျှင် ၃ ဒေါ်လာမှ ၅ ဒေါ်လာကြားခန့်သာ အတက်အကျဖြစ်သော်လည်း ယခုရက်ပိုင်းများအတွင်း ဒေါ်လာ ၅၀ မှ ၁၀၀ အကြား မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ရွှေဈေးမှာ အကျဘက်ထက် အတက်ဘက်ကို ဦးတည်သွားနေခြင်းကြောင့် ရွှေဈေးနှုန်းတည်ငြိမ်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်ကပြောကြားခဲ့သည်ကို သိရှိရသည်။

အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲအခြေအနေများ၊ နိုင်ငံအချင်းချင်း တင်းမာမှုများကြောင့် စတော့ရှယ်ယာ များ မတည်မငြိမ်ဖြစ်ကာ ဒေါ်လာငွေကြေးအပေါ် ယုံကြည်မှုလျော့ကြလာပြီး ရွှေကို ဝယ်ယူစုဆောင်းလာကြသောကြောင့် ကမ္ဘာ့ရွှေဈေး မြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေကုန်သည်များက သုံးသပ်ကြသည်။


ယင်းကဲ့သို့ ပြည်ပရွှေဈေး မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေး မြင့်တက်လာခြင်းမှာ ကောင်းမွန်သည့် အချက်ဖြစ်ပြီး ပြည်တွင်းရွှေဈေးလိုက်လံမြင့်တက်မှုမရှိပါက တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ပြည်ပသို့ ရွှေ ရောင်းဝယ်ဖောက်ကားမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောကြားခဲ့သည်ကို သိရှိရ သည်။

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Econo- mic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၈၂ ရာခိုင်နှုန်း ၊ Year on Year Inflation ၉ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၂ ရက်မှ ၈ ရက်အထိ ရက်အလိုက် ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေ လဲလှယ်နှုန်းများကို အောက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်-

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၂ရက်တွင်တစ်ဒေါ်လာလျှင် ၁၅၁၂ ဒသမ ၅၀ ကျပ်ရှိခဲ့ရာမှ ဩဂုတ် ၈ ရက်တွင် ၁၅၀၈ ဒသမ ၄၀ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၂၇ ရာခိုင်နှုန်း ပြန်လည်ကျဆင်းလာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဇူလိုင် ၁ ရက်မှ ဩဂုတ် ၈ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်း တန်ဖိုးများအား အောက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။




ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဩဂုတ် ၂ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၄ ကျပ်၊ ဩဂုတ် ၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၁ ကျပ်၊ ဩဂုတ် ၆ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၀ ကျပ်၊ ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် တစ်ဒေါ်လာလျှင် ၁၅၀၉ ကျပ် အသီးသီး ပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။

တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂-၈-၁၉ | ၅-၈-၁၉ | ၆-၈-၁၉ | ၇-၈-၁၉ | ၈-၈-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၁၂.၅ | ၁၅၁၂.၃ | ၁၅၁၁.၀ | ၁၅၀၉.၈ | ၁၅၀၈.၄ | -၀.၂၇ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၇၇၅ | ၃၀.၈၁၅ | ၃၀.၇၅၅ | ၃၀.၈၂၅ | ၃၀.၇၅၅ | -၀.၀၆ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၇၇ | ၁.၃၈၂ | ၁.၃၈၀ | ၁.၃၈၃ | ၁.၃၈၂ | ၀.၃၆ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၅၆ | ၄.၁၇၈ | ၄.၁၉၀ | ၄.၁၈၆ | ၄.၁၈၂ | ၀.၆၃ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၈၁ | ၁၄၂၆၇ | ၁၄၂၈၀ | ၁၄၂၂၅ | ၁၄၂၀၇ | ၀.၁၉ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၄၃ | ၇.၀၃၅ | ၇.၀၃၅ | ၇.၀၄၃ | ၇.၀၄၄ | ၁.၄၅ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၅၅၆ | ၇၀.၄၆၇ | ၇၀.၇၅၆ | ၇၀.၈၀၆ | ၇၀.၆၇၄ | ၁.၆၁ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၆.၉၂၈ | ၁၀၅.၉၈၅ | ၁၀၆.၄၂၃ | ၁၀၆.၂၂၇ | ၁၀၆.၁၃၆ | -၀.၇၄ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၄၇၃ | ၁.၄၇၉ | ၁.၄၇၃ | ၁.၄၈၆ | ၁.၄၇၅ | ၀.၁၄ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၀၁ | ၀.၈၉၇ | ၀.၈၉၃ | ၀.၈၉၄ | ၀.၈၉၂ | -၁.၀၀ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၈၂၅ | ၀.၈၂၄ | ၀.၈၂၁ | ၀.၈၂၃ | ၀.၈၂၃ | -၀.၂၄ | ⬇ |

Source– Central Bank of Myanmar

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၄)

## အစိုးရ၏ အစီရင်ခံစာ(Government's Report)ပါ အချက်များအား လေ့လာခြင်း

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း ပြုလုပ်သည့် အဖွဲ့ဝင်နိုင်ငံ၏ အစိုးရအနေဖြင့် မိမိနိုင်ငံအတွင်းရှိ လက်ရှိချမှတ်ကျင့်သုံးနေသော ကုန်သွယ်မှုဆိုင်ရာ မူဝါဒနှင့် ဆက်စပ်ဥပဒေများ၊ ဖြစ်ပေါ်တိုးတက်မှုများကို အခြားသော အဖွဲ့ဝင်နိုင်ငံများအား အသိပေးရှင်းလင်းတင်ပြသော သဘောဖြင့် Government's Report ကို ပြုစုရခြင်းဖြစ်ပါသည်။ ထိုသို့ တင်ပြရာတွင် အပြုသဘောဆောင်သော အမြင်များကိုအခြေခံထားလေ့ရှိပြီး အစိုးရ၏ မူဝါဒရေးရာကိစ္စရပ်များကိုထင်ဟပ်စေသည့် အချက်များစွာပါဝင်နေပါသည်။ ထို့အပြင် အစိုးရ၏ မူဝါဒရေးရာ အနာဂတ် ဦးတည်ချက်များ၊ မျှော်မှန်းချက်များအပြင် အလားအလာများကိုလည်း ကြိုတင်ခန့်မှန်းနိုင်မည့် အစီရင်ခံစာတစ်စောင်ဖြစ်ပြီး Secretariat Report နှင့် နှိုင်းယှဉ်ကြည့်ပါက အသေးစိတ်ကျကျ ဖော်ပြထားခြင်းမျိုးမရှိဘဲ အမျိုးသားအဆင့်/နိုင်ငံအဆင့် ကုန်သွယ်မှုရေးရာ မူဝါဒများကို ထိထိမိမိပေါ်လွင်အောင် အကျဉ်းချုပ်ရေးသားထားခြင်းမျိုးဖြစ်ပါသည်။

## အစိုးရ၏ အစီရင်ခံစာ(Government's Report)ပါ အဓိက အကြောင်းအရာများ

ကုန်သွယ်မှုမူဝါဒ ဆန်းစစ်သည့်နိုင်ငံ၏ စီးပွားရေးနှင့်ဆက်နွှယ်နေသော နောက်ခံသမိုင်းကြောင်းကို အကျဉ်းချုပ်ဖော်ပြချက်များ၊ ခေတ်အဆက်ဆက် စီးပွားရေးစနစ်များ ပြုပြင်ပြောင်းလဲလာမှုများအပြင် အချိန်အခါအလိုက် နိုင်ငံ၏ ကျင့်သုံးသည့်စနစ်အရပြောင်းလဲ ဖြစ်ပေါ်လာရသည့် စီးပွားရေးလုပ်ကိုင်ဆောင်ရွက်နိုင်မှုအခြေအနေများကိုလည်း ဖော်ပြထားပါသည်။

ပွင့်လင်းမြင်သာရှိစေမှုနှင့် အခြားသော ဖွဲ့စည်းပုံဆိုင်ရာပြုပြင်ပြောင်းလဲမှုများကိုလည်း အသေးစိတ်ဖော်ပြထားပါသည်။ ပွင့်လင်းမြင်သာရှိစေရေးအတွက် ချမှတ်ထားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းဥပဒေသများကို အခြေခံကာ အစိုးရအနေဖြင့်



[ WTO ]


ချမှတ်ကျင့်သုံးနေသော ကုန်သွယ်မှုဆိုင်ရာမူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဆင့်အတန်းအရ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ကုန်သွယ်မှုမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများအပြင် ဥပဒေပြဋ္ဌာန်းချက်များကို အသိပေးအကြောင်းကြားခြင်း၊ Notification ပြုလုပ်ရန် လိုက်ပါဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အစိုးရ၏ စီးပွားရေးရာ (အထူးသဖြင့်) ကုန်သွယ်ရေးယန္တရားတစ်ရပ်လုံးအတွက် စွမ်းဆောင်ရည်မြှင့်တင်ခြင်း လုပ်ငန်းစဉ်တွင် နိုင်ငံတကာမှဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီရယူဆောင်ရွက်နေမှုများကို လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဆွေးနွေးညှိနှိုင်းမှုများတွင် လိုက်ပါဆောင်ရွက်နေမှု အခြေအနေများနှင့် လိုက်ပါဆောင်ရွက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်နေမှုများကိုလည်းကောင်း၊ ကဏ္ဍအလိုက်ဖွဲ့စည်းပုံပြုပြင် ပြောင်းလဲဆောင်ရွက်နေသည့် အခြေအနေများ၊ နှစ်နိုင်ငံ ကုန်သွယ်မှုအပြင် ဒေသတွင်းအဖွဲ့ အစည်းများတွင် လိုက်ပါဆောင်ရွက်နိုင်ရေး ကြိုးပမ်းနေမှုများအပြင် ပြည့်ပြည့်ဝဝလိုက်ပါဆောင်ရွက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ လာမည့်အနာဂတ်တွင် အစိုးရ၏ အလေးပေးဆောင်ရွက်သွားမည့် ကဏ္ဍများကို အနည်းငယ်သုံးသပ်လေ့လာနိုင်မည့် အခြေအနေများကို လည်းကောင်း၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေမှုပုံစံများအပြင် အိမ်နီးချင်း ကုန်သွယ်ဖက်နိုင်ငံများ/အဓိက ကုန်သွယ်မှုပြုလျက်ရှိသည့် နိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကိုလည်းကောင်း ဖော်ပြထားပါသည်။

ထို့ပြင် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်သည့် ဆက်စပ်ကာလမတိုင်မီအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှုများ၏ အကျိုးဆက်များ၊ မူဝါဒအပြောင်းအလဲဖြစ်ပေါ်လာမှုများ၏ သက်ရောက်မှုများကြောင့် ကုန်သွယ်မှုအပေါ် တိုက်ရိုက်သော် လည်းကောင်း/သွယ်ဝိုက်သောအားဖြင့်သော် လည်းကောင်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေများ၊ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ/ ပြင်ဆင်ပြောင်းလဲမှုများ၊ စီးပွားရေး လုပ်ကိုင်ဆောင်ရွက်ခွင့်ခွင့်ပြုနေမှုများနှင့် နိုင်ငံအတွင်းရှိ ဆက်စပ်ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသည့် မူဝါဒဆိုင်ရာများကိုလည်း သိရှိလေ့လာနိုင်ပါသည်။

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒပြင်ဆင်ချမှတ်ဆောင်ရွက်နေမှုများ၊ လယ်ယာကဏ္ဍနှင့် သဘာဝအရင်းမြစ်များအပေါ် စနစ်တကျဖြစ်စေရေး ရည်ရွယ်ချမှတ်ထားသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုအစရှိသည့် ကဏ္ဍများအတွက် အစိုးရ၏ လက်ရှိဦးတည်ဆောင်ရွက်နေသော ရည်မှန်းချက်အလားအလာများစသည်တို့ကို ဖော်ပြထားပါသည်။

ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ဝင်နိုင်ငံ၏အစိုးရအနေဖြင့် ပြင်ဆင်ပြုစုပေးပို့ရသော အစီရင်ခံစာတစ်စောင်ဖြစ်သည့် အတွက် မိမိနိုင်ငံ၏ စီးပွားရေးအခြေအနေ၊ အခွင့်အလမ်းနှင့် ဦးတည်ဆောင်ရွက်မှုများကို သိသာပေါ်လွင်အောင် ဖော်ပြပြုစုရေးသားကြပါသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဖော်ပြသည့် အကြောင်းအရာများမှာ ယေဘုယျသဘောအရ တူညီသော်လည်း အနည်းငယ်ကွဲလွဲမှုရှိပါသည်။

**စာမျက်နှာ ၂၀ သို့**






# Lin Latt Phyei

Oversea Employment Agency

60/2014

## NILAR AYE

## Managing Director

## 09 450042281

Add : No.50/A, G - Floor, 165th Street,
Tamwe Township, Yandon, Myanmar.

Tel : 09 780065689,

Email : linlatpyae@gmail.com

# အဘထ

'ထ' အမှတ်တံဆိပ်

သွေးပေါင်ချိန်ကိုထိန်းညှိပေးမယ့်

## သွေးတိုးကျ ခေါင်းကြည်ဆေး




လူတိုင်းကျန်းမာ အဘထ စေတနာ

အမှတ်(၁၅၀)၊မြို့ပတ်လမ်း၊ရွာမအနောက်၊အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။

-၀၁-၆၄၇၄၂၅၊ -၀၉-၃၁၆၉၇၁၁၇၊ -၀၉-၇၃၂၄၂၂၂၇၊ -၀၉-၅၀၄၃၅၆၁၊ -၆၄၂၀၄၇

မင်္ဂလာ

# မင်္ဂလာ ဟင်္သာ ကုမ္ပဏီလီမိတက်

## အရည်အသွေးမြင့် စိုက်ပျိုးရေးဆေးများ

အထွက်တိုးရွက်ဖျန်းအထူးအားဆေးများ



ပေါင်းရွေးချယ် ပေါင်းသတ်ဆေး

အစွမ်းထက်ပိုးသတ်ဆေးများ



ထောင်သူ ချမ်းသာ မင်္ဂလာ

# KAN LYNN

International Trading Co.,Ltd





Add : No.12, 9th Street, Lanmadaw Tsp, Yangon.

Tel : 95-1-225339

# အလားအလာရှိသော ပို့ကုန်အမယ်သစ်
# ဆီသီးအဆီ

မြင့်ဇော်မိုး

**မျိုးရိုးဗီဇနှင့်အသုံးဝင်ပုံ**

ဆီသီးအပင် (Tung Tree)သည် အပူပိုင်းဒေသအပင်များဟု ယေဘုယျခေါ်ဝေါ်သော အပင်မျိုးဖြစ်ပါသည်။ နို့ရည်နှင့်တူပြီး ခါးသည့် အစေးပါရှိသော အပင်ငယ်အနွယ်တူမျိုးကွဲအစုတွင်ပါဝင်သည်။ အာရှအရှေ့ပိုင်းနှင့် ပစိဖိတ်ကျွန်းများတွင် မူလပထမပေါက်လေ့ရှိပြီး ဥရောပနှင့် အမေရိကန်နိုင်ငံများတွင် စိုက်ပျိုးကြသည်ကို တွေ့ရသည်။

အရွယ်ရောက်သည့် အပင်များ၌ ကြီးမား၍ ကျယ်ပြန့်သောအရွက်များရှိပြီး အမြင့်(၁၈)မီတာ ပေ၆၀ထိ မြင့်မားသည်။ ထင်ရှားပေါ်လွင်နေသော အဖြူရောင်ပန်းများတွင် ပွင့်ဖတ်သုံးခုနှင့် ဝတ်ဆံဖိုရှစ်ခုမှ ၂၀ အထိရှိသော ပွင့်မဝတ်ဆံတစ်ခုရှိပါသည်။ အသားများ၍ အစေ့မာသောသစ်သီးများ တွဲလောင်းကျ၍ သီးပါသည်။ အစေ့များကို အပူပေးပြီးအမှုန့်ကြိတ်ကာ အညိုပုပ်ဆီဖြစ်အောင် ဖိကြိတ်လိုက်သည့်အခါ အမည်းရောင် (Tung Oil) ရရှိပါသည်။ အဖြူရောင် Tung Oil ရောသော အဝါရင့်ရောင် Tung Oil သည် အပူမပေးဘဲ ဖိကြိတ်ထားသောအစေ့မှ ရရှိသည်။ အဆိုပါ အသီးများမှ Tung Oil ဟုခေါ်ဝေါ်သော တန်ဖိုးရှိသည့်ဆီများ ထွက်ရှိကာ ဆိုးဆေးများထုတ်လုပ်ရာတွင် အသုံးပြုပါသည်။ အစွမ်းထက်သော အခြောက်ခံတတ်ပစ္စည်းအဖြစ် သဘော်ဆေးများ (Paints)၊ အရောင်တင်ဆေးဆီများ ထုတ်လုပ်ရာတွင် အသုံးပြုပြီး ရေစိမ်စက္ကူနှင့် ပန်းအိုးများပြုလုပ်ရာတွင်လည်း အသုံးပြုကြသည်။

**မူဆယ်ဒေသတွင် စတင်စိုက်ပျိုး**

ဆီသီးပင်ကို ၁၉၃၇ ခုနှစ် မတ်လတွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ မန်စီဒေသ၊ စန်ဂရော်အိုင်မှ ဆီသီးတစ်တင်းလျှင် ငွေဒင်္ဂါး(၁၀)ဖြင့် မူဆယ်မြို့နယ်၊ မန်ပြိန်ကျေးရွာအုပ်စု မန်နောင်ယာရွာ၌ ဟော်ဝါးဒူဝါခန်ဖုန်းဦးလဗျလဂေါင်နှင့် ဦးလဗျခါးလီ(နမ့်ချက်)တို့က ပထမဆုံး စတင်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

ဆီသီးပင်ကို သီးသန့်စိုက်ပျိုးခြင်း မဟုတ်ဘဲ လက်ဖက်ခြံများအတွင်း၌ ရောနှောစိုက်ပျိုးသည့် စနစ်ဖြင့်သာ စိုက်ပျိုးကြသည်။ အများအားဖြင့် တောင်ယာစပါးစိုက်ပျိုးသည့်အခါ ဆီသီးမျိုးစေ့များကို ကြဲချခြင်း သို့မဟုတ် ပေါက်ပြားတစ်ခါပေါက်ပြီး မြေဖုံးကာချစိုက်သည့်စနစ်ဖြင့် စိုက်ပျိုးခဲ့ကြသည်။

**အထွက်နှုန်း**

မြေဩဇာကောင်းမွန်သည့် မြေနေရာများတွင် စိုက်ပျိုးပါက သုံးနှစ်မှ စတင်သီးပြီး၊ ပုံမှန်မြေမျိုး၌ (၄-၅)နှစ်တွင် အသီးစတင်သီးပါသည်။ အသီးစတင်သီးချိန်မှ နှစ်နှစ်၊ သုံးနှစ်အကြာ အသီးသီးပြီးသည့် အပင်တစ်ပင်၏ ပျမ်းမျှအထွက်နှုန်းမှာ ၁၀ ပြည်ခန့်ရရှိသည်။

ဆီသီးခြောက်တစ်တင်း၏ ပျမ်းမျှအလေးချိန်မှာ ၂၀ ကီလိုဖြစ်ပြီး ခြောက်သွေ့လွန်းပါက ၁၉ ကီလိုခန့်သာရှိသည်။ ဆီသီးခြောက်အခွံပါ ကီလို ၁၀၀ ကိုကြိတ်ခွဲပါက အဆီ ၂၃ ကီလို ထွက်ရှိသည်ဟု သိရသည်။ ဆီသီးအား မူဆယ်ဒေသ၌ စိုက်ပျိုးခဲ့သည်မှာ နှစ် ၈၀ ခန့် ရှိပြီဖြစ်သော်လည်း ဈေးကောင်းမရခြင်း၊ ဈေးကွက် မကျယ်ပြန့်ခဲ့ခြင်းကြောင့် စနစ်တကျစိုက်ပျိုးမှုမရှိကြောင်း တွေ့ရှိရသည်။

**ဆီသီးဈေးနှုန်းများ**

ဆီသီးခြောက်ဈေးနှုန်းများမှာ ၂၀၀၂ - ၂၀၀၃ က တစ်တင်းလျှင်ကျပ် ၁၅၀၀၊ ၂၀၀၃ - ၂၀၀၄ က တစ်တင်းလျှင်ကျပ် ၂၅၀၀၊ ၂၀၀၄ - ၂၀၀၅ ကတစ်တင်းလျှင်ကျပ် ၆၂၀၀၊ ၂၀၀၅ - ၂၀၀၆ ကတစ်တင်းလျှင်ကျပ်၄၅၀၀၊ ၂၀၁၈ - ၂၀၁၉ က တစ်တင်းလျှင် ကျပ်၁၈၀၀၀ ပေါက်ဈေး ရှိကြောင်း သိရသည်။

**စိုက်ပျိုးထားရှိမှုအခြေအနေ**

မူဆယ်ခရိုင်အတွင်း၌ စိုက်ပျိုးထားရှိသော ဆီသီးပင် စိုက်ဧကမှာ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူးရုံး၊ မူဆယ်မြို့မှ ပြုစုထားရှိသောစာရင်းအရ မူဆယ်မြို့နယ်တွင် ၁၂၇၄ ဧက၊ နမ့်ခမ်းမြို့နယ်တွင် ၁၃၅၄ ဧကနှင့် ကွတ်ခိုင်မြို့နယ်တွင် ၁၅၄ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**ရောင်းချနေမှုအခြေအနေနှင့် ရှေ့အလားအလာ**

မူဆယ်ခရိုင်အတွင်းမှ ဆီသီးစိုက်ပျိုးလုပ်ကိုင်သူများသည် အသီးခြောက်နှင့်ကြိတ်ခွဲပြီး ထွက်ရှိသော (Tung Oil) ဆီသီးအဆီများကို တစ်ဖက်တရုတ်နိုင်ငံသို့ နယ်စပ်ထွက်ပေါက်များမှ အဆင်ပြေသည့် နည်းလမ်းဖြင့် တင်ပို့ရောင်းချနေကြပါသည်။ ပြည်ပပို့ကုန်အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင်တင်ပို့ရောင်းချမှုမရှိသဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးလျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဆီသီး အဆီ (Tung Oil)ပစ္စည်းအမယ်အား တရုတ်နိုင်ငံ ဈေးကွက်သို့ တရားဝင်တင်ပို့နိုင်ရေးအတွက် ဈေးကွက်ရှာဖွေပေးရန် လိုအပ်မှု ရှိနေခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရသည်။ တစ်ဖက်တရုတ်နိုင်ငံမှ ဝယ်လိုအားရှိလာပါက မြန်မာဘက်မှကုန်သည် လုပ်ငန်းရှင်များက စိုက်ပျိုးထုတ်လုပ်မှုများနှင့် ချိတ်ဆက်ကာ တရားဝင်အမယ်သစ်အဖြစ်တင်ပို့နိုင်မည့် အလားအလာများရှိသည်။

နယ်စပ်ကုန်သွယ်မှုကဏ္ဍ၌ ပို့ကုန်တိုးတက်ရေးအတွက် မိမိတို့ဒေသတွင်းမှ ထွက်ရှိသော လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး၊ ဈေးကောင်းရရှိပြီး အကျိုးအမြတ်ရရှိရေးတို့အတွက် သက်ဆိုင်ရာ Stakeholder များအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများအနေဖြင့် သက်ဆိုင်ရာ သီးနှံများထွက်ရှိရာဒေသအလိုက် ကုန်ချောထုတ်လုပ်နိုင်သော နည်းပညာဖြင့် စက်ရုံများ၊ စက်မှုဇုန်များ ထူထောင်ကြရန်လိုအပ်ပါသည်။ သို့မှသာ ဈေးနှုန်းနည်းနည်းရရှိသော ကုန်ကြမ်းများတင်ပို့နေမှု၊ တစ်ဖက်နိုင်ငံ၏ လိုအပ်လျှင်တစ်မျိုး၊ မလိုအပ်လျှင်တစ်မျိုး ဈေးကွက်ကစားမှုကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ယခုဆီသီးအဆီ(Tung Oil)အား မြောက်မြားစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပို့ကုန်အလားအလာရှိသော အမယ်သစ်တစ်ခု ထပ်မံပေါ်ထွက်လာတော့မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

## ဒုတိယဝန်ကြီး ဦးအောင်ထူး တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမျိုးသန့်ဖေအား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဖြစ်သူ ဦးမျိုးသန့်ဖေအား ဩဂုတ် ၇ ရက် ညနေ ၄ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၂) ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်သွားနိုင်ရေး၊ နှစ်နိုင်ငံအကြား ပုံမှန်ကုန်သွယ်မှု၊ ကုန်ပစ္စည်းချင်းဖလှယ်သည့် ကုန်သွယ်မှု (Barter Trade)နှင့် နယ်စပ်ကုန်သွယ်မှုတို့ကို မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ မြန်မာ-တရုတ်နယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် တည်ထောင်အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ကျောက်ဖြူအထူး စီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာသံရုံးမှ ညှိနှိုင်းဆောင်ရွက်ပေးသွားရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ အဆိုပါ တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC(IR)**

**စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် . . . မှအဆက်**

တင်ပို့ရာတွင် သိရှိသင့်သည့် လုပ်ငန်းစဉ်များနှင့် စည်းမျဉ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး စီးပွားရေးချိတ်ဆက်မှုများကို ဆောင်ရွက်နိုင်ခဲ့ကြသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ လုပ်ငန်းရှင် စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ဩဂုတ် ၅ ရက် ပေကျင်းစံတော်ချိန် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ စီးပွားရေးဝန်ကြီးဌာန (MOFCOM) သို့သွားရောက်၍ တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာလင်ချန်ကန်းနှင့်တွေ့ဆုံ၍ မြန်မာ- တရုတ် နှစ်နိုင်ငံကုန်သွယ်မှု မြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မြန်မာ-တရုတ်နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန် အကောင်အထည်ဖော်ရေးကိစ္စရပ်များ၊ နာနတ်သီး၊ ထောပတ်သီး အပါအဝင် မြန်မာ့သစ်သီးဝလံများ အရည်အသွေးစစ်ဆေးမှုကို အရှိန်အဟုန်မြှင့်တင်၍ တိုးမြှင့်တင်ပို့နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်ကလည်း ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် China Oil & Food Cooperation Co.,Ltd (COFCO) ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) နှင့် COFCOM တို့အကြား ချုပ်ဆိုထားသော ဆန် Quota တန်တစ်သိန်းဝယ်ယူရေးကိစ္စ အကောင်အထည်ဖော်ရေးကိစ္စအား ဆွေးနွေးကြပြီးနောက် CITIC Construction Co.,Ltd ဥက္ကဋ္ဌနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံမှ လယ်ယာထွက်ကုန်များပိုမိုဝယ်ယူရေး၊ လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး . . . မှအဆက်**

အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Antonio Guterres က Video conferencing ဖြင့် အဝေးရောက် အမှာစကား ပြောကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၇၀ ကျော်မှဝန်ကြီးများ၊ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အမေရိကန်၊ တရုတ်၊ အိန္ဒိယ အပါအဝင် နိုင်ငံပေါင်း ၄၆ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသည်။ အာဆီယံအဖွဲ့ ဝင် နိုင်ငံများအနေဖြင့် အိမ်ရှင်စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့် လာအိုနိုင်ငံတို့မှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် အခြားအာဆီယံနိုင်ငံများက အဆိုပါလက်မှတ်ရေးထိုးပွဲသို့ ပါဝင်တက်ရောက်အားပေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတကာမှ ဆွေးနွေးပွဲတက်ရောက်လာသော ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့်အတူ နေ့လယ်စာ အလုပ်သဘောစကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ဆက်လက်၍ ညနေ ၅ နာရီ ၁၅ မိနစ်တွင် Shangri-La Hotel အထူးဧည့်မခန်းဆောင်၌ စင်ကာပူနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး Mr. K Shanmugam SC နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပြီးနောက် ည ၇ နာရီ တွင် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Heng Swee Keat က တည့်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

**စာမျက်နှာ (၁၈) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ . . . မှအဆက်**

ယင်းသို့သော အကြောင်းရင်းများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်ရေးရာမူဝါဒများ၊ အစိုးရ၏အာဘော် စသည်တို့ကို တိုက်ရိုက်လေ့လာသိရှိနိုင်ရေးအတွက် အစိုးရ၏ အစီရင်ခံစာ (Government’s Report) ပါ အချက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ မျက်ခြည်မပြတ်အလေးထား စောင့်ကြည့်လေ့လာကြသည်ကို တွေ့ရှိရသည်။ ထို့အတူ လေ့လာဆန်းစစ်သည့်နိုင်ငံအတွက်လည်း မိမိနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာ့နိုင်ငံများသို့ ရှင်းလင်းချပြနိုင်သည့် အခွင့်အရေးကို အမိအရ ဆုပ်ကိုင်သွားနိုင်ရန် အထူးအရေးကြီးကြောင်း လေ့လာတွေ့ရှိရသည်။

# မဲခေါင်–လန်ချန်း အထူးရန်ပုံငွေ ဒေသဖွံ့ဖြိုးရေးအတွက် အကျိုးရှိပါစေ

| မောင်လွင်ပြင် |

တရုတ်နိုင်ငံက မြန်မာနိုင်ငံသို့ အထူး ရန်ပုံငွေတစ်ရပ် ပေးအပ်ထားသည်။ ယင်းရန်ပုံငွေမှာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေဟု အမည်ရသည်။ ယင်းအထူးရန်ပုံငွေဖြင့် မြန်မာနိုင်ငံတွင် ဒေသဖွံ့ဖြိုးရေး စီမံကိန်း ၁၂ ခု အကောင်အထည်ဖော်မည်။ ယင်းရန်ပုံငွေပေးအပ်ထောက်ပံ့ခြင်းသည် ဒုတိယအကြိမ် ဖြစ်သည်။ ဇူလိုင် ၃၁ ရက်က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအကြိမ် အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းများ စတင်ကြောင်း အသိပေးကြေညာခြင်း အခမ်းအနားတစ်ရပ် ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက အထူးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများ ကြိုးပမ်းအကောင်အထည်ဖော်သွားမည့်အကြောင်း ပြောကြားခဲ့သည်။ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် လျှော့ချရန်နှင့် အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို အထောက်အကူပေးရန်၊ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် ၂၀၃၀ ရည်မှန်းချက်ကို တိုးမြှင့်အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်သွားရန်ဟူသော ရည်ရွယ်ချက်များဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စီမံကိန်းများဖြင့် စီမံကိန်းဒေသများရှိ တောင်သူလယ်သမားများ၊ ကျေးလက်နေပြည်သူများတို့ ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ သာယာဝပြောမှုကို တိုးမြှင့်ပေးရေး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု ဆိုသည်။ ယခု ဒုတိယအကြိမ်ရရှိသော အထူးရန်ပုံငွေသည် ဒေါ်လာ ငါးသန်းဖြစ်သည်။

တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာချန်းဟိုင်က တရုတ်-မြန်မာ နှစ်နိုင်ငံအစိုးရအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် အကောင်အထည်ဖော်မည့် စီမံကိန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်ကလည်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံတမန်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေအောက်မှ ပထမအသုတ် စီမံကိန်းငါးခုအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများအကြောင်းကို ရှင်းလင်းတင်ပြသည်။ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆွေလင်းက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေအောက်မှ ဒုတိယအကြိမ် စီမံကိန်း ၁၂ ခုနှင့်ပတ်သက်ပြီး ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်ဟု သိရသည်။

မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဟူသည် တရုတ်နိုင်ငံနှင့် မဟာမဲခေါင်ဒေသ ငါးနိုင်ငံဖြစ်သော ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံတို့ ပူးပေါင်းပြီး မဲခေါင်ဒေသတွင်း နိုင်ငံများ၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တစ်ရပ် ရေးဆွဲထားခြင်းဖြစ်သည်။ ယင်းအစီအစဉ်ကိုမဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစနစ်ဟုလည်း ခေါ်သည်။ ယင်းသို့ မဲခေါင်ဒေသတွင်း နိုင်ငံများဖွံ့ဖြိုးတိုးတက်စေရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ရေးအတွက် တရုတ်နိုင်ငံက အထူးရန်ပုံငွေတစ်ရပ် ထူထောင်ခဲ့ပြီး ဒေါ်လာသန်း ၃၀၀ မတည် စိုက်ထူတည်ထောင်ပေးထားသည်။ ယခုမြန်မာနိုင်ငံသို့ အထူးရန်ပုံငွေ ဒေါ်လာငါးသန်း ဒုတိယအကြိမ် ပေးအပ်ထောက်ပံ့ခြင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်း ၁၂ ခုဆောင်ရွက်ဖို့အတွက် ဖြစ်သည်။ ယင်း စီမံကိန်း ၁၂ ခုသည် ဦးစားပေးအဖြစ် ရွေးချယ်ထားခြင်းလည်း ဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းစုစုပေါင်း ၂၃ ခုကို အဆိုပြုခဲ့သည်။ စီမံကိန်း ၁၂ ခု ရွေးချယ်ခံရပြီး အထူးရန်ပုံငွေဒေါ်လာ ငါးသန်းဖြင့် အကောင်အထည်ဖော်မည်ဖြစ်သည်။ အကောင်အထည်ဖော်ဆောင်ရွက်မည့်အခန်းကဏ္ဍများမှာ ဦးစားပေးကဏ္ဍ ကနဦးအဆင့်အနေဖြင့် ပေါင်းစည်းဆက်နွယ်မှု (Connectivity)၊ ထုတ်လုပ်မှု စွမ်းရည်ပူးပေါင်းဆောင်ရွက်မှု (Production Capacity Cooperation)၊ နယ်စပ်ဖြတ်ကျော် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Cross-border Economic Cooperation)၊ ရေအရင်းအမြစ် (Water Resources) စိုက်ပျိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (Agriculture and Poverty Reduction) စသည့် ကဏ္ဍငါးခုတို့ဖြစ်သည်။ ယင်းဦးစားပေး ကဏ္ဍငါးခု ကနဦးအဆင့် ဆောင်ရွက်မည့် စီမံကိန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ဩဂုတ် ၁ ရက်ထုတ် ကြေးမုံ သတင်းစာဖော်ပြချက်အရ သိရသည်။ ဤတွင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုစနစ်အကြောင်း ရှင်းပြဖို့လိုလာပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုစနစ် (အစီအစဉ်)ဟူသည် မဲခေါင်မြစ်နှင့် လန်ချန်းမြစ် မြစ်ဝှမ်းဒေသနိုင်ငံများ ဖွံ့ဖြိုးရေးအတွက် တရုတ်နိုင်ငံက ကူညီ ထောက်ပံ့ရေးအစီအစဉ်ဖြစ်သည်။ မဟာမဲခေါင် ဒေသနိုင်ငံများဖြစ်သော တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနိုင်ငံတို့ပါဝင်သည်။ မဲခေါင် ဒေသငါးနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်း ဖြစ်သည်။ တရုတ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းဒေသ အာဆီယံအဖွဲ့ဝင်ငါးနိုင်ငံနှင့် ချိတ်ဆက်ထားပြီး ဒေသဆိုင်ရာ ဖွံ့ဖြိုးရေး၊ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းရေး၊ နယ်စပ်ဖြတ်ကျော်ပြဿနာများ ဖြေရှင်းရေးနှင့် ဒေသတွင်းနိုင်ငံများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် ရည်ရွယ်ပြီး အထူးရန်ပုံငွေတစ်ရပ် ထူထောင်ပေးထားခြင်း ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစနစ် ပေါ်ပေါက်လာပုံမှာ မြန်မာနိုင်ငံ နေပြည်တော်က စတင်သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးစနစ်ကို ၂၀၁၄ ခုနှစ်က နေပြည်တော်၌ ကျင်းပသည့် တရုတ်- အာ ဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် ပထမဆုံးအကြိမ် အဆိုပြုခဲ့ကြသည်။ ၂၀၁၆ ခုနှစ် မတ်လတွင် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ် ခေါင်းဆောင်များ အစည်းအဝေးကို တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် စန်းရမြို့၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးက မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုစနစ် စတင်ပေါ်ပေါက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာခဲ့သည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ အစီအစဉ်အရ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံမှ ထောက်ပံ့ကူညီရန်ပုံငွေများ ရရှိနေသည်။ ယင်းရန်ပုံငွေသည် မြန်မာနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ သာယာဝပြောရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့အတွက် စီမံကိန်းများဆောင်ရွက်ရာတွင် အသုံးပြုဖို့ဖြစ်သည်။ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူး ရန်ပုံငွေအစီအစဉ်အရ ၂၀၁၈ ခုနှစ် စီမံကိန်းထောက်ပံ့ကြေးပေးခြင်း သဘောတူစာချုပ် တရုတ်-မြန်မာနှစ်နိုင်ငံ လက်မှတ်ရေးထိုးခြင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် နေပြည်တော်၌ ပြုလုပ်ပြီးဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် တရုတ်နိုင်ငံ သံအမတ်ကြီးဟောင်း မစ္စတာဟုန်လျန်တို့ လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းသဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းသည် ဒုတိယအကြိမ် အထူးရန်ပုံငွေအတွက် ဖြစ်သည်။ ယင်းရန်ပုံငွေဖြင့် ဒုတိယအသုတ် ၂၀၁၈ စီမံကိန်းများ ဆောင်ရွက်မည်။

ဇူလိုင် ၃၁ ရက်က နေပြည်တော်၌ အခမ်းအနားပြုလုပ်ခြင်းသည် အထူးရန်ပုံငွေဖြင့် ဒုတိယအသုတ်စီမံကိန်း ၁၂ ခုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပါပြီဆိုသည့်အကြောင်း တရုတ်နိုင်ငံအပါအဝင် ကျန်မဲခေါင်ဒေသအဖွဲ့ဝင်လေးနိုင်ငံတို့သိအောင်ကြေညာလိုက်သည့်သဘောဖြစ်သည်။ သုံးသပ်ရလျှင် မြန်မာနိုင်ငံအဖို့ တရုတ်နိုင်ငံထံမှ မည်သည့်ခေါင်းစဉ်ဖြင့် ထောက်ပံ့ကူညီပေးသည့် ရန်ပုံငွေများရရ၊ ရသမျှသည် မိမိတိုင်းပြည်နှင့် ပြည်သူများအတွက်ချည်းသာဖြစ်၍ ဝမ်းမြောက်ဝမ်းသာကြိုဆိုရပါမည်။ သို့သော် ရန်ပုံငွေများဖြင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ အကောင်အထည်ဖော်လျှင် စီမံကိန်းအဆင့်ဆင့်တာဝန်ရှိသူများ ရန်ပုံငွေလေလွင့်ဆုံးရှုံးခြင်း မရှိအောင်တော့ အထူးဂရုစိုက်ကြပ်မတ်ဖို့လိုပါမည်ဟု သုံးသပ်ချင်ပါသည်။ ■

**Commerce ကာတွန်း**



# ကသာမြို့ ပဲပုပ်စိုက်ပျိုးသည့် Grand Ye Htut ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေး

စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် ကသာခရိုင် စားသုံးသူရေးရာ ဦးစီးဌာနမှ ဒု-ခရိုင်ဦးစီးမှူး ဦးကျော်စိန်ဌေးနှင့် အဖွဲ့သည် ဇူလိုင် ၂၅ ရက်တွင် ကသာမြို့နယ် ငါးတဲကြီးအုပ်စု၊ ပျဉ်ထောင်လေးကျေးရွာရှိ Grand Ye Htut ကုမ္ပဏီရုံးခွဲမှ တာဝန်ရှိသူ ဦးကျော်မင်းဦး၊ ဒုတိယမန်နေဂျာတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ကသာမြို့နယ်၊ သာယာကုန်းကျေးရွာတွင် ရွှေပဲသီး (ခေါ်)ပဲပုပ်ကြီး ၃၅၀ ဧက စိုက်ပျိုးအောင်မြင်ခဲ့ကြောင်း၊ ၂၀၁၉ - ၂၀၂၀ ခုနှစ်တွင် ကသာမြို့နယ် သာယာကုန်းကျေးရွာ နယ်မြေအပါအဝင် ငါးတဲကြီး၊ ငါးတဲလေး၊ ပျဉ်ထောင်ကြီး၊ ပျဉ်ထောင်လေး၊ အလယ်ကျွန်း၊ သဖန်းကိုင်းကျေးရွာများတွင် လယ်များစပါးရိတ်သိမ်းပြီးချိန် (နိုဝင်ဘာ၊ ဒီဇင်ဘာ)လမှ (ဧပြီ၊ မေ)အထိ ဧက ၂၀၀၀ ကျော်အား တောင်သူ ၂၇၅ ဦး ထံတွင် ခြောက်နှစ်စာအား ပထမနှစ်တွင် ငှားရမ်းခ တစ်ဧက ကျပ် ၁၇၀၀၀၀ နှင့် ဒုတိယနှစ်တွင် ကျပ် ၁၈၀၀၀၀ ဖြင့် တစ်နှစ်လျှင် ငှားရမ်းခ ကျပ် ၁၀၀၀၀ တိုးမြှင့်ကာ စာချုပ်ထားပြီး နှစ်နှစ်စာမြေငှားရန်းခ ပေးချေသည့်စနစ်ဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း၊ ငှားရမ်းသည့်မြေမှာ စပါးရိတ်သိမ်းပြီးချိန်ဖြစ်သည့် ဒီဇင်ဘာကျော်မှ လေးလ ငါးလသာ ငှားရမ်းရသဖြင့် အပိုဝင်ငွေရရှိပြီး ပဲပုပ်ကြီးသီးနှံစိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ နေ့စား၊ ပုတ်ပြတ်ငှားရမ်းခ ကျပ် ၅၀၀၀ ဖြင့် လုပ်ကိုင်ရသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများလည်းရရှိကြောင်း၊ ပဲပုပ်ကြီးတစ်ဧက အပင် ၂၃၀၀၀၀ ကျော်ဝင်ဆံ့အောင် စိုက်ပျိုးရကြောင်း၊ မျိုးဖိုးမှာ သုံးသိန်းကျပ်ကုန်ကျပြီး ပဲပုပ်ကြီးမျိုးအား တရုတ်ပြည်မှ မှာယူ၍ တစ်ဧကလျှင် မျိုး (75)kg စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး သုံးလကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ စံချိန်စံညွှန်းအသီးများရရှိနိုင်ရန်အတွက် အရည်အသွေး အဆင့်ခွဲခြားသည့်စက်ဖြင့် ရွေးချယ် သန့်စင်ပြီး အရည်အသွေးမီသော ပဲပုပ်တောင့်များကို တစ်အိတ်လျှင် 20kg ထုပ်ပိုး၍ အအေးခန်းအတွင်း ရှစ်နာရီကြာထားပြီး ၁၅ တန် မော်တော်ယာဉ်ဖြင့် တင်ပို့ကြောင်း၊ စံချိန်စံညွှန်းပေါ်မူတည်၍ တစ်တန်လျှင် ယွမ် ၄၀၀၀ မှ ယွမ် ၆၀၀၀ ထိ ရောင်းရကြောင်း၊ တစ်ဧက ကုန်ကျစရိတ်မှာ ၁၃၂၀၀၀၀ ကျပ်ရှိပြီး ပျမ်းမျှတစ်ဧက ၁၅ သိန်းမှ သိန်း ၂၀ ကြားအမြတ်ကျန်ကြောင်း သိရှိရသည်။

**လှလှခိုင်(ကသာ)**

# ဘုတလင်မြို့ မဟာဗန္ဓုလခန်းမတွင် စားသုံးသူကာကွယ်ရေး ဥပဒေအသစ် ရှင်းလင်းဆွေးနွေး

စားသုံးသူကာကွယ်ရေး ဥပဒေနှင့် ယှဉ်ပြိုင်မှု ဥပဒေအကြောင်း ရှင်းလင်းဆွေးနွေးပွဲကို ဘုတလင်မြို့၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး မဟာဗန္ဓုလ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ဘုတလင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၅၀ တက်ရောက်ဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွန်းနှင့် ဘုတလင်မြို့နယ်တာဝန်ခံတို့သည် စားသုံးသူ ကာကွယ်ရေးဥပဒေ (၂၀၁၉) ပါ ပြဋ္ဌာန်းချက်များနှင့် လက်ရှိဆောင်ရွက် လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းခြင်း၊ စားသုံးသူအခွင့်အရေး နစ်နာဆုံးရှုံးမှုများကို မုံရွာခရိုင်ဦးစီးမှူးရုံးသို့ တိုင်ကြားမှုအပေါ် ပြန်လည်ရှင်းလင်း ဆောင်ရွက်ပေးနိုင်မှုများ ရှင်းလင်းပြောကြားခြင်း၊ ယှဉ်ပြိုင်မှုဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဈေးကွက်အတွင်း စီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်း တရားမျှတစွာ ယှဉ်ပြိုင်လုပ်ကိုင် ဆောင်ရွက်စေခြင်း၊ စားသုံးသူများ ရွေးချယ်ဝယ်ယူနိုင်ခွင့်နှင့် စီးပွားရေး ပတ်ဝန်းကျင်ကောင်းများ ဖြစ်လာနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံသားတိုင်း အသိပညာရှိရှိဖြင့် မိမိတို့၏ စားသုံးသူဆိုင်ရာအခွင့်အရေးများနှင့် တာဝန်ရှိမှုများကို ကောင်းစွာသဘောပေါက်၍ အသုံးချနိုင်မှသာ တရားမျှတသော လူနေမှုစနစ်အောက်တွင် လူ့သက်တမ်းစေ့နေထိုင်စားသောက်နိုင်သော သာယာဝပြောသည့် လူမှုဘဝများကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပြီး ကိုယ်တိုင် စားသုံးသူအဖြစ် အခွင့်အရေးများရှိသည်ကို သိရှိ၍ နစ်နာမှုဖြစ်/မဖြစ်ကို သတိပြုပေးရန်၊ တိုင်ကြားနိုင်သည့် အခွင့်အရေးများကို အသုံးချပေးရန်၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းစဉ်ကို ပူးပေါင်းပါဝင် ဆောင်ရွက်သွားနိုင်ရန် တက်ရောက်လာသူများမှ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ခင်မြတ်မွန် (ဘုတလင်)**



# ဇူလိုင်လ ရော်ဘာတင်ပို့မှု တန်ချိန်တစ်သောင်းကျော်ရှိ

ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော် တန်ဖိုးရှိ ရော်ဘာ ၈၆၅ တန်ကျော် တင်ပို့ခဲ့ရာ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ RSS-3 အမျိုးအစား ၇၅၅ တန်ကျော်၊ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ၂၆ တန်နှင့် ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ RSS-4 အမျိုးအစား ၈၄ တန် တင်ပို့ခဲ့သည်။ ဇူလိုင်လအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ခြောက်သန်း နီးပါးတန်ဖိုးရှိ ရော်ဘာတန်ချိန် ၄၃၀၀ ကျော် တင် ပို့ခဲ့သည်။ ယခင်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန် ချိန် ၃၀၀၀ ကျော် အပို့လျော့ကျခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ သီတင်းတစ်ပတ် အတွင်း အမေရိကန်ဒေါ်လာ တစ်သန်းကျော် တန်ဖိုးရှိ ရော်ဘာ တန်ချိန် ၁၂၈၀ ကျော်ကို တရုတ်၊ ကိုရီးယားနှင့် မလေးရှားနိုင်ငံသို့ တင်ပို့ခဲ့ သည်။ ဇူလိုင်လအတွင်း ရေကြောင်းမှ အမေရိကန် ဒေါ်လာ ၁၀ သန်းကျော်တန်ဖိုးရှိ ရော်ဘာတန်ချိန် ၈၀၀၀ ခန့်တင်ပို့ခဲ့ပြီး ဇွန်လတင်ပို့မှုနှင့် နှိုင်းယှဉ်ပါ က တန်ချိန် ၁၀၀၀ကျော် အပို့လျော့ကျခဲ့ကြောင်း သိရသည်။

ဇူလိုင်လအတွင်း ရော်ဘာတင်ပို့မှု စုစု ပေါင်းမှာ တန်ချိန် ၁၂၀၀၀ ကျော်နှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်ဖိုး ဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ် နိုင်ငံတကာ ရော်ဘာဈေးမှာ RSS အမျိုးအစားတစ်တန်လျှင် ဒေါ်လာ ၂၀၀ ခန့် ဈေးကျသွားကြောင်း သိရသည်။

**ယဉ်ယဉ်အေး**

# ဂျပန် ညာမောင်းကား အများစုသာ ဝယ်လက်စိတ်ဝင်စားမှုရှိသလို အဝယ်အမြဲရှိနေ

ရန်ကုန်မြို့ ကားဈေးကွက်အတွင်း ဩဂုတ်လဆန်းပိုင်းမှစ၍ ပထမရက်သတ္တပတ်ကာလအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် အောက်ပိုင်းဒေသများ ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် ကားအရောင်းအဝယ် အနည်းငယ်အေးစက်နေပြီး နယ်ဝယ်လက်အဆင်းပြန်နည်းသွားကြောင်း သိရသည်။

ယခုလဒုတိယပတ်ကာလများတွင် မိုးရွာသွန်းမှုမှာ ရန်ကုန်နှင့် အောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှု များသဖြင့် အထူးသဖြင့် ယင်းဒေသများမှ ဝယ်လက်များ မလာရောက်သလို ဧရာဝတီ၊ မော်လမြိုင် စသည့်ဒေသများသို့ ရန်ကုန် လိုင်စင်ဆင်းယူသည့်အဖွဲ့များလည်း မသွားနိုင်ဖြစ်နေကြောင်း၊ သို့ရာတွင် အထက်ပိုင်းမန္တလေးဈေးကွက်မှာ ပုံမှန်ဖြစ်နေပြီး ယင်းဒေသမှ ဝယ်လက်အနည်းငယ်ရှိကြောင်း၊ နယ်ဈေးကွက် မှ အဝယ်ရှိသည်မှာလည်း ရန်ကုန်လိုင်စင်အဓိက ဝယ်ယူလေ့ ရှိပြီး ကားအချိုးအဆက်နှင့် ရွေးချယ်စရာမရှိမှသာ မန်း၊ ပဲခူး စသည့် နယ်လိုင်စင် ရွေးချယ်တတ်ကြကြောင်း၊ ဂျပန်ညာမောင်းကားလေးများမှာ ဝယ်သူအကြိုက်ဖြစ်နေပြီး အရစ်ကျစနစ်ဖြင့် ငွေချေနိုင်သည့် (အက်(စ်)ကေဒီ) ပြည်တွင်း တပ်ဆင်ကားများမှာ ဒုတိယအဆင့်သာ အဝယ်များကြောင်း လှိုင်ယာဉ်ရောင်းဝယ်ရေးစခန်းမှ ဝါရင့်ယာဉ်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

လက်ရှိကာလတွင် ရန်ကုန် ကားဈေးကွက်အတွင်း အသံအမျိုးမျိုး ထွက်ရှိနေကာ သတင်းအချို့လည်း ကြားသိနေရပြီး ရန်ကုန်လိုင်စင်အဖြစ် ကိုတာစနစ်ဖြင့် ချထားပေးမည့် အစီအစဉ်မှာလည်း ယာဉ်တင်သွင်းရေး ကော်မတီတွင် ဆွေးနွေးပြီး ဆက်လက် တင်ပြထားကြောင်း သိရသဖြင့် ရန်ကုန်လိုင်စင်ပြန်ရလာနိုင်သည့် မျှော်လင့်ချက်ရှိသေးကြောင်း ကားလောကသားများထံမှ သိရသည်။

ယင်းသတင်းများကြားမှပင် ဂျပန် ညာမောင်းကားဟောင်းလေးများ ဈေးအမာဖြင့် အရောင်းအဝယ်ရှိနေပြီး ဟွန်ဒါဖစ်အုပ်စုမှ ကျပ်သိန်း၂၀၀ တန် ဝန်းကျင်နှင့် ဟိုက်ဘရစ်ရှာတဲလ်ဆိုလျှင် ကျပ်သိန်း ၂၅၀ အထက် သိန်း ၂၆၀/ ၂၇၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း၊ အမြင့်ကားများထဲတွင် ၂၀၀၆-၂၀၀၇ကလူဂျာမှာ ကျပ်သိန်း ၅၅၀ နှင့်အထက်ရှိနေပြီး ဗန်းဂတ် ၂၀၁၀/ ၂၀၁၁ ကို ကျပ်သိန်း ၆၃၀ မှ ၆၈၀ ထိရှိကြောင်း၊ ကျပ်သိန်း ၂၀၀ အောက်ကားများထဲတွင် ကျပ်သိန်း ၁၅၀ ပတ်လည် ဂျပန်ကားလေးများမှာ အကွာရာနိမ့်ပြီး ကားဟောင်းများနေကြောင်း၊ သို့ဖြစ်ရာ ကျပ်သိန်း ၂၀၀ ဝန်းကျင်မှသာ မိုဒယ်နှင့် အကွာရာအသင့်အတင့်ရကြောင်းလည်း သိရသည်။ တစ်ဖန် အရစ်ကျစနစ် ကားသစ်ဘယ်မောင်းများမှာ အသစ်စီးရသဖြင့် လူကြိုက်များသော်လည်း ဂျပန်ညာမောင်းများနှင့် ယှဉ်လျှင် ဝယ်လက်များမှာ ယုံကြည်မှုလျော့ပါးနေသေးကြောင်း ဝါရင့်ယာဉ်ဝယ်ရောင်းများက ပြောသည်။

**SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဖစ်ရှာတဲလ် (၂၀၁၁) | M | ၂၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | တိုယိုတာ/ဟိုက်အေ့စ် (၂၀၀၆) | L | ၃၅၀ သိန်း | ၂.၇ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဟာရီယာ (၂၀၀၀) | D | ၂၁၅ သိန်း | ၂.၂ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဟွန်ဒါဖစ် (၂၀၀၉) GE-6 | F | ၁၆၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ကလူဂျာ (၂၀၀၂) | J | ၃၆၅ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဂရန်း (ကိုရီးယား) (၂၀၀၈) | N | ၁၅၅ သိန်း | ၂.၄ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၇။ | ကိုလ်တ်(မစ်ဆူဘီရှီ) (၂၀၁၁) | M | ၁၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၈။ | ဗန်းဂတ် (၂၀၀၈) | N | ၅၁၀ သိန်း | ၂.၄ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ဆူဇူကီး/ပစ်ကပ် (၂၀၀၆) | M | ၉၅ သိန်း | ၀.၆ ဓာတ်ဆီ၊ နယ်လိုင်စင် |

# ဒေသထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု တွက်ခြေကိုက်မှု ရှိ/မရှိနှင့် ဈေးကွက်ရရှိရေး ကွင်းဆင်းလေ့လာ

ရှောက်သီး သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ ဈေးကွက်အခြေအနေ၊ တောင်သူတွက်ခြေကိုက်မှု ရှိ/မရှိနှင့် ဈေးကွက်ဖော်ထုတ်ပေးနိုင်ရေးအတွက် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ သထုံခရိုင်မှ ဝန်ထမ်းများသည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဝင်းကံကျေးရွာရှိ ရှောက်သီးစိုက်ပျိုးထုတ်လုပ်သည့်နေရာသို့ သွားရောက်လေ့လာခဲ့ကြသည်။

ရှောက်သီးစိုက်ခင်းများကို ကျိုက်ထိုမြို့နယ်၊ ဝင်းကံကျေးရွာ၊ စစ်တောင်းမြစ်လက်တက်နှင့် ကြံ့မကူးချောင်းတစ်လျှောက် စိုက်ပျိုးကြပြီး စိုက်ဧက ၁၀၀၀ ခန့်ရှိပြီး တောင်သူ ၂၅၀ ဦးခန့် စိုက်ပျိုးလျက်ရှိကြောင်း၊ အထွက်နှုန်းမှာ တစ်ဧက ၂၅၀၀၀ လုံးခန့်ထွက်ရှိပြီး တစ်နှစ်လျှင် ခန့်မှန်းအလုံးရေ သိန်း ၂၅၀ခန့် ထွက်ရှိကြောင်း၊ စိုက်ပျိုးကာလမှာ ဇွန်၊ ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး သုံးနှစ်တွင် အသီးစတင်သီးကြောင်း၊ တစ်ဧကတွင် အပင်ရေ ၁၀၀ စိုက်ပြီး တစ်ဧကစိုက်ပျိုးကုန်ကျစရိတ်မှာ ကျပ်ငါးသိန်းခန့်ရှိကြောင်း၊ အပင် သက်တမ်းမှာ နှစ် ၄၀ မှ ၅၀ ခန့်ရှိပြီး ဇွန်၊ ဇူလိုင်တွင် အသီးလှိုင်လှိုင်ပေါ်ကြောင်း သိရှိရသည်။

ဒေသပေါက်ဈေးအနေဖြင့် မိုးတွင်းကာလတွင် တစ်လုံးလျှင် ကျပ် ၅၀ ခန့်ရှိပြီး ရန်ကုန်သို့တင်ပို့လျှင် အလုံးရေ ၁၀၀ လုံးကို ကျပ် ၇၅၀၀ ရရှိကြောင်း၊ နွေရာသီတွင် တစ်လုံးလျှင် ကျပ် ၆၀၀ ရရှိပြီး ရန်ကုန်သီရိမင်္ဂလာဈေးသို့ အများဆုံးတင်ပို့ပြီး ပဲခူး၊ ကျိုက်ထိုသို့ အနည်းငယ်တင်ပို့ကြောင်း သိရှိရသည်။ လက်ရှိအခြေအနေတွင် ရန်ကုန် သီရိမင်္ဂလာဈေးသို့ အိတ် ၂၀၀ ကျော်ခန့် နေ့စဉ်တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

တောင်သူများအနေဖြင့် ရန်ကုန်သို့ တင်ပို့သည့်အခါ ကုန်သည်များမှ ငွေလက်ငင်းရှင်းမပေးသည့်အတွက် ငွေဆိုင်းထားရပြီး အခြားဈေးကွက်မရှိသည့်အတွက် ဈေးနှိမ်ခံရကြောင်း သိရှိရသဖြင့် မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီးရှိ သစ်သီး တန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်သူများနှင့် ချိတ်ဆက်ပေးခြင်း၊ မွန်ပြည်နယ်ရှိသစ်သီးတန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်သူများနှင့် ချိတ်ဆက်ပေးခြင်း၊ သတင်းဂျာနယ်များတွင် ဖော်ပြပေးခြင်းဖြင့် ဈေးနှုန်း ပိုမိုရရှိရေးနှင့် ဈေးကွက်ခိုင်မာလာစေရေး ပြည်တွင်းကုန်သွယ်မှုဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။


**မိုးမိုး (မွန်)**

# ပြည်ပပို့ကုန် ငါးရှဥ့်ဈေးကွက် အရောင်းအဝယ်သွက်

ဧရာဝတီတိုင်းဒေသကြီး ပြည်ပဈေးကွက်ဝင် ငါးရှဥ့်များကို နှစ်ပတ်လည်တင်ပို့ရောင်းချမှုရှိသော်လည်း ပွင့်လင်းရာသီထက် ယခုလို မိုးတွင်းပိုင်းတွင်ပို၍ အရောင်းအဝယ်သွက်လျက်ရှိကြောင်း ဈေးကွက်မှ သိရသည်။

ဇွန်လမှ နို့ဝင်ဘာလအထိ ဈေးကွက်မှာ ငါးရှဥ့်တင်ပို့မှုများ၍ ဒီဇင်ဘာလနောက်ပိုင်း ငါးရှဥ့်အဝင်နည်းသွားပြီး ပုသိမ်ဈေးကွက်မှ တင်ပို့သောငါးရှဥ့်များမှာ ပါးနီး၊ ပါးမွဲ နှစ်မျိုးသာ ပြည်ပဈေးကွက်သို့တင်ပို့လျက် ကျန်းမာရေးအတွက် သွေးအားကောင်း၍ ဆေးဖက်ဝင်အစားအစာအဖြစ် ပြည်ပနိုင်ငံများတွင် လူကြိုက်များပြီး ပြည်တွင်း စားသောက်ဆိုင်များနှင့် ဟိုတယ်စာအဖြစ်လည်း စားသုံးလျက်ရှိကြောင်း သိရသည်။

မြို့ပေါ်ရှိ ငါးရှဥ့်အဝယ်ဒိုင်သို့ ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်နှင့် ပင်လယ်ပိုင်းဒေသများမှ အဓိက



လာရောက်ရောင်းချမှုရှိပြီး အဝယ်ဒိုင်မှတစ်ပိဿာ ကျပ် ၆၅၀၀၊ ကျပ် ၇၀၀၀ ဈေးနှင့် ဝယ်ယူပြီး ငါးရှဥ့်များကို ရေ နှစ်ထပ်၊ သုံးထပ်လဲလှယ်၍ တစ်နေ့ကိုပိဿာချိန် ၄၀၀ မှ ၇၀၀ ကြား ရန်ကုန်နှင့် မန္တလေးမြို့များသို့ နေ့စဉ် တင်ပို့ ရောင်းချလျက်ရှိပြီး ၎င်းမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချမှုရှိကြောင်း ပုသိမ်မြို့ငါးရှဥ့်လုပ်ငန်းရှင်ဦးစိုးနိုင်က ပြောသည်။

**ဧရာမြေ (ပုသိမ်)**

# လျှော်ဖြူ ( ခေါ် ) ဆေးကုလားမ စိုက်ပျိုးထွက်ရှိမှု၊ ဈေးကွက်ဈေးနှုန်း အခြေအနေ ကွင်းဆင်းလေ့လာခြင်းနှင့် ဆွေးနွေးပွဲကျင်းပ

လျှော်ဖြူ (ခေါ်) ဆေးကုလားမ စိုက်ပျိုးထွက်ရှိမှု၊ ဈေးကွက်ဈေးနှုန်း အခြေအနေ ကွင်းဆင်းလေ့လာခြင်းနှင့် ဆွေးနွေးပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူနှင့် ပဲခူးတိုင်း (အနောက်) လျှော်ဖြူအသင်းဥက္ကဋ္ဌ၊ ကုန်သည်စက်မှုအသင်း ဥက္ကဋ္ဌတို့နှင့် ပြည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ လျှော်ဖြူစိုက်တောင်သူများ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာန ပြည်ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းက လျှော်ဖြူ (ခေါ်) ဆေးကုလားမနှင့်ပတ်သက်၍ ဈေးနှုန်း၊ ဈေးကွက်အခြေအနေနှင့် မြန်မာနိုင်ငံတွင် လျှော်ဖြူစိုက်ပျိုးထားရှိမှု၊ ထွက်ရှိမှု၊ ပြည်ပမှ ဝယ်လိုအား အခြေအနေများ ရှင်းလင်းဆွေးနွေးခြင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း) လျှော်ဖြူအသင်း ဥက္ကဋ္ဌ ဦးမောင်နိုင်က ပဲခူးတိုင်းအနောက်ပိုင်းအတွင်း လျှော်ဖြူအသင်းများ ဖွဲ့စည်းထားရှိမှုနှင့် အသင်းမဖွဲ့ရသေးသော မြို့နယ်များတွင် ထပ်မံဖွဲ့စည်းနိုင်ရေး၊ လျှော်ဖြူဈေးနှုန်း၊ ဈေးကွက်၊ ဝယ်လိုအား အခြေအနေများ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ကုန်သည်စက်မှုအသင်းဥက္ကဋ္ဌ ဦးထိုင်ထိုင်(ခ) ဦးလှမိုးက လျှော်ဖြူဈေးကွက် အခြေအနေနှင့် ပြည်မြို့နယ်တွင် လျှော်ဖြူအသင်းဖွဲ့စည်းမည့် ကိစ္စများအား ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက သိလိုသည်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ပြည်မြို့နယ် လျှော်ဖြူအသင်း ဖွဲ့စည်းခြင်းကိစ္စအား ဆောင်ရွက်ရာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးတို့အား တက်ရောက်လာသူများ၏ သဘောဆန္ဒအရ ရွေးချယ်တင်မြှောက်ကြပြီး အဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် ပြည်မြို့နယ် လျှော်ဖြူ စိုက်ပျိုးထုတ်လုပ်သူများ အသင်းကို ဖွဲ့စည်းခဲ့သည်။ ဆွေးနွေးပွဲအပြီးတွင် ပြည်မြို့နယ်ရှိ လျှော်ဖြူ စိုက်ခင်းများသို့ သွားရောက်ကွင်းဆင်း လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**ခင်ဆွေဝင်း (ပြည်)**

# ဘားအံ၌ အပ်ချုပ်စက်သင်တန်းဖွင့်

ကရင်ပြည်နယ် ဘားအံမြို့တွင် ဒေသခံလူငယ်များအလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကြီးမှူးကာ အခြေခံမော်တာအပ်ချုပ်စက်သင်တန်းကို ဇွန် ၁၀ ရက်မှ ဩဂုတ် ၅ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာ မော်တာအပ်ချုပ်စက်များဖြင့် သင်ကြားပို့ချပေးခဲ့သည်။ အဆိုပါသင်တန်းသို့ ဘားအံမြို့နယ် ကျေးရွာ ၁၂ ရွာမှ သင်တန်းသူ ၁၅ ဦး၊ လှိုင်းဘွဲ့မြို့နယ် ကျေးရွာငါးရွာမှ သင်တန်းသူ ခုနစ်ဦး၊ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးရွာလေးရွာမှ သင်တန်းသူ ၁၀ ဦး၊ ဖာပွန်မြို့နယ် ကျေးရွာတစ်ရွာမှ သင်တန်းသူသုံးဦး စုစုပေါင်း ၃၅ ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**အိအိခိုင်(ကရင်ပြည်နယ်)**

## နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

| | | |
|---|---|---|
| **(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) | **ဖုန်း-၀၁ ၂၅၄၀၂၄** | **ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်**-itpic.moc@gmail.com |
| (၂) Myanmar-EU Trade Help Desk | **ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇** | **အီးမေးလ်**- mmeu.tradehelpdesk@gmail.com |

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# ခုနစ်ရက် သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

၁၂-၈-၂၀၁၉ မှ ၁၈-၈-၂၀၁၉ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး

(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ဘေးပတ်ဝန်းကျင်မှ မနာလိုဖြစ်လောက်အောင် လုပ်ငန်းများအောင်မြင်ပြီး ငွေများရွှင်နေလိမ့်မည်။ ကြေးနီပစ္စည်းများနှင့် ပတ် သက်၍ အကျိုးဖြစ်ထွန်းမှုရှိနေတတ်ပါသည်။ အချစ်ရေး၊ အိမ်ထောင်ရေးတွင် ချစ်သူ၏အောင်မြင်မှုသတင်းကြားရတတ်သည်။ အိမ်ထောင်ဖက်ရာထူးဂုဏ် ရှိန်မြင့်မားတတ်သည်။ ပညာရေးအောင်မြင်မှု ရရှိနေလိမ့်မည်။ ကျန်းမာရေးတွင် ကံကောင်းနေတတ်ပါသည်။ **ယတြာ။ ။ နဂါးမယ်တော်အား နွားနို့လှူပါ။**



**တနင်္လာသားသမီးများအတွက်** စပ်တူရှယ်ယာလုပ်ငန်းများမှ အောင်မြင်မှုရရှိနေလိမ့်မည်။ ငွေရောင်ပစ္စည်း၊ ငွေထည်ပစ္စည်းများအကျိုးဖြစ်ထွန်းမှုရှိနေလိမ့်မည်။ ပညာရေးကြိုးစားအားထုတ်နေရတတ်သည်။ အချစ်ရေး၊ အိမ်ထောင်ရေးနှင့်ပတ်သက်၍ ကံထူးတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အအေးမိ၍ ချောင်းဆိုးခြင်း၊ အဆုတ်ရောင်ခြင်းတို့ဖြစ်တတ်ပါသည်။ နာတာရှည်ရောဂါမဖြစ်နိုင်ပါ။

**ယတြာ။ ဩဇာသီးဆွမ်းကပ်ပါ။**



**အင်္ဂါသားသမီးများအတွက်** အကောင်း၊ အဆိုးရောထွေးနိုင်သောကာလဖြစ်နေတတ်ပါသည်။ သတိဝီရိယကြီးကြီးနှင့်ကြိုးစားလျှင်အထူးအောင်မြင်တတ်ပါသည်။ ပေါ့ပေါ့ဆဆလုပ်ကိုင်မည်ဆိုလျှင် အရှုံးများတတ်ပါသည်။ ပညာရေးအောင်မြင်မည်။ အချစ်ရေးဦးစားပေးနေရတတ်သည်။ အိမ်ထောင်ရေးပျော်ရွှင်မှုများရှိနေမည်။ ကျန်းမာရေးတွင် အဖု၊ အကြိတ်ဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ဘုရားမှာသပြေ ၂၁ ညွန့်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာနှင့်ပတ်သက်သောလုပ်ကိစ္စများတွင် ဆုံးဖြတ်ချက်ပြတ်သားမှုပေါ် မူတည်ပြီး လုပ်ငန်း အောင်မြင်မှုကိုရရှိလိမ့်မည်။ အနုပညာလုပ်ငန်းဖန်တီးရှင်လုပ်ငန်းများ ပိုမိုဖြစ်ထွန်းလိမ့်မည်။ ငွေဝင်အားကောင်းမည်။ ပညာရေးတွင်ဉာဏ်ရည်ဖွံ့ဖြိုးလာတတ်သည်။ အချစ်ရေးစိတ်တိုင်းကျမှုရှိနေမည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးအနေဖြင့် ခန္ဓာကိုယ်ယားယံသောရောဂါ၊ အရေပြားရောဂါတို့ဖြစ်တတ်ပါသည်။

**ယတြာ။ မုန့်လုံးရေပေါ် သက်စေ့လှူပါ။**




**ကြာသပတေးသားသမီးများအတွက်** မိတ်ကောင်း၊ ဆွေကောင်းများကြောင့် စီးပွားရေးတိုးတက်မှုဖြစ်ပွားလိမ့်မည်။ လုပ်ငန်းအသစ်၊ အစီအစဉ်သစ်များစတင်လုပ်ကိုင်လျှင် အောင်မြင်မှုများ ရရှိမည်ဖြစ်ပါသည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင် တွေ့ဝေနေမှုများနေတတ်ပါသည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးတွင်အခိုးမပွင့်သောရောဂါဖြစ်တတ်ပါသည်။ ရေချိုးမမှားရန်သတိပြုဆင်ခြင်ပါ။ **ယတြာ။ အင်ကြင်းပန်းလှူပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းခွင်တွင်အဖွဲ့အစည်းကိစ္စများရှုပ်ထွေးတတ်ပါသည်။ ဥပဒေနှင့်မကင်းသောလုပ်ရပ်များ သတိထားသင့်ပါသည်။ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေရင်းများနှင့်လမ်းခွဲရတတ်သည်။ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများအကျိုးရှိနေမည်ဖြစ်ပါသည်။ ပညာရေးကောင်းနေပါသည်။ အချစ်ရေးတွင်မမျှော်လင့် ဘဲခွဲ ခွာနေရတတ်သည်။ အိမ်ထောင်ရေးသာယာနေ မည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးသောဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ စွယ်တော်ပွင့်သက်စေ့ဘုရားလှူပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းခွင်တွင်ရှေ့တိုးရအခက်၊ နောက်ဆုတ်ရအခက်ဖြစ်နေတတ်ပါသည်။ လုပ်သမျှလုပ်ငန်းတို့တွင် မတင်မကျရှိနေမည်။ အမှားအယွင်းများတတ်သည်။ အချစ်ရေးတွင်ချစ်သူ၏ပစ်ပယ်ခြင်းခံရတတ်သည်။ အိမ်ထောင်ရေးတွင် မထင်မှတ်သော အခက်အခဲနှင့်ကြုံရတတ်သည်။ ပညာရေးကြိုးစားမှုပေါ်မူတည်ပြီး အောင်မြင်မှုရရှိနေမည်။ ကျန်းမာရေးအနေဖြင့် မျက်စိနှင့်ပတ်သက်သောဝေဒနာအထူးဂရုစိုက်ပါ။ **ယတြာ။ မိမိမွေးနံထောင့်တွင်ထီးလှူပါ။**

# မြိတ်မြို့နယ် နတ်သျှင်သန့်ကျေးရွာရှိ ငါးပိဒိုင်များအား ကွင်းဆင်းစစ်ဆေး

သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအပါအဝင် မြိတ်ခရိုင်အစားအသောက်နှင့် ဆေးဝါးကြီးကြပ် ကွပ်ကဲရေးကော်မတီဝင်များဖြစ်သည့် ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြိတ်ခရိုင် ရဲတပ်ဖွဲ့အစရှိသည့် ဌာနဆိုင်ရာ အဖွဲ့များပူးပေါင်း၍ သစ်ယာဝကျေးရွာအုပ်စု၊ နတ်သျှင်သန့်ကျေးရွာသို့ ဩဂုတ် ၆ ရက် နံနက် ၁၁ နာရီတွင် သွားရောက်ပြီး ကျေးရွာတွင် ရောင်းချနေသောငါးပိများတွင် စားသုံးရန်မသင့်သည့် ဓာတုဆိုးဆေးများ သုံးစွဲထားခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်း စစ်ဆေးရသည့် အကြောင်းအရင်းမှာ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ ပုဇွန်တောင်မြို့နယ် ရေကျော်ဈေးတွင် ငါးပိများအား ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ရာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်အရ ငါးပိများတွင် Rhodamine B (ခွင့်မပြုဓာတုဆိုးဆေး) ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် ရောင်းချသူမှတစ်ဆင့် ပင်ရင်းသို့ စုံစမ်းမေးမြန်းခဲ့ရာ ထုတ်လုပ်သည့် လိပ်စာမှာ နတ်သျှင်သန့်အမည်ဖြစ်နေသည့်အတွက် နတ်သျှင်သန့်ကျေးရွာသို့ သွားရောက်စစ်ဆေးရခြင်းဖြစ်ကြောင်း သိရှိရသည်။

ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ပြောကြားချက်အရ နတ်သျှင်သန့်ကျေးရွာတွင် ငါးပိရောင်းချနေသော ငါးပိဒိုင်လေးဒိုင်ရှိသောကြောင့် ကော်မတီမှ ၎င်းဒိုင်လေး ဒိုင်အား ငါးပိသိုလှောင်သည့်နေရာ၊ သန့်ရှင်းသပ်ရပ်မှုစသဖြင့် ကြည့်ရှုပြီး ငါးပိများအား ဓာတ်ခွဲစစ်ဆေးရန် စံနမူနာကောက်ယူခဲ့ကြသည်။ ကောက်ယူထားသည့် စံနမူနာများကို ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက ရောင်းချသည့် ငါးပိဒိုင် ပိုင်ရှင်များရှေ့တွင် ဓာတ်ခွဲစစ်ဆေးခဲ့ကြသည်။

ဓာတ်ခွဲ စစ်ဆေးချက်ရလဒ်အရ စစ်ဆေးခဲ့သော ငါးပိများတွင် သုံးစွဲရန်မသင့်သော ဓာတုဆိုးဆေးများ မပါဝင်သည့်အတွက် သုံးစွဲရန်သင့်ကြောင်း ပြောကြားခဲ့သည်။ **ကျော်ဝင်းနိုင်(မြိတ်)**

# စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၌ စားသုံးသူကာကွယ်ရေး အသိပညာပေးသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ (၈/၂၀၁၉) ကြိမ်မြောက် စားသုံးသူကာကွယ်ရေး အသိပညာပေးသင်တန်းကို ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ တိုင်း/ ခရိုင်ရုံးများမှ သင်တန်းသား/သူ စုစုပေါင်း ၂၀ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် တိုင်းဒေသကြီး ဦးစီးမှူးက စားသုံးသူရေးရာဦးစီးဌာနသည်ပြည်သူကို Awareness ပေးနေသည့် ဌာနဖြစ်သည့်အတွက် ဌာနလုပ်ငန်း အောင်မြင်လေ ပြည်သူလူထုအတွက် ပိုမိုအကျိုးရှိလေဖြစ်ရာ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ အထက်ဌာနလမ်းညွှန်ချက်များကို သင်တန်းသား/သူများအား ရှင်းလင်းဆွေးနွေးခြင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင်လက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ Consumer Information Complaint Center (CICC) များ ဖွင့်လှစ်ခဲ့ပြီးနောက် ပိုင်းဝန်ဆောင်မှုဆိုင်ရာ မကျေနပ်ချက်များနှင့်ပတ်သက်၍ စားသုံးသူများဘက်က တိုင်ကြားမှုများနေကြောင်း၊ ယခု စားသုံးသူကာကွယ် ရေးဥပဒေ ၂၀၁၉ ခုနှစ်မှာ ဥပဒေသစ်ကို ပြန်လည်ပြဋ္ဌာန်းချက်များ၊ ဥပဒေအသစ်တွင်ပါရှိသည့် စားသုံးသူ၏အခွင့်အရေးများနှင့်တာဝန်များ၊ စီး ပွားရေးလုပ်ငန်းရှင်၏ တာဝန်နှင့်တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ စားသုံးသူများမှ စားသောက်ကုန်၊ လူသုံးကုန်ဝန်ဆောင်မှုများအတွက် တစ်ခုခု နစ်နာဆုံးရှုံးများ တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ ကုန်စည်/ဝန်ဆောင်မှုနှင့်ပတ်သက်သည့် တိုင်ကြားမှုအပေါ် ကွင်းဆင်းစစ်ဆေးမှု၊ ထုတ်ကုန်လုံခြုံစိတ်ရမှုဆိုင်ရာ ဈေးကွက်ကွင်းဆင်းမှုနှင့် ဈေးကွက်စောင့်ကြည့်လုပ်ငန်းဆောင်ရွက်မှုများကို ကြိုးပမ်းဆောင်ရွက်ရန် ဌာနမှဝန်ထမ်းများလည်း စားသုံးသူများအား အသိပညာပေးရေးနှင့် လူထုထံရောက်ရှိစေရန် ဖြန့်ဝေခြင်း စားသုံးသူရေးရာ ဦးစီးဌာန၏ Website ,Mobile Application များဖြင့် မိတ်ဆက်ပေးရန်ပြောကြားပြီး လိုအပ်သည်များကို မှာကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော သင်တန်းသား/သူများအား ဌာနတာဝန်ခံများက ဌာနတစ်ခုချင်းစီ အလိုက်အထက်ဌာနလမ်းညွှန်ချက်၊ တိုင်းဒေသကြီးဦးစီးမှူး၏လမ်းညွှန်ချက်၊ ရှေ့ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို မှာကြားခဲ့ကြပြီး သင်တန်းသား/သူများက မိမိခရိုင်၏လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ ရှေ့ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ လျာထားချက်များ၊ ကွင်းဆင်းရာတွင် လိုအပ်ချက်များ၊ တွေ့ကြုံရသည့် အခက်အခဲများကို အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **သင်းသင်းအေး (မုံရွာ)**

# ပြည်ကြီးတံခွန်မြို့နယ်ရှိ အထက (ခွဲ) ၂၅ တွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၉ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ အ. ထ. က (ခွဲ) ၂၅ တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးခဲ့သည်။

ယင်းဟောပြောပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်မေသက်ထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေး ဥပဒေ ၂၀၁၉ ပါ စားသုံးသူကာကွယ်ရေး၏ လုပ်ငန်းစဉ်များအကြောင်း၊ ဘေးဥပဒ်အန္တရာယ် ကင်းရှင်းသောကုန်စည်နှင့် ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ လိုက်နာမှုမရှိပါက ချမှတ်နိုင်သည့် စီမံခန့်ခွဲရေး ပြစ်ဒဏ်၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း အသေးစိတ် အကျယ်တဝင့် ဟောပြောဆွေးနွေးခဲ့သည်။

ဆက်လက်ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်မြသရဖီက ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန်အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခြင်း၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ ဒေါ်စိန်မိုးမြင့်က ဆိုးဆေးများတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိကြောင်း၊ အစားအသောက်များတွင် ဓာတုဆိုးဆေးများ သုံးစွဲလာခြင်းကြောင့် အန္တရာယ်ရှိမှုများအကြောင်း ဟောပြောဆွေးနွေးခြင်း၊ အ. ထ. က (ခွဲ) ၂၅ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိင်္ဂီဌေး က ကျေးဇူးတင်စကားပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သီတာဝင်း (မန္တလေး)**

စာမျက်နှာ (၈) အားနည်းချက်များ ပြင်ဆင်ရန် လိုအပ်နေသည့် . . . မှအဆက်

စက်ကြိတ်ဆင့်အတန်းများနှင့်ပတ်သက်၍ ဆန်၏ဆန်ဖြူနှုန်းသည် ဈေးကွက်အတွင်း အငြင်းပွားမှုဖြစ်ပွားနိုင်သည်။ ထို့ကြောင့် ဆန်စက်များ၏အဆင့်အတန်းကိုစံချိန်စံညွှန်းတစ်ရပ်ရေးဆွဲပြီး စက်ကြိတ်အဆင့်အတန်းများကိုပါ အခိုင်အမာပြဌာန်းထားနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ရမည်ဖြစ်သည်။

### ဆန်အရောင်တင်စက်

စပါးမှစတင်၍ ကြိတ်ခွဲရသောဆန်စက်များရှိသကဲ့သို့ ဆန်ကိုဆန်ကွဲပြန်လည်သန့်စင်ခြင်း၊ အရောင်တင်ခြင်းပြု လုပ်သည့်စက်များလည်းရှိသည်။ ကြိတ်ခွဲသန့်စင်ပြီးဆန်များကို အရောင်တင်ရန်အတွက် အရောင်တင်စက် (wet polisher) ရှိရမည်ဖြစ်ပါသည်။ စစ်ဆေးချက်များအရ wet polisher အသုံးမပြုသော ဆန်စက်စုစုပေါင်း ၁၁ စက်စစ်ဆေးတွေ့ရှိရသည်။ wet polisher အသုံးပြုရာ၌ အပူချိန်မြင့်မားသောဒေသများတွင်အလျင်စလိုအိတ်သွပ်သည့် အလေ့အထကို ရှောင်ကြဉ်ရမည်။ ကြိတ်ခွဲပြီး စက်များ ချက်ချင်း အိတ်သွပ်ရာတွင် ဆန်၏အပေါ်ယံမျက်နှာပြင်တွင် အပူရှိန်အနည်းငယ်ရှိသည်ဖြစ်ရာ wet polisher ၏ အစိုဓာတ်အနည်းငယ်ပမာဏမျှသည် ဆန်အိတ်အတွင်း ရေငွေ့ပျံမှုဖြစ်ပေါ်စေနိုင်ပြီး ဆန်ဝါနှင့် မှိုများပေါက်စေသည်။

### အရောင်ရွေးစက်

ဆန်စက်များတွင်ကြိတ်ခွဲပြီးဆန်များကို ဆန်ဖြူအရောင်ပေါ်မူတည်၍အရောင်ရွေးစက် (color sorter) ဖြင့် ခွဲခြားမှုပြုလုပ်ဖို့လိုအပ်သည်။ သို့မှသာ အရောင်မညီသောဆန်များ ဖြစ်သည့် ဆန်ဝါ၊ ဆန်နီ၊ မှည့်စွန်းနှင့် ဗိုက်ဖြူဆန်များကို ဖယ်ထုတ်၍ အရောင်ညီသောဆန်များကို ရရှိနိုင်မည်ဖြစ်သည်။ အရောင်ရွေးစက်များသည် တန်းမြင့်ဆန်များကြိတ်ခွဲရာတွင် အလွန်အရေးပါပါသည်။ အဆိုပြု ဆန်စက်များထဲတွင် ဆန်စက် ၁၁ စက်မှာ ဆန်အရောင်ရွေးစက်အသုံးပြုခြင်းမရှိကြောင်း တွေ့ရှိရသည်။ ဆန်အရောင်တင်စက် နှင့် အရောင်ရွေးစက်များ တပ်ဆင်အသုံးပြုမှုစစ်ဆေးရာတွင် အဆိုပါ စက်ယူနစ်များကိုမှန်ကန်သော နေရာတွင် အစီအစဉ်တကျ တပ်ဆင် ထားခြင်းရှိမရှိကိုပါ စစ်ဆေးမှုပြုလုပ်ပါသည်။ သို့မှသာ အဆိုပါစက်များကို အမှန်တကယ်အသုံးပြုမှု ရှိမရှိ သတ်မှတ်နိုင်မည်ဖြစ်ပါသည်။

ကြိတ်ခွဲရေးအပိုင်းရှိ အဓိကအားနည်းချက်များမှာ ဆန်စက်အများစုသည်ဥပမာအားဖြင့်တန် ၁၀၀ ကျ ဆန်စက်တစ်ခုအတွက် စက်ယူနစ်များကိုတစ်ပြေးညီတစ်ပြိုင်နက် တပ်ဆင်ခြင်းမျိုးမဟုတ်ဘဲ၊ ဟာလာကဲ့သို့သော ဆန်စက်အသေးများမှထပ်ဆင့်ယူနစ်များ တိုးချဲ့တည်ဆောက်သည့် ပုံစံမျိုးတွေ့ရှိရသည်။ ငွေကြေးအလုံအလောက်ရင်းနှီးမြှုပ်နှံနိုင်သောကုမ္ပဏီကြီးများသာ ခေတ်မီဆန်စက်များကို တစ်ပြေးညီ တပ်ဆပ်နိုင်ကြသည်။ ထိုအချက်သည် အရည်အသွေးမြင့် မြန်မာ့ဆန်ကြိတ်ခွဲရေးနှင့် စီးပွားရေး တွက်ခြေကိုက်မှုတို့အတွက် ဖြေရှင်းရခက်ခဲမည့်ပုစ္ဆာတစ်ရပ် ဖြစ်လာနိုင်သည်။

အထက်ပါ အရေးကြီးသောအန္တရာယ်ရှိ (High Risks) အချက်များတွင် အရည်အချင်းမပြည့်မီသော ဆန်စက်များကို စာရင်းပြုစုရာတွင် ဆန်စက်ပေါင်း ၂၄ စက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။ ကျန်ဆန်စက် ၇၉ စက်မှာ ကျန်းမာသန့်ရှင်းရေးအပိုင်းတွင် အားနည်းချက်များရှိနေသော်လည်း High Risks အချက်များတွင် အောင်မြင်ခဲ့သဖြင့် အရည်အချင်းပြည့်မီသော ဆန်စက်များအဖြစ် Technical Working Group မှ အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ သို့ရာတွင် အဆိုပါ ၇၉ စက်အနက် ၁၀ စက်မှာ မီးထောင်ချောက်များ လုံလောက်မှုမရှိခြင်း၊ သိုလှောင်ရုံအဆင်သင့်မဖြစ်ခြင်း စသောအချက်များ တွေ့ရှိခဲ့ရသဖြင့် အချိန်မီပြင်ဆင်ပေးရန် ဝန်ခံကတိဖြင့် ရွေးချယ်ခဲ့ရသည်။

### ဆန်စက်များ၏ အားနည်းချက်များ

ဆန်စက်အရည်အချင်းစစ်ဆေးသော အပိုင်း(၃)ပိုင်းအနက် မြန်မာနိုင်ငံရှိ ဆန်စက်များသည် ကျန်းမာသန့်ရှင်းရေးအပိုင်းတွင် လွန်စွာအားနည်းလျက်ရှိကြောင်း တွေ့ရှိရသည်။ အပိုင်း (B) သည် စားသောက်ကုန်များ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက်စစ်ဆေးသောအချက်ဖြစ်ပြီး ဆန်စက်များသည် Good Hygienic Practices GHP များနှင့် အနည်းငယ်အလှမ်းဝေးနေသေးကြောင်း လေ့လာတွေ့ရှိရသည်။ နိုင်ငံတကာတွင် အစားအစာထုတ်လုပ်မှုထုပ်ပိုးမှုတို့အတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီသာ ထုပ်လုပ်မှုထုပ်ပိုးမှုတို့ကို လက်ခံကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာသန့်ရှင်းရေး အလေ့အထကောင်းများအတိုင်းကျင့်ကြံ၍ အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

### လုပ်သားများကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးသင်တန်း

ဆန်စက်များသည် စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းဖြစ်သည့်အတွက် လုပ်သားများကို အစားအစာဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းများပေးခြင်း၊ လမ်းညွှန်ကြီးကြပ်ခြင်း စသည်တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ ကုန်ပစ္စည်းများကို သန့်ရှင်းသပ်ရပ်စွာ ထားရှိရေးနှင့်ညစ်ညမ်းမှု မရှိစေဘဲ စနစ်တကျကိုင်တွယ်တတ်စေရန် သင်တန်းများကိုအနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်ပေးရပါမည်။

ဤအချက်နှင့်ပတ်သက်၍အဆိုပြုဆန်စက် သုံးပုံနှစ်ပုံ (၇၇ စက်) သည် ဆောင်ရွက်ထားမှုမရှိကြောင်း တွေ့ရှိရသည်။ ၎င်းအချက်မှာ အဓိကအားဖြင့် ဆန်စက်တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကုမ္ပဏီတာဝန်ရှိသူများ ကိုယ်တိုင်ပင်လျှင် GMP, GHP နှင့် Food Safety ဆိုင်ရာ ဗဟုသုတအားနည်းနေသေးကြောင်း တွေ့ရှိရသည်။ ဆန်စက်အများစုသည် လက်ရှိလုပ်ရိုးလုပ်စဉ် အတိုင်းသာလုပ်ငန်းလည်ပတ် လျက်ရှိပြီး အရည်အသွေးဆိုင်ရာ ခေတ်မီနည်းပညာများ အသုံးပြုမှုပိုင်းတွင် အားနည်းလျက်ရှိသည်။

### အဝတ်လဲခန်းများ ထားရှိမှု

စားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်းများတွင် GMP အလေ့အထကောင်းများအရ လုပ်သားများအတွက် လုပ်ငန်းခွင်သုံးအသုံးအဆောင်အဝတ်အထည်များ လဲလှယ်နိုင်ရန် အဝတ်လဲခန်းများ သီးသန့်ထားရှိ ပေးရမည်။ ထိုအဝတ်လဲခန်းများအနေဖြင့်လည်း ကျား/မ လုပ်သားအရေအတွက် ပေါ်မူတည်၍ လုံလောက်မှုရှိအောင်ဂရုစိုက်ရမည်။

စစ်ဆေးတွေ့ရှိသော ဆန်စက်များတွင်လုပ်ငန်းခွင်အတွင်း သီးခြားဝတ်စုံများထုတ်ပေးမှုနည်းပါးပြီး အဝတ်လဲခန်းနှင့် အလုပ်သမားများအတွက်နားနေဆောင်၊ စားသောက်ဆောင်စသည်ဖြင့် ပီပီပြင် ထောက်ပံ့ပေးမှုမရှိကြောင်း လေ့လာရသည်။ အချို့သောစက်များသည် ISO ရရှိပြီးသည့် စက်များနှင့် ISO ရရှိရေး ဆောင်ရွက်လျက်ရှိသည့် ဆန်စက်များတွင်ဤအချက်များဆောင်ရွက်ထားခြင်းသည်အားသာချက် အဖြစ်ရှိနေသည်။

### အကာအကွယ်အသုံးအဆောင်များ ဝတ်ဆင်မှု

စားသောက်ကုန်ထုတ်လုပ်သောလုပ်ငန်းခွင်ရှိ အလုပ်သမားများသည် သန့်ရှင်းသပ်ရပ်သည့်အကာအကွယ် အဝတ်အစား၊ ခေါင်းစွပ်၊ ဖိနပ်စသည်တို့ကိုအသုံးပြုရမည်ဖြစ်ပြီး၊ ပိုးမွှားအန္တရာယ် ကာကွယ်ရန် အတွက်လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောသည့်အလေ့အထရှိရမည်ဖြစ်သည်။ သို့သော်လည်း စစ်ဆေးတွေ့ရှိမှုများအရ အလုပ်သမားများသည် စွပ်ကျယ်လက်ပြတ်ကဲ့သို့သော အဝတ်အစားများကိုသာ အများဆုံး ဝတ်ဆင်မှုတွေ့ရှိရပြီး အချို့သည်လုပ်ငန်းခွင်အတွင်း ဖိနပ်၊ ခေါင်းစွပ်၊ လက်အိတ်စသည်တို့ကို ဝတ်ဆင်သည့် အလေ့အထပင်မရှိကြောင်းတွေ့ရှိရသည်။

### သန့်စင်ခန်းများ

လုပ်သားများ၏တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးအထောက်အကူဖြစ်စေရန် သန့်ရှင်း သပ်ရပ်ပြီး လုံလောက်သောရေလောင်းအိမ်သာများ စီစဉ်ထားရှိရမည်။ ထို့ပြင် ရေရရှိမှု အဆင်ပြေစေရန် ဆောင်ရွက်ရမည်ဖြစ်ပြီး အဆိုပါအိမ်သာများ၏ တည်နေရာနှင့် တည်ဆောက်ပုံတို့သည် ကုန်ပစ္စည်းအပေါ် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

အဆိုပြုဆန်စက်များကိုစစ်ဆေးရာတွင် အချို့သော ဆန်စက်များသည်အိမ်သာမထားရှိမှု၊ အိမ်သာ မလုံလောက်မှု၊ ရေပေးဝေမှုစနစ်မကျမှု၊ တည်ဆောက်ပုံစနစ်မကျမှု စသည့်အချက်များ တွေ့ရှိရပြီး စုစုပေါင်း ဆန်စက် ၄၁ စက်မှာ ဤအချက်နှင့်ပတ်သက်၍ အရည်အချင်းမပြည့်မီကြောင်း တွေ့ရှိရသည်။

### လုပ်သားများကျန်းမာရေး

ဆန်စက်လုပ်ငန်းခွင်အတွင်း ကူးစက်ရောဂါပြန့်ပွားမှုမရှိစေရန် လုပ်သားများ၏ကျန်းမာရေးကို အထူးဂရုစိုက်ရမည်။ အစားအစာကျန်များ သန့်ရှင်းရေးအတွက်လုပ်ငန်းခွင်အတွင်း နာမကျန်းဖြစ်သည်ဟု သံသယရှိပါက စီမံခန့်ခွဲသူများထံ အကြောင်းကြား၍ ဆေးစစ်မှုပြုလုပ်ရမည်။ တစ်နှစ်လျှင် တစ်ကြိမ်ခန့်လုပ်သားများ၏ကျန်းမာရေးကို ဆေးစစ်မှုပြုလုပ်ရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ အထူးသဖြင့် ကုန်ချောကုန်ကြမ်းများနှင့် တိုက်ရိုက်ထိတွေ့သူများ၏ ကျန်းမာရေးကို အထူးအလေးထား ဆောင်ရွက်သင့်ပါသည်။

### အခြားအားနည်းချက်များ

သိုလှောင်ရုံ၏ အနေအထား၊ လေဝင်လေထွက်ကောင်းမွန်မှု၊ သိုလှောင်ရုံအတွင်း အပူချိန်ကိုထိန်းညှိ ပေးနိုင်မှုစသည့်အချက်များကိုလည်း ဂရုပြုမှုအားနည်းပါသည်။ သိုလှောင်ရုံများတွင် ဆန်အိတ်များကို ပိုင်ပုံသိုလှောင်ရာ၌ ကြမ်းခင်းအသုံးပြုရပါမည်။ ပိုးသတ်မှိုင်းတိုက်ရာတွင် လွယ်ကူမှုရှိစေရန်နှင့် လူဝင်လူထွက် အဆင်ပြေစေရန် နံရံနှင့်အနည်းဆုံး လေးပေခန့်ခွာရပါမည်။ တရုတ်နိုင်ငံသို့ တင်ပို့မည့် ဆန်များကို ပိုးသတ်မှိုင်းတိုက်မှု မဖြစ်မနေ ပြုလုပ်ရမည်ဖြစ်ကြောင်း စာချုပ်၏ အပိုဒ် (၇)တွင် ဖော်ပြထားသည်။ ထိန်းချုပ်ဖျက်ပိုးကင်းစင်ကြောင်း အသိအမှတ်ပြုလက်မှတ်ကိုလည်း သက်ဆိုင်ရာအခွင့် အာဏာပိုင်အဖွဲ့အစည်းထံမှရယူပြီး တရုတ်ဘက်သို့ တင်ပြရမည်ဖြစ်သည်။ ထို့ကြောင့် သိုလှောင်ရုံကို ခိုအောင်းနိုင်သော ပိုးမွှားများ၊ တိရစ္ဆာန်များ၊ အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားရာတွင် လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်ထားရမည်ဖြစ်သည်။ သိုလှာင်ရုံ၏ နံရံမျက်နှာစာ၊ အခန်းအကန့်များနှင့်ကြမ်းပြင်တို့ကို ရေစိမ့်မဝင်နိုင်ရန် စီမံဆောင်ရွက်ရာတွင် အဆိပ်အတောက်မဖြစ်စေနိုင်သော ပစ္စည်းများကိုသာ အသုံးပြုရပါမည်။ ကုန်ချောဆန်များကို အိတ်သွပ်ရာတွင် အိတ်အသစ်များအသုံးပြုရန် တရုတ်နိုင်ငံနှင့် ချုပ်ဆိုသော စာချုပ်၏ အပိုဒ် (၅)တွင် ဖော်ပြထားပါသည်။

တင်ပို့သည့်အိတ်တွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ဟူသော စာသား၊ ဆန်အမျိုးအစား၊ ကြိတ်ခွဲသည့်စက်ရုံ၊ တင်ပို့သူအမည်၊ လုပ်ငန်းမှတ်ပုံတင်အမှတ်၊ ကုမ္ပဏီလိပ်စာ စသည်ကို မြန်မာ၊ တရုတ်နှစ်ဘာသာဖြင့် ဖော်ပြရမည်။ စက်ရုံနှင့်သိုလှောင်ရုံအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် စက်ရုံအတော်များများ လိုက်ပါ ဆောင်ရွက်နိုင်မှု အားနည်းသော အချက်ဖြစ်ပြီး အပိုင်း(A)တွင် အရည်အချင်း မကိုက်ညီမှု အများဆုံး သတ်မှတ်ခံရသောအချက်ဖြစ်သည်။

စပါးမှစတင်ကြိတ်ခွဲသော ဆန်စက်များတွင် စပါးအခြောက်ခံစက်ထားရှိရန် လိုအပ်သည်။ ယနေ့ခေတ်တွင် စပါးရိတ်သိမ်းရာ၌ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုလာကြသဖြင့် ဆန်စက်များသို့ ရောက်ရှိလာသော စပါးများသည်များသောအားဖြင့် အစိုဓာတ်မြင့်မားလျက်ရှိပါသည်။ ကြိတ်ခွဲမှုပြုရန်အတွက် လိုအပ်သော အစိုဓာတ်ပမာဏ ကိုရရှိရန်အခြောက်ခံစက်များ လိုအပ်သည်။ သင့်တော်မှန်ကန်သော အစိုဓာတ်တွင်ကြိတ်ခွဲမှုပြုလုပ်မှသာလျှင် ဆန်အရည်အသွေး ကောင်းမွန်မှုနှင့်အောက်တန်းကိုက်ခြင်းကဲ့သို့သော စီးပွားရေးအရတွက်ခြေကိုက်မှုရှိမည်ဖြစ်ပါသည်။ ဆန်စက် အများစုသည် ခေတ်မီ စပါးအခြောက်ခံစက်များကို တွင်ကျယ်စွာ အသုံးပြုလာကြသော်လည်း စစ်ဆေးခဲ့သော ဆန်စက် ၁၀၃ စက်ရှိသည့်အနက် ၁၃ စက်မှာ အသုံးပြုခြင်းမရှိကြောင်း တွေ့ရှိရသည်။ အစိုဓာတ်တစ်မှတ်သည် စပါးကြိတ်ခွဲရာ၌ အလေးချိန်၊ ပမာဏ၊ အရည်အသွေးနှင့်ဆန်သားရရှိမှုတို့တွင် သက်ရောက်မှုရှိသော်လည်း အများစုသည် အစိုဓာတ်ပေါ်တွင် အလေးနက်ထားစဉ်းစားမှုမရှိကြောင်း တွေ့ရှိရသည်။

မည်သို့ပင်ဆိုစေကာမူ တရုတ်နိုင်ငံသို့ ဆန်တန်ချိန် Quota တစ်သိန်းတင်ပို့နိုင်ရေးအတွက် စစ်ဆေးမှုများသည်နောင်တွင် ရရှိလာနိုင်မည့် G to G Quota များ၊ ပင်လယ်ရေကြောင်းမှတစ်ဆင့် ကမ္ဘာ့နယ်ပယ်အရပ်ရပ်သို့ တင်ပို့နိုင်မည့် တန်းမြင့်မြန်မာ့ဆန်များ ကြိတ်ခွဲထုတ်လုပ်လုပ်ရေးအတွက် အတွေ့အကြုံကောင်း အထောက်အပံ့ကောင်းများဖြစ်လာတော့မည်ဟု မှတ်ယူရပါသည်။ ယခုတစ်ကြိမ်စစ်ဆေးတွေ့ရှိရသည့် အားသာချက်များကို ဆက်လက်တည်ရှိစေပြီး အားနည်းချက်များ ပြုပြင်၍ စီမံကိန်းများ၊ မူဝါဒများ ချမှတ် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ အနာဂတ်တွင် မြန်မာ့ဆန်စပါး လောကရွှေခေတ်ဆီသို့ပြန်လည်တက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုရင်းသုံးသပ်ချက်များကို နိဂုံးချုပ်အပ်ပါသည်။

■

# ကုလသမဂ္ဂအချက်အလက်ရှာဖွေရေးမစ်ရှင် အစီရင်ခံစာသည် ဟန်ချက်ညီဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို အထောက်အကူမပြုနိုင်ဟုဆို



ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဖွဲ့စည်းထားသည့် အချက်အလက်ရှာဖွေရေးမစ်ရှင် (Fact-Finding Mission) ၏ ဩဂုတ် ၅ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာသည် မြန်မာနိုင်ငံတွင်း၌ ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများအပေါ် လွဲမှားစွာကောက်ချက်ချခဲ့ခြင်းဖြစ်ပြီး ဟန်ချက်ညီ ဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို အထောက်အကူမပြုနိုင်ကြောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)က ဩဂုတ် ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိကုမ္ပဏီများနှင့် စီးပွားရေး အဖွဲ့အစည်းအချို့၏ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် စေတနာအပြည့်ဖြင့် တာဝန်သိသိ ပါဝင်ဆောင်ရွက်မှုများကိုတစ်ဖက်သက်အမြင်ဖြင့် စွပ်စွဲဖော်ပြထားကြောင်း၊ မြန်မာနိုင်ငံ ဒေသအသီးသီး၌ ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် လွဲမှားစွာ ကောက်ချက်ချခဲ့ခြင်းသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေးလုပ်ငန်းရှင်များ၏ ငြိမ်းချမ်းသာယာသော ပတ်ဝန်းကျင်ကို ဖန်တီး၍ ဟန်ချက်ညီဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို အထောက်အကူပြုနိုင်မည်မဟုတ်ဟု ခံယူကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အဓိက မောင်းနှင်အားဖြစ်သော ပုဂ္ဂလိကစီးပွားရေးကဏ္ဍ တစ်ရပ်လုံးကို ကိုယ်စားပြု ရပ်တည်လျက်ရှိရာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ၏ အကျိုးစီးပွား ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်ခြင်းများကို လက်ခံမည်မဟုတ်ဘဲ ကျင့်ဝတ်သိက္ခာနှင့်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော စီးပွားရေး လုပ်ငန်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးအတွက် ဦးဆောင်စည်းရုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို အပြည့်အဝ လိုက်နာကျင့်သုံးသော စီးပွားရေးလုပ်ငန်းများ၊ အဖွဲ့အစည်းများဖြစ်ရန် ဆက်လက်တိုက်တွန်းအားပေး သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ **သန်းထိုက်အောင်**

## အာဆီယံ အစားအစာပွဲတော် ၂၀၁၉ မန္တလေးမြို့၌ ကျင်းပမည်

နိုင်ငံတော်အဆင့်ပြပွဲတစ်ခုဖြစ်သော အာဆီယံအစားအစာပွဲတော် ၂၀၁၉ ကို ဩဂုတ် ၁၇ နှင့် ၁၈ ရက်တို့တွင် မန္တလေးမြို့ရှိ MCC ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်ကျင်းပရခြင်းသည်မြန်မာ့ အစားအစာများကို နိုင်ငံတကာမှ သိရှိပြီး ဒေသတွင်း ခရီးသွားလာမှုဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာနိုင်ငံ၏ လှပသောဒေသများကို နိုင်ငံတကာမှခရီးသွားများ သိရှိစေရန်၊ နိုင်ငံခြားသားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံအတွင်း ပိုမိုဝင်ရောက်လာစေရန်၊ အခြားအာဆီယံနိုင်ငံများနှင့် ရင်းနှီးကျွမ်းဝင်မှု ရရှိစေရန်တို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

"အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်တဲ့ တရုတ်၊ ဂျပန်၊ ကိုရီးယားနဲ့ အိန္ဒိယနိုင်ငံက သံအမတ်တွေ တက်ရောက်မှာဖြစ်ပြီး သူတို့နိုင်ငံရဲ့ ရိုးရာအစားအစာတွေကို ပြသမှာဖြစ်ပါတယ်။ မိုးရာသီကာလဆိုပေမယ့် ခရီးသွားဧည့်သည်တွေ ၂၄ နာရီပတ်လုံး လာရောက်လည်ပတ် နိုင်ဖို့ရည်ရွယ်ပြီး မန္တလေးမြို့မှာပြုလုပ်ဖို့ ရွေးချယ်ခဲ့တာပါ။ ရိုးရာအစားအစာများ ကို ထိန်းသိမ်းဖို့နဲ့ ပြန်လည်ဖော်ထုတ်နိုင်ဖို့အတွက်လည်း ရည်ရွယ်လုပ်ဆောင်ခဲ့တာပါ"ဟု ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ခရီးသွားမြှင့်တင်မှုဌာနခွဲမှ ဒါရိုက်တာ ဦးဇေယျာမျိုးအောင်က ပြောသည်။

အဆိုပါပွဲတော်တွင် ဒေသထွက် ရိုးရာအစားအစာများ၊ တိုင်းရင်းသားရိုးရာ အစားအစာများ၊ ဒေသထွက် ထုတ် ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် တင်ဆက်ပြသ ဖျော်ဖြေသွားမည်ဖြစ်ပြီး ဒေသတစ်ခုချင်းစီ၏ အဓိကဟင်းလျာများကိုပါ ချက်ပြုတ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံစားသောက်ဆိုင် လုပ်ငန်းရှင်များအသင်း (အသင်းခွဲများ)အပါအဝင် မိတ်ဖက်အသင်းများကလည်း ပြပွဲအတွင်း လက်တွေ့တင်ဆက်ပြသမှုများအပြင် အာဆီယံနိုင်ငံများမှ နိုင်ငံအလိုက် အစားအစာများကို ဝင်ရောက်ပြသသွားမည်ဖြစ်ကြောင်း၊ ထို့နောက် အမှတ်တရပစ္စည်းရောင်းချမည့် ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၁၀၀ ကျော် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ချောစု**

## ကျူးကျော်နေထိုင်သူများအတွက် ဖော်ဆောင်မည့် ကနဦးအိမ်ရာဒီဇိုင်း ထွက်ရှိလာ

ကျူးကျော်နေထိုင်သူများအတွက် ဖော်ဆောင်ပေးမည့် ငွေကျပ် သိန်း ၃၀ တန် ကနဦးအိမ်ရာဒီဇိုင်း ရရှိထားပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှ သိရသည်။

အဆိုပါ အိမ်ရာတိုက်ခန်းဒီဇိုင်းမှာ ၁၅ ပေ ၃၅ ပေ အကျယ်၊ နှစ်ခန်းတွဲ ပေ ၃၀ ရှိ အိမ်များဖြစ်ပြီး အစိုးရပိုင်မြေပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ကာ မြေတန်ဖိုး ထည့်တွက်ယူထားခြင်း မရှိကြောင်း တိုင်းအစိုးရအဖွဲ့၏ ပုံမှန်စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

"အိမ်ဒီဇိုင်းကို ကျွန်တော်တို့က စီမံတာ မဟုတ်ဘူး။ သူတို့ဘာသာသူတို့ ဆွဲကြတာဖြစ်ပါတယ်။ အားလုံးစုပြီး အင်ဂျင်နီယာတွေကထိုင်ပြီး သူတို့ ဘယ်လိုပုံစံမျိုးဆိုရင် ကြိုက်တယ်။ သူတို့ကြိုက်တာနဲ့ သူတို့ပေးနိုင်တဲ့ သူတို့ဆောက်ဖို့ပေးနိုင်တဲ့ငွေကို သူတို့ချိန် ကြတာပဲဖြစ်ပါတယ်။ သူတို့က သိန်း ၃၀ လောက်ဖြစ်တဲ့အတွက် ဒီအခြေအနေကို ချိန်ပြီးတော့ သူတို့ရွေးချယ်တဲ့ ပုံသဏ္ဍာန်မျိုးဖြစ်ပါတယ်။ သူတို့ငွေကြေးနဲ့ သူတို့ အဆင်ပြေနိုင်တဲ့ပုံစံကို စိတ်ကြိုက်ဆောင်ရွက်ပေးသွားမယ်။ လက်ရှိမှာလည်း အိမ်ဒီဇိုင်းကို ကနဦးအတည်ပြု ထားတာရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ယခုလလဆန်းပိုင်းတွင် ပြောကြားခဲ့သည်။

'ရန်ကုန်တိုင်းအတွင်း နေထိုင်နေ တဲ့ ကျူးကျော်များကို ကျပ်သိန်း ၃၀ တန် တန်ဖိုးရှိအိမ်များ ရောင်းချပေးသွားမှာဖြစ်ပြီး ရောင်းချရာမှာ အမှန်တကယ်နေထိုင်ဖို့ ခက်ခဲ ဒုက္ခရောက်တဲ့ အမျိုးသမီးဆယ်ဦးကို အဖွဲ့တစ်ဖွဲ့အဖြစ်လုပ်ကာ ဝိုင်းကြီးချုပ်စနစ်နဲ့ ကျူးကျော်နေထိုင်သူများကို ရောင်းချပေးသွားမှာပါ"ဟု ၎င်းက ဆက်ပြောသည်။

ထိုကဲ့သို့ ရောင်းချပေးရာတွင် တန်ဖိုးနည်းအိမ်များကို တစ်ဆင့် ပြန် လည်ရောင်းချခြင်းများ၊ လွှဲပြောင်းပေး ခြင်းများ ပြုလုပ်ခွင့်မရှိကြောင်း၊ အမျိုးသမီးများကို မြှင့်တင်စောင့်ရှောက်ပေးသည့်အနေဖြင့် women for world program ထဲမှ မိုက်ကရိုဖိုင်းနက်စနစ်ဖြင့် ကျူးကျော်မှာ နေထိုင်နေသည့် အခက်အခဲရှိ အမျိုးသမီးများကို ၁၀ ယောက်တစ်အုပ်စုဖွဲ့ကာ ဆောင်ရွက်ရန် စီစဉ်နေကြောင်း သိရသည်။

**ချောစု**

## Malaysia-Myanmar Connect 2019 စီးပွားရေးဆွေးနွေးပွဲ ပြုလုပ်မည်

မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်မည့် "Malaysia-Myanmar Connect 2019" စီးပွားရေးဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wyndham Grand Yangon Hotel ၌ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုဆွေးနွေးပွဲအတွင်း မလေးရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများကို ရှာဖွေမည်ဖြစ်ပြီး မြန်မာနိုင်ငံလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများပြုလုပ်မည်ဖြစ်ကြောင်း၊ မလေးရှားနိုင်ငံအနေဖြင့် ပြည်တွင်းဈေးကွက်၌ ထိပ်တန်းရင်းနှီးမြှုပ်နှံသည့် နိုင်ငံများစာရင်းတွင် ပါဝင်နိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း သိရသည်။

Malaysia-Myanmar Connect 2019 ကို Malaysia-Myanmar Business Chamber (MMBC)၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ စာရင်းကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု အများဆုံးနိုင်ငံများမှာ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## အလှကုန်ပစ္စည်းမှတ်ပုံတင်ခြင်းဆိုင်ရာ ဗဟုသုတဖြန့်ဝေခြင်း ဟောပြောပွဲ ပြုလုပ်မည်

မြန်မာနိုင်ငံအလှကုန်အသင်းက ကြီးမှူးကျင်းပသည့် 'အလှကုန်ပစ္စည်း မှတ်ပုံတင်ခြင်းဆိုင်ရာ ဗဟုသုတဖြန့်ဝေခြင်း'အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုဟောပြောပွဲကို အလှကုန် လုပ်ငန်းရှင်များ အလှကုန်မှတ်တမ်းတင် လျှောက်ထားခြင်းနှင့် ပတ်သက်၍ အသိပညာပိုမိုရရှိရန်စေရန် ရည်ရွယ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဝင်းဝင်းရွှေက အလှကုန်မှတ် ပုံတင်ခြင်းဆိုင်ရာ အသိပညာများကို ဦး ဆောင်ဟောပြောပေးမည်ဖြစ်ကြောင်း သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် အမှတ် ၃၀၀၊ 4A၊ ကမ္ဘာအေးကွန်ဒိုမီနီယံ၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ ၇၈၀၀၈၈၄၅၆၊ ၀၉ ၄၅၁ ၃၇၈၈၈၃ တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ဆန်စပါးအရည်အသွေးကောင်းစေရန် ရပ်ရွာအခြေပြု

# အခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများတည်ထောင်ချိန်တန်ပြီ

**အောင်ဆန်း(စိုက်ပျိုးရေး)**

မြန်မာနိုင်ငံတွင် ဆန်စပါးသည် အဓိကရိက္ခာသီးနှံဖြစ်သည်။ စပါးကို နှစ်စဉ် မိုးစပါး၊ နွေစပါးစုစုပေါင်းဟက်တာ ၇ ဒသမ ၂၆ သန်းဟက်တာကျော် စိုက်ပျိုးလျက်ရှိပြီး စပါးမက်ထရစ်တန် သန်းပေါင်း ၂၈ ဒသမ ၀၉ သန်းထွက်ရှိနေသည်။ စပါးသည် မြန်မာနိုင်ငံ စုစုပေါင်းသီးနှံစိုက်ပျိုးမှု၏ ၅၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးလျက်ရှိသည်။

ဤသို့စပါးစိုက်ပျိုးထုတ်လုပ်သောလုပ်ငန်းမှာပင် ရိတ်သိမ်းချိန်၊ ဆွတ်ခူးခြွေလှေ့ချိန်၊ သယ်ယူပို့ဆောင်ချိန်၊ သန့်စင်ချိန်၊ အခြောက်ခံချိန်၊ ကြိတ်ခွဲသိုလှောင်ချိန်၊ ထုပ်ပိုးချိန်အဆင့်ဆင့်များတွင် အရည်အသွေးရော၊ ထုထည်ပမာဏပါ လေလွင့်ဆုံးရှုံးမှုများ ကြုံတွေ့ခံစားနေကြရသည်။ ဤသို့ ဆန်စပါးလေလွင့်ဆုံးရှုံးမှုများကိုသာ စနစ်တကျကာကွယ်ထိန်းသိမ်းနိုင်မည်ဆိုလျှင် လူဦးရေ သန်းပေါင်း ၇၀၀ ကျော်ခန့်ကို ငါးနှစ်စာကျွေးရန် လုံလောက်သည်ဟု ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက မီးမောင်းထိုးပြထားသည်။

မြန်မာနိုင်ငံတွင် စပါးရင့်မှည့်ချိန်မှ ရိတ်သိမ်းသယ်ယူသိုလှောင်ချိန်ထိ ထုတ်လုပ်မှုပျမ်းမျှ၏ ၇ ဒသမ ၆ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းထိ လေလွင့်ဆုံးရှုံးနေသည်။ စပါးရိတ်သိမ်းသယ်ယူစဉ်မှာ ၁ ဒသမ ၄ ရာခိုင်နှုန်း လေလွင့်ဆုံးရှုံးနေသည်။ ဆန်စပါးသိုလှောင်စဉ်မှာ ၄ ဒသမ ၂ ရာခိုင်နှုန်း အဟောသိကံဖြစ်နေသည်ဟု ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနမှတ်တမ်းများက ထောက်ပြထားသည်။

မြန်မာနိုင်ငံတွင် ဤသို့ ဆန်စပါးလေလွင့်ဆုံးရှုံးမှုများ ကြုံတွေ့ခံစားနေရခြင်းသည် ရိတ်သိမ်းချိန်လွန် နည်းပညာ (Post Harvest Technology) လိုက်နာကျင့်သုံးမှု အားနည်းခြင်းက တရားခံဖြစ်နေသည်ကို တွေ့ရသည်။ ရိတ်သိမ်းချိန်လွန် နည်းပညာကျင့်သုံးဆောင်ရွက်နိုင်မှုသည် ဆန်စပါး၏ အရည်အသွေးကောင်းမွန်မှုကို ကြီးစွာလွှမ်းမိုးနေသည်။ ရိတ်သိမ်းချိန်လွန်နည်းပညာတွင် စပါးရိတ်ချိန်မှန်ကန်ခြင်း၊ ခြွေလှေ့သန့်စင်စနစ် မှန်ကန်ခြင်း၊ အခြောက်ခံစနစ်မှန်ကန်ခြင်း၊ သိုလှောင်စနစ်မှန်ကန်ခြင်း၊ အဆင့်မြင့်ဆန်စက်ကြီးများဖြင့် ကြိတ်ခွဲခြင်းစသည့် လုပ်ငန်းအဆင့်များ ပါဝင်ပါသည်။ အဆိုပါအဆင့်များသည် ဆန်စပါး၏ အရည်အသွေးကောင်းမွန်စေမှုအပေါ် အကျိုးသက်ရောက်မှု ကြီးမားပါသည်။

ဆန်စပါးအရည်အသွေးကောင်းစေရန် ရိတ်သိမ်းချိန်မှန်ကန်ရေးသည်အဓိကသော့ချက်ဖြစ်သည်။ စပါးကိုမောင်းညိုချိန် (အနှံထွက်ပြီးရက်၃၀) သည် ရိတ်သိမ်းရန် သင့်တော်ဆုံးအချိန်ဖြစ်သည်။ ယင်းအချိန်တွင် တိကျမှန်ကန်စွာ ရိတ်သိမ်းနိုင်ပါကအရည်အသွေးကောင်းဆန် ၅၅ ရာခိုင်နှုန်းရရှိပြီး ဆန်ထွက် ၆၅ ရာခိုင်နှုန်းရရှိသည်ဟု ရေဆင်းစိုက်ပျိုးရေးသုတေသန၏ စပါး ငါးမျိုးအပေါ် ငါးနှစ်တာသုတေသနစမ်းသပ်တွေ့ရှိချက် အရဆိုထားသည်။ တစ်ဖန်စပါးမောင်းညိုချိန်တွင် ရိတ်သိမ်းပါကစပါးစေ့အတွင်း၌အစိုဓာတ် (၂၀-၂၅) ရာခိုင်နှုန်းထိပါရှိလာသည်။ ၎င်းအစိုဓာတ်သည် စပါး၏ အရည်အသွေး၊ ဆန်၏အရည်အသွေးကိုထိန်းချုပ်ထားသည်။ ရိတ်သိမ်းချိန်လွန်နည်းပညာအရစပါးအရည်အသွေးကောင်း၊ ဆန် အရည်အသွေးကောင်းရရှိစေရန် ရိတ်သိမ်းပြီး ၂၄နာရီအတွင်း စပါး စေ့၏ အစိုဓာတ် ၁၈ ရာခိုင်နှုန်းထိရောက်ရှိအောင် ၄၈ နာရီအတွင်း စပါးစေ့၏ အစိုဓာတ် ၁၃-၁၄ ရာခိုင်နှုန်းထိရောက်ရှိအောင် အခြောက်ခံရန် အထူးလိုအပ်ပါသည်။ စပါးစေ့အတွင်းရှိ အစိုဓာတ်ကိုသတ်မှတ်အချိန်အတွင်း သတ်မှတ်အစိုဓာတ်ရာခိုင်နှုန်းထိ ရောက်ရှိအောင် အခြောက်မခံနိုင်ပါက အဆိုပါအစိုဓာတ်၏ ဒုက္ခပေးမှုကြောင့် အပူငွေ့တက်၊ မှိုတက်၊ အရောင်ပျက်၊ ဆန်သားအက်၊ အကျိုးအကြေများပြီး အရည်အသွေးကျသွားစေပါသည်။ တောင်သူလယ်သမားရိုးကျနေလှန်းအခြောက်ခံခြင်းသည် သတ်မှတ်အချိန်အတွင်း သတ်မှတ်အစိုဓာတ် ရရှိအောင်မည်သို့မျှ မဆောင်ရွက်နိုင်ပါ။ သို့ပါ၍ စပါးစေ့အတွင်းရှိ အစိုဓာတ်ကိုသတ်မှတ်ချိန်အတွင်း သတ်မှတ် အစိုဓာတ်ရာခိုင်နှုန်းထိရရှိရန် အခြောက်ခံစက်ဖြင့်သာ စွမ်းဆောင်နိုင်မည်ဖြစ်သည်။

ဤသို့ စပါးစေ့အတွင်းရှိ အစိုဓာတ်ကိုဖယ်ရှားရာ၌စပါးစေ့ထဲတွင် သဘာဝအရ သာမန်အစိုဓာတ်ဆိုလျှင် အပူချိန်ပြင်းလွန်းပါကစပါးစေ့အတွင်းဆန်စေ့၌ ဖြောင့်သောအက်ကြောင်းများ ဖြစ်ပေါ်စေပြီး စပါးအရည်အသွေးကျဆင်းစေသည်။ အကယ်၍ စပါးစေ့အတွင်းရှိသောအစိုဓာတ်သည် သဘာဝအရ မဟုတ်ဘဲမုိးလများပြားစွာတည်ရှိမှု၊ ရေစိုမိုးစိုခံရမှုဖြစ်ပါက အပူချိန်ပြင်းပြင်းဖြင့် အခြောက်လှန်းလျှင် ဆန်စေ့၏ အက်ကြောင်းများသည် ကွေ့ကွေ့ကောက်ကောက် ဖြစ်ပေါ်စေပြီး စပါးအရည်အသွေးကို ကျဆင်းသွားစေသည်။ စပါးကိုအခြောက်ခံပြီးပါက အစေ့တွင်းအစိုဓာတ်သည် ၁၄ ရာခိုင်နှုန်းသာရှိရန် သေချာဖို့ လိုအပ်ပါသည်။ အစိုဓာတ်ပါဝင်မှုမသေချာပါကအရည်အသွေးကျဆင်းမှု ဒဏ်ခံရမည်မှာ မလွဲဧကန်ဖြစ်သည်။

စပါးစေ့အတွင်းတည်ရှိနေသော အစိုဓာတ်သည် သိုလှောင်မှုသက်တမ်းကိုလည်းလွှမ်းမိုးနေသည်။ စပါးစေ့အတွင်းအစိုဓာတ် ၁၃-၁၄ ရာခိုင်နှုန်းရှိပါက နှစ်ဝက်သိုလှောင်ထားနိုင်သည်။ အစိုဓာတ် ၁၀-၁၂ ရာခိုင်နှုန်းရှိပါက တစ်နှစ်သိုလှောင်ထားနိုင်သည်။ အစိုဓာတ် ၉-၁၁ ရာခိုင်နှုန်းရှိပါက ၄ နှစ်ထိသိုလှောင်ထားနိုင်ကြောင်း မျိုးစေ့နည်းပညာသုတေသနမှဆိုထားသည်။ သိုလှောင်ရုံအတွင်းရှိ စိုထိုင်းဆပမာဏသည် သိုလှောင်စဉ် ပိုးမွှားရောဂါကျရောက်မှုကိုလည်း ဖြစ်ပေါ်စေပါသည်။စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းအထက် ရှိနေပါက (များနေပါက) အင်းဆက်ပိုးမွှား ရောဂါလှုပ်ရှားမှု များစေပါသည်။ စိုထိုင်းဆ ၅၀ ရာခိုင်နှုန်းအောက်နိမ့်ကျသွားပါက အင်းဆက်ပိုးမွှားရောဂါ လှုပ်ရှားမှုနည်းစေပါသည်။ စိုထိုင်းဆ ၃၅ ရာခိုင်နှုန်းအောက်နိမ့်ကျသွားပါကလှုပ်ရှားမှု လုံးဝ ရပ်ဆိုင်းသွားစေပါသည်။ စပါးကိုအခြောက်ခံပြီး မသိုလှောင်မီ ဖုန်၊ ခဲ၊ သလဲ၊ အဖျင်း၊ အမှော်၊ အမှိုက်များကိုပြောင်စင်အောင် သန့်စင်ရန် လိုအပ်ပါသည်။ ရာခိုင်နှုန်းပြည့် သန့်စင်မှုမရှိပါက စပါးစေ့ကိုလိုအပ်သည့် အစိုဓာတ်ထိမည်သို့ပင်အခြောက်ခံစေကာမူ ရောနှောပါလာသော အဖျင်း၊ အမှော်၊ အမှိုက်၊ ဖုန်၊ ခဲ၊ သလဲ၊ သီးနှံအပိုင်းအစများမှ ထွက်ပေါ်လာသည့် အစိုဓာတ်ကြောင့် စပါးအစိုပြန်ပြီး မှိုတက်၊ အရောင်ပျက်၊ ဆန်သားအက်၍ အရည်အသွေးကျဆင်းစေပါသည်။

ရိတ်သိမ်းချိန်လွန်နည်းပညာတွင် စနစ်တကျသိုလှောင်ခြင်းသည်လည်းစပါးအရည်အသွေးကောင်းမွန်မှုကို လွှမ်းမိုးထားသည်။ ဆန်စပါးကိုစနစ်တကျသိုလှောင်ခြင်းမရှိပါက ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရည်အသွေးနှင့်အလေးချိန်ပါဆုံးရှုံးမှုသည် ၂၅-၅၀ ရာခိုင်နှုန်းထိရှိကြောင်းကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ဆန်စပါးကိုသိုလှောင်ခြင်းသည် ရိတ်သိမ်းခြွေလှေ့စဉ်ပါလာသော အရည်အသွေးကောင်းလက္ခဏာများကိုလည်းကောင်း၊ ထုထည်ပမာဏကိုလည်းကောင်း၊ မိမိအသုံးပြုလိုသောအချိန်တွင် ပျက်စီးခြင်း၊ လျော့ပါးခြင်းမရှိအောင် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းဖြစ်သည်။

ဒေါက်တာဟယ်ရီတန်၏ အဆိုရ အပူချိန်နှင့် အစိုဓာတ်နှစ်ခုပေါင်းခြင်းသည် ၁၀၀ ထက် မကျော်ပါက သိုလှောင်ရန်အကောင်းဆုံးဟုဆိုပါသည်။ ဆန်စပါးစေ့များသည် ပတ်ဝန်းကျင် အစိုဓာတ်နိမ့်နေပါက အစေ့တွင်းမှ အစိုဓာတ်ကိုအပြင်သို့ ထုတ်လွှတ်ခြင်း၊ ပတ်ဝန်းကျင် အစိုဓာတ်မြင့်နေပါက အစေ့အပြင်မှ အစိုဓာတ်ကို စုပ်ယူနိုင်ခြင်းသတ္တိရှိသည်။ သိုလှောင်ရာတွင် အထူးသတိပြုရမည့်အချက်ဖြစ်သည်။ ခေတ်မီစနစ်ကျသော သိုလှောင်ရုံများဖြင့်သာ သိုလှောင်သင့်ပါသည်။ ယခုလက်ရှိမြေပြင် လက်တွေ့တွင် ဆန်စက်များ၊ စပါးအဝယ်ဒိုင်များတွင် ကွင်းပုံ၊ တလင်းပုံဖြင့် ထားရှိနေခြင်းသည်။ အပူချိန်နှင့်အစိုဓာတ်၏ ဖိစီးမှု ဒဏ်ခံရပြီးခွေးတက်၊ကြွက်ယက်၊ ကြွက်ထွက်စေသည့် ဒဏ်ခံနေရမည်ဆိုလျှင်ပင် ဆန်စပါးအရည်အသွေးမည်သို့မျှ မကောင်းနိုင်တော့ပေ။

မြန်မာနိုင်ငံသည် ဆန်ကိုပြည်တွင်းစားသုံးမှုအပြင် ပြည်ပတင်ပို့မှုပါ အလွန်အားထားနေရသောသီးနှံဖြစ်သည်။ ပြည်ပတင်ပို့ရာတွင် မိမိဆန်အရည်အသွေးကောင်းနေမှသာ နိုင်ငံတကာဈေးကွက်တွင် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။

ဤသို့ ကျေးလက်ရပ်ရွာတောင်သူလယ်သမားကြီးများ၏ ဒုက္ခများကိုကယ်တင်ရန်၊ စပါးဈေးကောင်းရရှိစေရန်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က စေတနာဖြင့် အစီအမံများကိုသတင်းကောင်းမျှဝေလိုပါသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အထက်ပါရိတ်သိမ်းချိန်လွန်နည်းပညာများအပြည့်အဝအကောင်အထည်ဖော်နိုင်ရန် စီမံလျက်ရှိသည်။ စပါးသီးနှံရိတ်သိမ်းပြီးနောက်ပိုင်း အရည်အသွေး မကျဆင်းစေရန်နှင့် ဆုံးရှုံးလေလွင့်မှု လျော့နည်းစေရန်လည်းကောင်း၊ စပါးများစုပုံပေါ်ချိန်တွင် အစိုဓာတ်မြင့်မားလေ့ရှိသော စပါးများအား စနစ်တကျ အခြောက်ခံဝယ်ယူသိုလှောင်ခြင်းဖြင့် ဝယ်လိုအားမြင့်တက်နိုင်ပြီး စပါးပေါ်ချိန်တွင် စပါးဈေး ကျဆင်းမှုကို ထိန်းသိမ်းနိုင်ရန်လည်းကောင်း၊ ဈေးကွက်တည်ငြိမ်စေရန်အတွက် ကွင်းဆင်းဝယ်ယူရေးဆောင်ရွက်သည့်အခါ စနစ်တကျအခြောက်ခံ၊ သိုလှောင်ဝယ်ယူနိုင်ရေးအတွက်လည်းကောင်း၊ ကျေးလက်ဒေသတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်သည့် အသေးစား၊ အလတ်စားလုပ်ငန်းများအားပေးနိုင်ရန်အတွက်လည်းကောင်း စသည့် ရည်ရွယ်ချက်ဖြင့် ရပ်ရွာအခြေပြု အခြောက်ခံစက်နှင့် အသေးစား သိုလှောင်ရုံပူးတွဲပါဝင်သည့် လုပ်ငန်းရပ်ကိုအကောင်အထည်ဖော် စီမံဆောင်ရွက်နေပါသည်။

ဤသို့ ရပ်ရွာအခြေပြု စီမံကိန်းကို ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုအချက်အချာကျသောမိုးစပါး၊ နွေစပါးစိုက်ပျိုးမှုရှိသည့် ကျေးရွာရပ်ကွက်များတွင် ဦးစားပေးအကောင်အထည်ဖော်မည်ဖြစ်သည်။ စီမံကိန်းတစ်ခု ခန့်မှန်းရင်းနှီးမြှုပ်နှံမှု တန်ဖိုးများကျပ်သိန်း ၁၇၀၀ ရှိမည်ဟုခန့်မှန်းထားသည်။ အဆိုပါရင်းနှီးမြှုပ်နှံမှု၏ သုံးပုံတစ်ပုံကိုဒေသခံများမှ ထည့်ဝင်ရန်နှင့် ကျန်လိုအပ်သောရင်းနှီးမြှုပ်နှံငွေကိုသက်သာသောအတိုးနှုန်းဖြင့် ချေးငွေရရှိစေရန် လည်းကောင်း၊ နိုင်ငံတော်အစိုးရအပါအဝင် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများမှ အထောက်အပံ့ရရှိစေရန်လည်းကောင်းအသင်းချုပ်က ကြိုးပမ်းဆောင်ရွက်ပေးမည်ဖြစ်သည်။ အဆိုပါ စီမံကိန်းကိုအစိုးရ၊ ပုဂ္ဂလိကပူးပေါင်းပါဝင်မှု ပုံစံဖြင့် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ အလုံးစုံစီမံခန့်ခွဲမှု၊ ညှိနှိုင်းပံ့ပိုးအထောက်အကူပြုမှု၊ နည်းပညာအကူအညီတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါ ရပ်ရွာအခြေပြု အခြောက်ခံစက်နှင့် အသေးစား သိုလှောင်ရုံများ တည်ထောင်ခြင်းစီမံကိန်းကို ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၂ နေရာ၊ ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀ နေရာ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၅ နေရာ၊နေပြည်တော်ကောင်စီအတွင်း ခြောက်နေရာ၊ မကွေးတိုင်းဒေသကြီးအတွင်းခြောက်နေရာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၅ နေရာ၊ ရခိုင်ပြည်နယ်တွင်ခြောက် နေရာ၊ ရှမ်းပြည်နယ်တွင် ၁၀ နေရာ၊ စုစုပေါင်း ၁၀၀ နေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဏာမလျာထားပါသည်။

သို့ပါ၍ ဆန်စပါးအရည်အသွေးကောင်းမွန်စေရေးနှင့် ဈေးနှုန်းတည်ငြိမ်ရေးအတွက် ရပ်ရွာအခြေပြုအခြောက်ခံစက်နှင့် အသေးစားသိုလှောင်ရုံများတည်ထောင်ရန်ချိန်တန်ပြီဖြစ်ပါ၍ စိတ်ပါဝင်စားသူတိုင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်သို့ ဖုန်း ၀၁-၂၁၈၂၆၆၊ ၀၁-၂၁၈၂၆၇၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉ နှင့် E-mail :admin @mrf.com.mm သို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

# ဘားအံမြို့ အလက ပညာရေးလေ့ကျင့်ရေးကျောင်းတွင် စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြော

ကရင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာနက ဩဂုတ် ၈ ရက်တွင် ဘားအံမြို့ အ. လ. က ပညာရေးလေ့ကျင့်ရေးကျောင်း၌ ကျောင်းသား/သူ၊ ဆရာ၊ ဆရာမများအား စားသုံးသူကာကွယ်ရေး အသိပညာပေးဟော ပြောခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းကျန်းမာရေးအဖွဲ့၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်သည့် ခေါင်းစဉ်များဖြင့် ပညာပေးဟောပြောဆောင်ရွက်ခဲ့ကြသည်။ ပြည်နယ်ရုံးစားသုံးသူရေးရာဦးစီးဌာနမှ အကြီးတန်းစာရေး ဒေါ်ခင်ကြည်က ဟောပြောရာတွင် စားသုံးသူကာကွယ်ရေး ဥပဒေ



၂၀၁၉ ခုနှစ် မတ် ၁၅ ရက် ပြဋ္ဌာန်းချက်များမှ စားသုံးသူအဓိပ္ပာယ်၊ ကုန်စည်နှင့်ဝန်ဆောင်မှု၊ စားသုံးသူကာကွယ်ရေးအကြောင်း၊ စားသုံးသူများ ရရှိနိုင်သည့် အခွင့်အရေးများနှင့်တာဝန်များအား အသေးစိတ်ရှင်းပြခြင်း၊ စားသုံးသူ နစ်နာဆုံးရှုံးလျှင် တိုင်ကြားနိုင်သည့် တိုင်ကြားမှုပုံစံများရှင်းလင်းခြင်း၊ စားသုံးသူတို့ ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် ဆောင်ရန်/ရှောင်ရန်တို့ကိုသိရှိထားခြင်းကြောင့် အကျိုးကျေးဇူးရရှိနိုင်သည့် အကြောင်းအရာများစသည်တို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် အကြီးတန်းစာရေး ဒေါ်စုနွေးသီရိမောင်က စားသုံးသူ အခွင့်အရေးရှစ်ချက်အပေါ် ကျောင်းသား/ သူများနှင့် မေးမြန်းဖြေဆိုသည့် အစီအစဉ်ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ပြီး ပူးပေါင်းပါဝင်မှုအနေဖြင့် ကျောင်းသား/သူများနှင့် မေးခွန်းများ မေးမြန်းခြင်း/ ပြန်လည်ဖြေကြားခြင်း၊ ကျောင်းသား/ကျောင်းသူများက တစ်ဦးချင်းဖြေဆိုခြင်း၊ ဖြေဆိုနိုင်သူ ကျောင်းသား/သူများကို သင်ထောက်ကူပြု English- Myanmar Pocket Dictionary စာအုပ်များ၊ စာစီစာကုံးစာအုပ်များ ပေးအပ်ခြင်း၊ စားသုံးသူကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ခင်ကြည် (ကရင်ပြည်နယ်)**

# ကလေးမြို့ပေါ်ရှိ လယ်ယာသုံးစက်ကိရိယာဆိုင်များကို ဈေးနှုန်းအမှန်ဖြင့် ရောင်းချကြရန်ဆွေးနွေး

ကလေးမြို့ပေါ်ရှိ တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက် ဝယ်ယူရာတွင် ရောင်းချသည့်ကုမ္ပဏီများမှ လယ်ယာမြေအသုံးပြုခွင့် ပုံစံ (၇) အား အပေါင်အဖြစ်ထား၍ အရစ်ကျစနစ်ဖြင့် ဝယ်ယူစေခြင်း၊ တရုတ်နိုင်ငံထုတ်စက်အား ဂျပန်နိုင်ငံထုတ်စက်အဖြစ် လိမ်လည်ပြီး ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အဆင့်ထိ တိုင်ကြားမှုများ ရှိနေသည့်အတွက် ‘စားသုံးသူရေးရာဦးစီးဌာနက ညှိနှိုင်းဆောင်ရွက်ပေးရန်’နှင့် လယ်ယာသုံးစက်ကိရိယာ ရိတ်သိမ်းခြွေလှေ့စက် ဖြန့်ဖြူးရောင်းချသည့်လုပ်ငန်းရှင်/ကုမ္ပဏီများအား ဇူလိုင် ၂၇ ရက်က ခေါ်ယူတွေ့ဆုံ၍ ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ကလေးမြို့ ရွှေထွန်းကုမ္ပဏီ၊ စိန်လယ်ယာ ဖြိုးကိုယ်စားလှယ်အရောင်းဆိုင်၊ Gold Brother ကုမ္ပဏီမှ တာဝန်ရှိသူများသည် စားသုံးသူရေးရာ ဦးစီးဌာနရုံးသို့လာရောက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါ ကုမ္ပဏီများအနေဖြင့် ရွှေထွန်း ကုမ္ပဏီမှာ Yamabisi ရိတ်ခြွေစက်၊ Dong Feng ထွန်စက်၊ Forland မြေသယ်ကား၊ Forland အိမ်စီးကား၊ Light Ttuck၊ Chan Gan Light Truck အိမ်စီးကား၊ Forton Light Truck၊ Dong Feng ရွှေကျွဲကိုင်း၊ ဂွန်ဒေါင်း၊ ရွှေဆင်လက်တွန်းစက်၊ ဂျင်ဒေါင်း အင်ဂျင်၊ AMEC အင်ဂျင်၊ Daiwo အင်ဂျင်၊ YAMABISI လက်ဆွဲစက်၊ ဂျင်ဒေါင်းလက်ဆွဲစက်၊ Full Star ကွန်ပရက်စာ၊ မင်းဒိုးတံဆိပ်ဒိုင်နမို၊ Beijing ပုဇင်းခေါင်း၊ အလယ်ထိုင် နောက်တွဲထွေလာ၊ မှတ်ထောင်ထွေလာ၊ စိန်လယ်ယာဖြိုးကုမ္ပဏီမှ ရောင်းချသည့်စက်အမျိုးအစားများမှာ ဆိုနာလီကာထွန်စက်၊ အင်တိုဖန်းထွန်စက်၊ ဖန်းထွက်(ရ်)ထွန်စက်၊ World ရိတ်စက်တို့ဖြစ်ပြီး၊ Gold Brother ကုမ္ပဏီမှ Kuboton ရိတ်ခြွေစက်၊ Kuboton ထွန်စက်၊ Zoomlion ထွန်စက်၊ ပုဇင်းခေါင်း ထော်လာဂျီ၊ ဆန်စက်၊ ဆီစက်၊ အင်ဂျင်၊ သုံးဘီးကား အမျိုးမျိုး၊ လယ်ယာသုံးထွန်စက် အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လယ်ယာသုံးထွန်စက် အမျိုးမျိုးမှာ တရုတ်နိုင်ငံတွင် ထုတ်လုပ်သော စက်များဖြစ်ပြီး တောင်သူများကိုလည်း တရုတ်နိုင်ငံ ထုတ်လုပ်သောစက်ဖြစ်ကြောင်း ဆွေးနွေးပြီး ဈေးနှုန်းမှန်ဖြင့် ရောင်းချ လျက်ရှိကြောင်း၊ တောင်သူများအပေါ် ယခင်ကလည်း လိမ်လည်ရောင်းချခဲ့မှုမရှိကြောင်း၊ နောင်တွင်လည်း မှန်မှန်ကန်ကန် ပြောဆိုဆွေးနွေးပြီးမှ ရောင်းချသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိရသည်။

**ဇင်မိုးဝါ (ကလေးမြို့)**

# စစ်ကိုင်းမြို့နယ် ပယ်ငါးဆယ်ကျေးရွာ အ·ထ·က ( ခွဲ ) ကျောင်း၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော၊ ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခြင်းနှင့် စားသုံးသူရေးရာ အဖွဲ့ငယ်များ ဖွဲ့စည်း

စားသုံးသူရေးရာဦးစီးဌာန စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်၊ ဒုတိယခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မူ၊ ဒုတိယဦးစီးမှူး ဒေါ်သင်းယုနွယ်၊ စစ်ကိုင်းမြို့နယ်တာဝန်ခံ ဦးခင်မောင်ဝင်းနှင့် အကြီးတန်းစာရေး ဦးလင်းထက်နိုင်တို့သည် ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းမြို့နယ် ပယ်ငါးဆယ် အ. ထ. က (ခွဲ) ကျောင်း၌ စားသုံးသူ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ဖြူမြင့်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းမြို့နယ် တာဝန်ခံ ဦးခင်မောင်ဝင်းက ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့်တာဝန်များ၊ လုပ်ငန်းရှင်များ၏တာဝန်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် ၂၀၂၀ ခုနှစ်၊ မတ် ၁၆ ရက်မှစတင်၍ ကုန်အညွှန်းအမှတ်အသားတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ အခြားဘာသာနှင့်တွဲလျက်ဖြစ်စေ ဖော်ပြပါရှိမှသာလျှင် ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချရမည် ဖြစ်ကြောင်း၊ ကျန်းမာရေး ဝန်ဆောင်မှု၊ ပညာရေး ဝန်ဆောင်မှု၊ ခရီးသွားဝန်ဆောင်မှုစသည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် လည်းကောင်း၊ အစားအသောက်နှင့်ပတ်သက်၍လည်းကောင်း၊ ကုန်စည်နှင့်ပတ်သက်၍လည်းကောင်း နစ်နာဆုံးရှုံးမှုများရှိပါက စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ရုံး ဖွင့်လှစ်ထားရှိရာသို့ တိုင်ကြားနိုင်ကြောင်း ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲသို့ ဆရာ/မ၊ ကျောင်းသား/သူ၊ ဈေးသည်၊ ကျောင်း ကျန်းမာရေးအဖွဲ့ စုစုပေါင်း ၄၉၂ ဦး တက်ရောက်ခဲ့ကြသည်။

စားသုံးသူကာကွယ်ရေးဟောပြောပွဲ အပြီးတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျောင်းစားသုံးသူရေးရာအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျောင်းမုန့်ဈေးတန်းအား စိစစ်ပညာပေး ဆောင်ရွက်ခြင်း၊ စားသုံးသူများ နစ်နာမှုရှိပါက တိုင်ကြားနိုင်ရန် ကျောင်းစားသုံးသူ တိုင်ကြားမှုလက်ခံစာတိုက်ပုံး တစ်ပုံး ထားရှိ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

**ခင်မောင်ဝင်း (စစ်ကိုင်း)**

# တောင်ကြီးမြို့နယ် ညို့မီးကျေးရွာတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

တောင်ကြီးမြို့ ရှမ်းပြည်နယ် ဦးစီးမှူးရုံး စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် တောင်ကြီးမြို့နယ် ညို့မီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဇူလိုင် ၃၁ရက် နံနက် ၈ နာရီ မိနစ် ၃၀ တွင် စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် တောင်ကြီးမြို့နယ်၊ ညို့မီးကျေးရွာကော်မတီအတွင်းရေးမှူး(၁) ဦးသောင်းတင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်နှင်းအိအောင်က ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း သိကောင်းစရာများ၊ စားသုံးသူအခွင့်အရေး(၈)ချက်နှင့် စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိလာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)သို့ တိုင်ကြားနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် တောင်ကြီးမြို့၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံး၊ စားသုံးသူရေးရာဦးစီးဌာန၊ အကြီးတန်းစာရေး ဦးအံ့ကျော်ပိုင်က ညို့မီးကျေးရွာမှ ရွာသူ/ရွာသားများကျန်းမာရေးနှင့် ညီညွတ်မျှတသော အစားအစာများကို ရွေးချယ်ဝယ်ယူစားသုံးတတ်စေရန်၊ စားသောက်ကုန်များတွင်သုံးစွဲသော ဓာတုဆိုးဆေးများ၏အန္တရာယ်၊ သက်တမ်းလွန်နေသော စားသောက်ကုန်ပစ္စည်းများ၊ တာရှည်ခံဆေးသုံးစွဲထားသော စားသောက်ကုန်များ၊ အစာအဆိပ်သင့်မှုနှင့် ပိုးသတ်ဆေးဓာတုဓာတ်ကြွင်း အန္တရာယ်များအကြောင်းကို အကျယ်တဝင့် ဆွေးနွေးခဲ့ပြီး ကျေးရွာသူ/ရွာသားများ၏ အမေး/အဖြေ ကဏ္ဍများကို ဖြေကြားခြင်းများပြုလုပ်ခဲ့သည်။

တောင်ကြီးမြို့နယ် ညို့မီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ရွာသူ/သားများကို စားသုံးသူကာကွယ်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေမှုများပြုလုပ်ခဲ့ပြီး စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲသို့ ညို့မီးကျေးရွာ ရွာသူ/သားများ စုစုပေါင်း ၃၂၇ ဦး တက်ရောက်ခဲ့သည်။

**နန်းသီတာဦး (တောင်ကြီး)**

# စားသုံးသူ အကာအကွယ်ပေးရေး ဟောပြောခြင်းနှင့် ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနက ဩဂုတ် ၅ ရက်တွင် မရမ်းကုန်းမြို့နယ် အ. လ. က(၅)၌ စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများနှင့် စားသုံးသူကာကွယ်ပေးရေးဥပဒေပါ အချက်အလက်များကို ဟောပြောဆွေးနွေးခဲ့သည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် အ. လ. က(၅) ၌ ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ ၅၂၅ ဦးတို့အား အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောရာတွင် စတင်ထုတ်လုပ်သည့်ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့်ရက်စွဲများကို ကြည့်ရှုပြီး ဝယ်ယူစားသုံးကြရန် မိမိတို့ဖတ်ရှု၍မရသော နားမလည်သော ဘာသာစကားများဖြင့် ထုတ်လုပ် ထားသည့်စားသောက်ကုန်များ၊ အချိုရည်များကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန် ဓာတုဆိုးဆေးများဖြင့် အလွန်အကျွံ သုံးစွဲထားသော အစားအသောက်များကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချနေသော ဆိုင်များအနေဖြင့်လည်း မိမိတို့ရောင်းချနေသော စားသောက်ကုန်များကို သန့်ရှင်းမှုရှိစေရေး FDA မှ တားမြစ်ထားသော စားသောက်ကုန်များကို ရောင်းချခြင်း၊ သုံးစွဲခြင်းမပြုရန် ကွင်းဆင်းစစ်ဆေး အသိပညာပေးပြောကြားခဲ့သည်။ စားသုံးသူ ကာကွယ်ပေးရေးဥပဒေ ၂၀၁၉ ခုနှစ် ဥပဒေအသစ်တွင်ပါရှိသည့် စားသုံးသူများ၏ အခွင့်အရေးနှင့်တာဝန်များ စားသုံးသူအနေဖြင့် မိမိတို့ စားသုံးသူအခွင့်အရေး နစ်နာမှု၊ ဆုံးရှုံးမှုရှိပါကလည်း စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားနိုင်ကြောင်း အသိပညာပေး ဆွေးနွေးခဲ့သည်။

**West DOCA Yangon**

# ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ (၂၇)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇/၂၀၁၉) ကို ဇူလိုင် ၃၀ ရက်က ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များနှင့် ရွှေဘိုခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၉ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုအောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အတွင်းရေးမှူး ကိုယ်စား ရွှေဘိုခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဒေါ်နှင်းနှင်းခိုင်က (၂၆)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်အတည်ပြုခြင်း၊ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများနှင့် ဇူလိုင်လအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို မှတ်တမ်းတင် အတည်ပြုခြင်း၊ စားသုံးသူရေးရာအဖွဲ့များ ဖွဲ့စည်းပြီးစီးမှုများနှင့် စားသုံးသူတိုင်ကြားမှုလက်ခံစာတိုက်ပုံး ထားရှိပြီးစီးမှုများကို မှတ်တမ်းတင် အတည်ပြုခြင်း၊ ခင်ဦးမြို့နယ်မှ အောင်ရတနာကားဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားမှု ဖြေရှင်းပြီးစီးမှုအခြေအနေများ၊ တန့်ဆည်မြို့နယ်မှ တိုင်ကြားလာသော John Deere ထွန်စက်တိုင်ကြားစာ ဖြေရှင်းဆောင်ရွက်မှု အခြေအနေများကို မှတ်တမ်းတင် အတည်ပြုဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှလည်း သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးခဲ့ပြီး မိတ်ဖက်ဌာနများကလည်း ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများတွင် စားသုံးသူများ၏ အကျိုးစီးပွားကို ရှေးရှု၍ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေးသိဂီစိုး (ရွှေဘို)**

# ထီးဆောင်းကျေးရွာ မျက်စိဆေးရုံ ပတ်ဝန်းကျင်ရှိ စားသောက်ဆိုင်များအား ကွင်းဆင်းစစ်ဆေးပညာပေး

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်၊ ထီးဆောင်းကျေးရွာ မျက်စိဆေးရုံ ပတ်ဝန်းကျင်တွင် ရောင်းချလျက်ရှိသော ထမင်းဆိုင်ခြောက်ဆိုင်၊ မုန့်တီ၊ ခေါက်ဆွဲအသုပ်ဆိုင် ငါးဆိုင်၊ လက်ဖက်ရည်ဆိုင်သုံးဆိုင်၊ ဝက်သားတုတ်ထိုးဆိုင်တစ်ဆိုင်၊ အကြော်ဆိုင်နှစ်ဆိုင်တို့အား မိတ်ဖက်ဌာနများ စားသုံးသူရေးရာ အဖွဲ့ငယ်များဖြင့် ပူးပေါင်း၍ ဩဂုတ် ၇ ရက် နံနက် ၉း၃၀ နာရီတွင် အသိပညာပေး စစ်ဆေး ဆောင်ရွက်ခဲ့သည်။



အသိပညာပေး စစ်ဆေးဆောင်ရွက်ခဲ့ရာတွင် ဝက်သားတုတ်ထိုးဆိုင်တွင် အသုံးပြုလျက်ရှိသော ဆော့ချဉ်များမှာ FDA က ခွင့်မပြုထားသော ဆော့ချဉ်များ တွေ့ရှိ၍ ဆက်လက်အသုံးမပြုရန်တားမြစ်ခဲ့ပြီး ကျန်းမာရေးဌာနက ခွင့်ပြုထားသောဆော့ချဉ်များကိုသာ အသုံးပြုရမည်ဖြစ်ကြောင်း၊ ထမင်းဆိုင်များတွင် အသုံးပြုလျက်ရှိသော ငရုတ်သီးအရောင်တင်အမှုန့်များ မှိုတက်မတက် စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်မှုရှိ/မရှိဆိုင်အတွင်း/အပြင် သန့်ရှင်းမှုရှိ/မရှိအစားအသောက်များတွင် အင်းဆက်ပိုးမွှားများ မဝင်ရောက်နိုင်ရေးအတွက် အုပ်ဆောင်းများဖြင့် အုပ်ထားရမည်ဖြစ်ကြောင်း အသိပညာပေး စစ်ဆေးခဲ့ပြီး အကြော်ဆိုင်များတွင် သဘာဝမန်ကျည်းသီးဖြင့် ပြုလုပ်ထားသော အချဉ်ရည်များကို အသုံးပြုနေသည်ကို တွေ့ရသည်။

ထိုသို့ လှေ့လာစိစစ် အသိပညာပေး ဆောင်ရွက်ခဲ့ရာတွင် ထီးဆောင်းကျေးရွာ မျက်စိဆေးရုံသို့ တစ်နိုင်ငံလုံးမှ မျက်စိဝေဒနာရှင်များ အများအပြားလာရောက် ခွဲစိတ်ကုသနေကြသဖြင့် မိမိတို့ စားသောက်ဆိုင်များမှ အထူးပင် သန့်ရှင်းသပ်ရပ်ရန်နှင့် ဝန်ဆောင်မှုများ အပြည့်အဝပေးရမည်ဖြစ်ကြောင်း စားသုံးသူများ၏ စိတ်ကျေနပ်မှုရရှိရေး ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး အသိပညာပေးစစ်ဆေး ဆောင်ရွက်ခဲ့ပြီး ပန်းဖလက်များ ဖြန့်ဝေခဲ့သည်။

**အောင်လင်း (မြင်းမူ)**

# မော်တော်ယာဉ်လိုင်း ဂိတ်ပိုင်ရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်းဆွေးနွေး

စားသုံးသူကာကွယ်ရေးဥပဒေ ပြဋ္ဌာန်းချက်များအား ထုတ်လုပ်/တင်သွင်း၊ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းရှင်များနှင့် ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်များ သိရှိနိုင်စေရန်အတွက် မော်တော်ယာဉ်လိုင်း ပိုင်ရှင်များအား ရှင်းလင်းဆွေးနွေးခြင်းကို ဩဂုတ် ၆ ရက် ညနေ ၃ နာရီ တွင် မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ မြစ်ဖျားရောယာဉ်ရပ်နားကွင်း၊ ပုဂ္ဂလိကပိုင်မော်တော်ယာဉ် လုပ်ငန်းကြီးကြပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲ၌ ကချင်ပြည်နယ် စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဖေသန်းဝင်းက စီးပွားရေး လုပ်ငန်းရှင်များ၏တာဝန်များ၊ မော်တော်ယာဉ်လိုင်းပိုင်ရှင်များအနေဖြင့် မော်တော်ယာဉ် ပြေးဆွဲရေးအတွက် ကြော်ငြာများကို တာဝန်ယူရမည်ဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ရေးဥပဒေပါ အချက်များကို လိုက်နာခြင်းအားဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိလာမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်လိုကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယပြည်နယ်ဦးစီးမှူးက ၂၀၁၉ ခုနှစ်၊ မတ် ၁၅ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များ၊ ဝန်ဆောင်မှုအပေါ် တာဝန်ရှိမှု၊ ဝန်ဆောင်မှုနှင့် ပတ်သက်၍ အာမခံချက်ပေးခြင်း၊ စီးပွားရေး လုပ်ငန်းရှင်များ လိုက်နာရမည့် ဥပဒေများ၊ တားမြစ်ချက်များ၊ ပြစ်မှု/ပြစ်ဒဏ်များအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသောအချက်များနှင့်မရှင်းလင်းသောအချက် များ၏ မေးမြန်းချက်များကိုပြန်လည်ဖြေဆို၍ လက်ကမ်းစာစောင်များကို ဝေငှခဲ့သည်။ **ခွာညို (မနောမြေ)**

# ချောင်းဦးမြို့ အထက၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

မုံရွာခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန FDA တို့ပူးပေါင်း၍ ဩဂုတ် ၅ ရက်က ချောင်းဦးမြို့ အ. ထ. ကရှိ အနော်ရထာခန်းမတွင် ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူ တစ်ထောင်ကျော်ကို စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဘော်က အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူရေးရာ ဦးစီးဌာနနှင့် တိုင်းဒေသကြီး FDA တို့က ယခုလို အသိပညာပေး ဟောပြောသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် ဟောပြောချက်များကို သေချာစွာမှတ်သားစေလိုကြောင်း၊ အစားအသောက်သာမက ဝန်ဆောင်မှုနှင့်ပတ်သက်၍ နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်ပါက တိုင်ကြားနိုင်ကြောင်း၊ ဟောပြောဆွေးနွေးသော ဥပဒေများကို မှတ်သားလိုက်နာကြရန် ပြောကြားခဲ့သည်။

တိုင်းဒေသကြီး FDA မှ ဒေါက်တာ ဟိန်းထက်အောင်က ကျန်းမာရေးကိုထိခိုက်စေသည့် ဆိုးဆေးများအကြောင်း သိကောင်းစရာများဖြစ်သော ခွင့်မပြုဆိုးဆေးလေးမျိုးမှာ အနီရောင်ဆိုးဆေး၊ အဝါရောင်ဆိုးဆေး၊ လိမ္မော်ရောင်ဆိုးဆေး၊ ပန်းရောင်ဆိုးဆေးများဖြစ်ကြောင်း၊ ၎င်းဆိုးဆေးများကို ချည်၊ စက္ကူ၊ သားရေ၊ ချည် ထည်၊ပိုးထည်များ အရောင်ဆိုးရာတွင် သုံးစွဲရန်ဖြစ်သော်လည်း အစားအသောက်များတွင် အမြင်တစ်ခဏတာ အလှအတွက် အသုံးပြုရောင်းချနေသည်ကို စားသုံးသူပြည်သူများ ကြာမြင့်စွာစားသုံးပါက အစာအိမ်နှင့် အူလမ်းကြောင်းကင်ဆာ၊ အသည်းကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ အရေပြားရောဂါ၊ သွေးအားနည်းရောဂါများ ဖြစ်ပွားနိုင်ကြောင်း၊ အန္တရာယ်ကင်းသော အစားအစာဖြစ်ပေါ်ရေးအတွက် အဓိက ဆောင်ရွက်ရမည့် အချက်ငါးချက်မှာ သန့်ရှင်းပါ၊ မချက်ရသေးသည့် သားစိမ်း၊ငါးစိမ်းများနှင့် ချက်ပြုတ်ပြီးဟင်းများကို အတူရောမထားရပါ၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပါ၊ အစားအစာများကို လုံလောက်သော အပူချိန်အောက်တွင်ထားပါ၊ သန့်ရှင်းသောရေနှင့် လတ်ဆတ်သော အစားအစာများကိုသာ သုံးစွဲရမည်ဖြစ်ကြောင်း၊ အာဟာရဖြစ်အောင်စားမည်ဆိုပါက ထမင်း လေးပုံတစ်ပုံ၊ အသား/ငါး လေးပုံတစ်ပုံ၊ ဟင်းသီးဟင်းရွက် လေးပုံတစ်ပုံ၊ အသီးအနှံလေးပုံ တစ်ပုံနှင့် နွားနို့တစ်ခွက်သောက်ရမည်ဖြစ်ပြီး ဆီနှင့်အငန်ကို လျှော့စားရန် စသည့်ဖြင့် ပညာပေးဟောပြောပြီး ကလေးများကို သန့်ရှင်းရေးဆိုင်ရာ ဗီဒီယိုများ ပြသခြင်းနှင့် မေးခွန်း အမေး/အဖြေများဖြင့် ဟောပြောခဲ့သည်။

ဆက်လက်၍ မုံရွာခရိုင်စားသုံးသူရေးရာ ဦးစီးဌာန၊ မုံရွာခရိုင်ဦးစီးမှူး ဒေါ်ရီလင်းထွဋ်က စားသုံးသူ ကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဟောပြောရာတွင် ပြည်သူတိုင်းသည် စားသုံးသူဖြစ်ကြောင်း၊ စားသုံးသူတိုင်းမှာ စားသုံးသူအခွင့်အရေးရှိကြောင်း၊ စားသုံးသူကာကွယ်ရေး ဥပဒေအသစ်ကို ၂၀၁၉ခုနှစ်၊ မတ် ၁၅ ရက်က ပြဋ္ဌာန်းခဲ့ပြီး၊ အခန်းပေါင်း(၂၅)ခန်း၊ ပုဒ်မပေါင်း(၈၄)ခု ပါဝင်ပါကြောင်း၊ ဤဥပဒေ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းသည် ဤဥပဒေကို ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်ဖြစ်ကြောင်းကို အခန်း(၁)၊ပုဒ်မ(ခ)တွင် ဖော်ပြထားပါကြောင်း၊ အခန်း(၁၈)၊ ပုဒ်မ ၄၁(ခ)နှင့်(ဆ)တို့ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု(သို့မဟုတ်) တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေရေးသားဖော်ပြရမည်ဖြစ်ကြောင်း၊ အခန်း(၉) ပုဒ်မ(၁၉)ပါ စားသုံးသူ၏ အခွင့်အရေး(၈)ချက်နှင့် ပုဒ်မ(၂၀)ပါ စားသုံးသူ၏တာဝန်များ စသည့်ဖြင့် စားသုံးသူကာကွယ်ရေးဥပဒေနှင့် ယှဉ်ပြိုင်မှုဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။ **ဇင်မာနွယ် (မုံရွာ)**



# လူငယ်များ၏ အားနှင့်ပင် ရလဒ်ကောင်းများ ရယူမည်ဟု လမ်းပတ်ဆို

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် ချယ်လ်ဆီးအသင်း နည်းပြ လမ်းပတ်က လူငယ်ကစားသမားများ၏ အားနှင့်ပင် ရလဒ်ကောင်းများ ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ချယ်လ်ဆီး အသင်းသည် ပြီးခဲ့သည့်ရာသီက တိုက်စစ်ပိုင်း အထူးအားနည်းမှုများ ရှိခဲ့သော်လည်း တောင်ပံကစားသမား ဟာဇက်၏ စွမ်းဆောင်ရည်များဖြင့်ပင် ရလဒ်ကောင်းများကို ရယူနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့သည်။ ချယ်လ်ဆီးအသင်း၏ အဓိကမောင်းနှင်အားမှာလည်း ဟာဇက်ပင် ဖြစ်ခဲ့သည်။

ထိုကဲ့သို့ အရေးပါသည့် ကစားသမားတစ်ဦးကိုလက်လွှတ်လိုက်ရခြင်းကြောင့် ချယ်လ်ဆီးအသင်းအတွက် များစွာနစ်နာခဲ့ရသည်။ ထို့ပြင် ၎င်း၏နေရာအတွက် အရည်အချင်းတူ ကစားသမားကို ချယ်လ်ဆီးအသင်းအနေဖြင့် ခေါ်ယူဖြည့်တည်းနိုင်မှု မရှိသည်ကိုတွေ့ရသည်။

သို့သော် နည်းပြ လမ်းပတ်ကမူ အသင်းကို စွန့်ခွာသွားသည့် ကစားသမားကို တမ်းတနေမည်မဟုတ်ဘဲ ရှိသည့်ကစားသမားများဖြင့်သာ အသင်းကို အကောင်းဆုံး တည်ဆောက်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ကစားသမားဟောင်းမှ နည်းပြဖြစ်လာသည့် လမ်းပတ်သည် အသင်းအတွက် ကစားသမားသစ်ခေါ်ယူခွင့် မရရှိဘဲ လက်ကျန် ကစားသမားများဖြင့်သာ ရာသီသစ်ကို ရင်ဆိုင်ရမည်ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်အသင်းများထဲ၌ ရာသီမကုန်မီ အထုတ်ခံရရန် ရေပန်းအစားဆုံး နည်းပြများထဲတွင် ချယ်လ်ဆီးအသင်းနည်းပြ လမ်းပတ်သည် မန်ယူအသင်းနည်းပြ ဆိုးလ်ရှား၏နောက်တွင် ဒုတိယ ရေပန်းအစားဆုံး ဖြစ်နေသည်။

'ကစားသမား ခေါ်ခွင့်မရတဲ့ ကျွန်တော့်အသင်းကို လူတွေက ဝေဖန်နေကြတယ်။ လက်ရှိကစားသမားအင်အားနဲ့ ဥရောပပြိုင်ပွဲတွေ မပြောနဲ့ ပရီးမီးယားလိဂ်မှာပင် အောင်မြင်ဖို့ ခက်ခဲလွန်းတယ်လို့ ဆိုကြတယ်။ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အသင်းမှာ ခြေစွမ်းထက်တဲ့ လူငယ်ကစားသမားတွေ ရှိနေပါသေးတယ်။ သူတို့ကို ကျွန်တော် အသုံးချရမယ်၊ ပွဲထုတ်ရမယ်။ ရီဆီဂျိမ်းစ်၊ မာဆွန်မောင့်၊ အိုဒွိုင်းနဲ့ လော့ဖ်တပ်ချိတ်တို့လို လူငယ်ကစားသမားတွေက အသင်းအတွက် အကျိုးပြုလာဖို့ ရှိနေပါတယ်။ ဒီကစားသမားတွေရဲ့ အားနဲ့ပဲ ကျွန်တော်ခရီးဆက်မှာပါ'ဟု နည်းပြ လမ်းပတ်က ပြောခဲ့သည်။

ထို့ပြင် နည်းပြ လမ်းပတ်က မိမိတို့ အသင်းအနေဖြင့် ရာသီကုန်တွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်မည်မဟုတ်သော်လည်း အနည်းဆုံး အဆင့်(၆)အတွင်း ဝင်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထပ်မံပြောဆိုခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ် ရာသီအဖွင့် ပွဲစဉ်တွင် မန်ယူအသင်းနှင့် အဝေးကွင်းပွဲစဉ်ကစားခဲ့ရပြီး ဩဂုတ် ၁၄ ရက်တွင် လီဗာပူးအသင်းနှင့် ယူအီးအက်ဖ်အေစူပါဖလားပွဲ ကစားရမည်ဖြစ်သည်။

ဟန်နေသစ် စုစည်းသည်

# တိုက်စစ်မှူး အီဝိုဘီ အဲဗာတန်နှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆို

ပရီးမီးယားလိဂ် ကလပ် အဲဗာတန်အသင်းသည် အာဆင်နယ်အသင်းမှ နိုင်ဂျီးရီးယား တိုက်စစ်မှူး အီဝိုဘီကို ပေါင် ၃၄ သန်းဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။




အဲဗာတန် အသင်းသည် အဆိုပါ ကစားသမားကို ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အဲဗာတန်အသင်းနည်းပြ မာကိုဆေးလ်ဗားက'အီဝိုဘီဟာ ဒီရာသီမှာ ကျွန်တော် အဓိကပစ်မှတ်ထားခဲ့တဲ့ ကစားသမားတစ်ယောက်ပါ။ အစကတည်းက သူ့ကိုခေါ်ယူလက်မှတ်ထိုးနိုင်မယ်ဆိုတာကို ကျွန်တော် ယုံကြည်ထားပြီးသားပါ။ အီဝိုဘီဟာ တိုက်စစ်ပိုင်းမှာသာမကဘဲ တောင်ပံရော ကွင်းလယ်ပိုင်းမှာပါ ကောင်းကောင်း ကစားနိုင်စွမ်းရှိတဲ့ ထိပ်တန်းကစားသမားတစ်ယောက်ပါ။ သူ့ကို အသုံးပြုတတ်ဖို့ပဲ လိုပါတယ်။ သူ့ရဲ့ စွမ်းဆောင်ရည်တွေကို အဲဗာတန်အသင်းမှာ မကြာခင် မြင်တွေ့ရတော့မှာပါ' ဟု ပြောဆိုခဲ့သည်။

အီဝိုဘီသည် အာဆင်နယ်အသင်း၏ လူငယ်အသင်းတွင် စတင်ကစားခဲ့ပြီး ၂၀၁၅ မှ အဲဗာတန်အသင်းသို့ ပြောင်းရွှေ့ချိန်အထိ အာဆင်နယ်အသင်းကြီးတွင် ပါဝင်ကစားခဲ့သည်။ ၎င်းကစားသမားသည် အင်္ဂလန် ယူ-၁၆၊ ယူ-၁၇နှင့် ယူ-၁၈ အသင်းများတွင် ကစားခဲ့ဖူးသော်လည်း ၂၀၁၅ ခုနှစ်မှစ၍ မိခင်နိုင်ငံ နိုင်ဂျီးရီးယားလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့သည်။

ပြီးခဲ့သည့် ရာသီက အာဆင်နယ်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိဘဲ အရန်ကစားသမားအဖြစ်သာ ပွဲထွက်ခွင့်ရရှိခဲ့သည့် အီဝိုဘီသည် တိုက်စစ်မှူး အများအပြားရှိနေသည့် အဲဗာတန်အသင်းတွင်လည်း ပုံမှန်ပွဲထွက်ခွင့် ရရှိရန် တိုက်ပွဲဝင်ရဦးမည်ဖြစ်သည်။

# မန်စီးတီးအသင်း တောင်ပံကစားသမား ဆာနေး ခွဲစိတ်ကုသမှုခံယူရမည်



မန်စီးတီးအသင်း၏ တောင်ပံကစားသမား ဆာနေးသည် ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ခြင်းကြောင့် အချိန်ကာလ အတိုင်းအတာတစ်ခုအထိ အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။ ဆာနေးသည် လီဗာပူးအသင်းနှင့် မန်စီးတီးအသင်းတို့ ရာသီအကြိုရန်ပုံငွေပွဲဖြစ်သည့် ကွန်မြူနတီဒိုင်း ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဆာနေးသည် ယင်းပွဲစဉ်တွင် မန်စီးတီးအသင်းနှင့်အတူ ပထမပွဲထွက်စာရင်း၌ ပါဝင်လာခဲ့သော်လည်း ပထမပိုင်း ပွဲချိန် ၁၃ မိနစ်မှာပင် ဒူးဒဏ်ရာရပြီး တိုက်စစ်မှူး ဂျီဆပ်နှင့် လူစားလဲခဲ့ရခြင်းဖြစ်သည်။

ဆာနေး၏ ဒဏ်ရာမှာ ထိခိုက်မိစဉ်က ပြင်းထန်သည်ဟု မထင်ခဲ့ရသော်လည်း စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ပြီးချိန်တွင် အနားယူရုံဖြင့်ပင် မလုံလောက်ဘဲ ခွဲစိတ်ကုသမှုကို ခံယူရတော့မည်ဖြစ်သည်။ ထို့ကြောင့် ဆာနေးသည် အချိန်ကာလတစ်ခုအထိ အနားယူရတော့မည်ဖြစ်သည်။ ဆာနေးသည် ခွဲစိတ်ကုသမှုခံယူရမည်ဖြစ်ခြင်းကြောင့် ရက်သတ္တပတ် ခုနစ်ပတ်ခန့်အထိ အနားယူရတော့မည်ဖြစ်ကြောင်း နည်းပြ ဂွါဒီယိုလာက ပြောဆိုခဲ့သည်။ ဆာနေးသည် ယင်းဒဏ်ရာကြောင့်ပင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ရန် ရည်မှန်းချက်မှာ ပျက်ပြယ်ခဲ့ရကြောင်း သိရသည်။

# နွေရာသီ အပြောင်းအရွှေ့တွင် ပရီးမီးယားလိဂ် ပေါင် ၁ ဒသမ ၄၁ ဘီလီယံ အသုံးပြုခဲ့

အင်္ဂလန် ပရီးမီးယားလိဂ်၏ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မှာ ဩဂုတ် ၈ ရက်က ပိတ်သိမ်းခဲ့ပြီဖြစ်သည်။ အင်္ဂလန် ပရီးမီးယားလိဂ်၏ နွေရာသီ အပြောင်းအရွှေ့ ဈေးကွက်ပိတ်သိမ်းပြီးချိန်တွင် အင်္ဂလန်အသင်းများသည် ကစားသမား ခေါ်ယူမှုအတွက် ပေါင် ၁ ဒသမ ၄၁ ဘီလီယံအထိ အသုံးပြုခဲ့ကြောင်း အတင်းများတွင် ဖော်ပြထားသည်။

အင်္ဂလန်အသင်းများအနေဖြင့် ထိုကဲ့သို့ ပေါင် ၁ ဒသမ ၄၁ ဘီလီယံအထိ အသုံးပြုခဲ့ခြင်းမှာ တခြား ဥရောပ ထိပ်တန်းလိဂ်များထက် များစွာသာလွန်အသုံးပြုခဲ့ခြင်း ဖြစ်သည်။ အင်္ဂလန် ပရီးမီးယားလိဂ်အသင်းများအနေဖြင့် ရာသီသစ်အတွက် ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အာဆင်နယ်အသင်းက ငွေကြေးအများဆုံး အသုံးပြုခဲ့ပြီး ၎င်း၏နောက်တွင် မန်စီးတီး၊ မန်ယူ၊ အက်စ်တွန်ဗီလာနှင့် အဲဗာတန်တို့က အစဉ်လိုက် ရပ်တည်ခဲ့ကြသည်။

အင်္ဂလန် ပရီးမီးယားလိဂ်၏ ယခု နွေရာသီ ပြောင်းရွှေ့မှု အမြင့်မားဆုံး ကစားသမားများကို ကြည့်မည်ဆိုလျှင် လက်စတာအသင်းမှ မန်ယူအသင်းသို့ ပေါင်သန်း ၈၀ ဖြင့် ပြောင်းရွှေ့လာခဲ့သည့် ဟယ်ရီမက်ဂွိုင်ယာသည် ယခု နွေရာသီ ဈေးကွက်တွင် ပြောင်းရွှေ့ကြေး အမြင့်မားဆုံး ကစားသမားတစ်ဦး ဖြစ်လာခဲ့သည်။

၎င်း၏ နောက်တွင် လိုင်လီအသင်းမှ အာဆင်နယ်အသင်းသို့ ရောက်ရှိလာသည့် နီကိုလပ်စ်ပီပီမှာ ပြောင်းရွှေ့ကြေး ပေါင် ၇၂ သန်းဖြင့် ဒုတိယလိုက်ခဲ့ပြီး အက်သလက်တီကိုအသင်းမှ မန်စီးတီးအသင်းသို့ ပေါင် ၆၃ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သည့် ရိုဒရီက ပြောင်းရွှေ့ကြေး တတိယ အမြင့်မားဆုံး ဖြစ်သည်ကို တွေ့ရသည်။




အဆိုပါ ကစားသမားများ၏ နောက်တွင် ကင်ဆယ်လို(ဂျူဗင်တပ်မှ မန်စီးတီး) ပေါင်သန်း ၆၀၊ အင်ဒွန်ဘီလီ (လိုင်ယွန်မှ စပါး) ပေါင် ၅၄ သန်း၊ ဘစ်ဆာကာ(ခရစ္စတယ်ပဲလေ့စ်မှ မန်ယူ) ပေါင်သန်း ၅၀၊ ဆီဘစ္စတိန်းဟယ်လာ (ဖရန့်ဖတ်မှဝက်စ်ဟမ်း) ပေါင် ၄၅ သန်း၊ ကိုဗာဆစ်(ရီးရဲလ်မက်ဒရစ်မှ ချယ်လ်ဆီး) ပေါင်သန်း ၄၀၊ တိုင်လီမန်း (မိုနာကိုမှ လက်စတာ) ပေါင်သန်း ၄၀ နှင့် ဂျိုးလင်တန်(ဟော့ဖန်ဟိမ်းမှ နယူးကာဆယ်) ပေါင်သန်း ၄၀ စသည်ဖြင့် ပြောင်းရွှေ့ကြေး အမြင့်ဆုံးအဖြစ် အသီးသီး ရပ်တည်ခဲ့ကြသည်။

# ပြည်ပကုန်သွယ်မှု မြှင့်တင်ရန် ထိုင်းနိုင်ငံပြင်ဆင်

ထိုင်းအစိုးရအနေဖြင့် တိုင်းပြည်၏ကျဆင်းနေသော ပို့ကုန်ကဏ္ဍကို မြှင့်တင်ရန် အလို့ငှာထိုင်းအပြည်ပြည် ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးရန်ပုံငွေမှ ထိုင်းဘတ်ငွေ ၉၅၄ သန်းကို ခွဲဝေသတ်မှတ်ပေးခဲ့ကြောင်း သိရှိရသည်။ အဆိုပါငွေများအား အပြည်ပြည်ဆိုင်ရာ Roadshow များ၊ ရည်မှန်းသတ်မှတ်ထားသော နိုင်ငံများတွင်ကုန်စည်ပြပွဲ(Trade Fairs and Exhibitions) ဆိုင်ရာစီစဉ်မှုများနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအားယှဉ်ပြိုင်စွမ်းအား မြှင့်မားလာစေရန် မြှင့်တင်ပေးမည့် ကိစ္စရပ်များနှင့် အလားအလာရှိသောဈေးကွက်သစ်များကို ချိတ်ဆက်ပေး ရန် ကိစ္စရပ်များအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု မြှင့်တင်ရေးရန်ပုံငွေဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးမစ္စတာ JurinLaksanawisit ၏ပြောကြားချက်အရ ထိုင်းအစိုးရအနေဖြင့် ပို့ကုန်မြှင့်တင်သွားရန် ကတိပြုကြောင်း၊ ဩဂုတ် ၁၄ ရက်တွင် အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍများမှ ပုဂ္ဂိုလ်များပါဝင်သော ပူးတွဲကော်မတီအစည်းအဝေးကို ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ ၎င်းကဆက်လက်ပြီး ထိုင်းနိုင်ငံအနေဖြင့် တစ်ကမ္ဘာလုံးရှိ အခြားနိုင်ငံများကဲ့သို့ ပို့ကုန်တင်ပို့မှုကျဆင်းလျက်ရှိကြောင်း၊ သို့ရာတွင် မိမိတို့အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကများ ပိုမိုပူးပေါင်း၍ဈေးကွက်သစ်များတိုးတက်ရရှိအောင် ဆောင်ရွက်သွားနိုင်မည်ဆိုပါက ပို့ကုန်တင်ပို့မှုပြန်လည်မြင့်တက်လာမည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ ဇွန်လတွင်အစိုးရ၏ ထောက်ပံ့မှုဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေး ရန်ပုံငွေတွင် ဘတ်ငွေ ၁ ဒသမ ၁၇၉ ဘီလီယံရှိကြောင်းလည်း သိရှိရသည်။

ဘုတ်အဖွဲ့အနေဖြင့် မဟာဗျူဟာသုံးရပ်နှင့် စီမံကိန်း (၂၀၅)ခုအား အတည်ပြုပေးခဲ့ကြောင်း၊ မဟာဗျူဟာတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးအတွက်တိုင်းပြည်၏ ယှဉ်ပြိုင်စွမ်းအားမြင့်မားတိုးတက်စေရန်၊ ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ဆွေးနွေးပွဲများကို ဆောင်ရွက်ရန်၊ ဒေသတွင်းစီးပွားရေးဆိုင်ရာ ပေါင်းစည်းမှု(RCEP)ကိစ္စရပ်များအား ယခုနှစ်တွင် အပြီးသတ်ရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်နှင့် ထိုင်း အီးယူ FTA ဆွေးနွေးပွဲများအား ပြန်လည် စတင်ရန်တို့ ပါဝင်ကြောင်း သိရှိရသည်။

စီးပွားရေးနှင့်ကူသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ထိုင်း အီးယူ FTAမူဘောင်အားအစိုးရအဖွဲ့သို့ အမြန်ဆုံးတင်ပြသွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုစေ့စပ်ဆွေးနွေးရေး ဦးစီးဌာနအနေဖြင့် ပစိဖိတ်ရပ်ဝန်း ၁၁ နိုင်ငံ ပါဝင်သော ပစိဖိတ်ဖြတ်ကျော်ပူးပေါင်း ဆောင်ရွက်မှု Trans-Pacific Partnership (TPP)တွင် ထိုင်းနိုင်ငံပါဝင်ဆောင်ရွက်ပါကရရှိမည့် အကျိုး၊ အပြစ်တို့အား အမြန်ဆုံး လေ့လာတင်ပြရန် ညွှန်ကြားထားကြောင်း သိရှိရသည်။ ထို့အပြင် ဝန်ကြီးဌာနအနေဖြင့် ဈေးကွက်သစ်များ ရှာဖွေဆောင်ရွက်ရန် အစီအမံများချမှတ်ရန် လိုအပ်သကဲ့သို့ရှိပြီး ဈေးကွက်များအား ထိန်းသိမ်းရန်လိုအပ်မှာဖြစ်ကြောင်း၊ အချို့ ယခင်ကရရှိထားပြီး ပျောက်ကွယ်သွားသည့် အီရန်ကဲ့သို့သော ဈေးကွက်များကို ပြန်လည်ဖော်ထုတ်ရန် လိုအပ်မည်ဖြစ်ကြောင်းလည်း သိရှိရသည်။

အခြားတိုးတက်မှုအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် အေဂျင်စီ ၄၄ ခုတို့ အနေဖြင့် ဇူလိုင် လမှအောက်တိုဘာလအထိ ရာသီပေါ် သီးနှံတန်ချိန် ၂၀၀၀၀ အား ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန် နားလည်မှုစာချွန်လွှာ(MOU)အား လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရသည်။ **Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ဗီယက်နမ်နိုင်ငံ၏ ဥရောပနိုင်ငံများသို့ ပုစွန်တင်ပို့မှု တိုးတက်လာ

ဗီယက်နမ်နိုင်ငံသည် ဥရောပသမဂ္ဂဈေးကွက်သို့ ပုစွန်တင်ပို့မှုများ တိုးမြှင့်နိုင်ရေး အခွင့်အရေးကောင်းတစ်ခုဖြစ် သည့် ဥရောပသမဂ္ဂ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (EVFTA)ကို စဉ်းစားလာကြကြောင်းအား ဗီယက်နမ်နိုင်ငံ ရေထွက်ကုန် တင်ပို့သူများနှင့် ရေထွက်ကုန်လုပ်ငန်းလုပ်ကိုင်သူများ အသင်း (VASEP) ၏ ပြောကြားချက်အရ သိရှိရသည်။

အထူးသဖြင့် ဗီယက်နမ်နိုင်ငံမှ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့သော အေးခဲပုစွန်ထုပ်များအပေါ် ကောက်ခံသော အကောက်ခွန်နှုန်းများသည် သဘောတူစာချုပ် အာဏာသက်ဝင်လာသည်နှင့် တစ်ပြိုင်တည်းလက်ရှိ ၂၀ ရာခိုင်နှုန်း မှ သုညရာခိုင်နှုန်းသို့ လျှော့ချလိမ့်မည်ဖြစ်ပါကြောင်း သိရှိရသည်။

ဥရောပသမဂ္ဂ-ဗီယက်နမ် လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ် (EVFTA) က ယခုနှစ်တွင် လေးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းသို့ တိုးတက်မှုဖြင့် ဥရောပသမဂ္ဂသို့ ဗီယက်နမ်ပုစွန်များ တင်ပို့မှုကို အကူအညီပေးလိမ့်မည်ဖြစ်ကြောင်းအသင်း၏ ကြိုတင်ခန့်မှန်းချက်အရ သိရှိရသည်။

ယခုနှစ်၏ ပထမငါးလအတွင်း ဗီယက်နမ်နိုင်ငံမှ ဥရောပသမဂ္ဂသို့ ပုစွန်တင်ပို့မှုသည် ၂၀၁၈ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၂၆ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၂၄၃ ဒသမ ၄ သန်းရှိခဲ့သည်။

၎င်းအပြင် EVFTA က သယ်ယူပို့ဆောင်မှု၊ အာမခံနှင့် ဘဏ္ဍာရေးကဲ့သို့ ထုတ်လုပ်မှုနှင့် ဆက်နွယ်နေသော ဝန်ဆောင်မှုများကိုရရှိရန် အခွင့်အရေးများစွာရှိသော ဗီယက်နမ်ရေထွက်ထုတ်ကုန် တင်ပို့သူများကိုလည်းကူညီပေးကြောင်း၊ အဆိုပါအကြောင်းအချက်များက ထုတ်လုပ်မှု ကုန်ကျစရိတ်များကို လျှော့ချနိုင်လိမ့်မည်ဖြစ်ကြောင်းနှင့် အိန္ဒိယ၊ ထိုင်းနှင့် တရုတ်နိုင်ငံကဲ့သို့ ဥရောပသမဂ္ဂနှင့် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ချုပ်ဆိုထားခြင်းမရှိသော ယှဉ်ပြိုင်သူများနှင့် နှိုင်းယှဉ်ပါက ယှဉ်ပြိုင်နိုင်မှုစွမ်းအားများ တိုးတက်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။ **Source; vietnamnews.vn**

**ချိုချိုမာ(ရန်ကုန်)**

# ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ( ဇူလိုင်လအထိ ) တာချီလိတ်ကုန်သွယ်ရေးစခန်းက ကုန်သွယ်မှုလျာထားချက် ကျော်လွန်အောင်ဆောင်ရွက်နိုင်ခဲ့

တာချီလိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၉ ခုနှစ် ဇူလိုင်လ ကုန်သွယ်မှုလျာထားချက်အနေဖြင့် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀ သန်း သွင်းကုန်တန်ဖိုး ၅ ဒသမ ၅၀ သန်း စုစုပေါင်းကုန်သွယ်မှု လျာထားချက် ၆ ဒသမ ၇၀ သန်းအပေါ်တွင် အမှန်ဆောင်ရွက်နိုင်မှုအနေနှင့် ဇူလိုင်လ(ယာယီ)စာရင်းအရ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၂ ဒသမ ၃၃၄ သန်းနှင့် သွင်းကုန်တန်ဖိုး ၅ ဒသမ ၈၀၅ သန်း စုစုပေါင်းကုန်သွယ်မှုတန်ဖိုး ၈ ဒသမ ၁၃၉ သန်း ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၁၂၁ ဒသမ ၄၈ ရာခိုင်နှုန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ပို့ကုန်တင်ပို့မှုအနေနှင့် ၂ ဒသမ ၃၃၄ ဒေါ်လာ သန်းဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် တင်ပို့မှုမှာသုည ဒသမ ၇၀၅ သန်း ပိုမိုတင်ပို့ဆောင်ရွက်နိုင်ခဲ့သည်။ သွင်းကုန်တင်သွင်းမှုအနေဖြင့်လည်း ၅ ဒသမ ၈၀၅ ဒေါ်လာသန်းဆောင်ရွက်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တင်သွင်းမှုမှာ ၂ ဒသမ ၀၅၁ သန်းပိုမိုတင်သွင်း ဆောင်ရွက်နိုင်ခဲ့သည်။

အဓိကပိုမိုတင်ပို့နိုင်ခဲ့သည့် ပစ္စည်းများမှာ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ လက်ဖက်ခြောက်၊ ထောပတ်သီး၊ ပြောင်း၊ လိမ္မော်သီး၊ သစ်ခေါက်၊ Manganese Dioxide၊ ကတ်ထူစက္ကူ၊ ပုလင်းခွံဟောင်း၊ ပလတ်စတစ်ဘူးခွံဟောင်းတို့ဖြစ်သည်။

အဓိက ပိုမိုတင်သွင်းခဲ့သည့် ပစ္စည်းများမှာ ဘိလပ်မြေ၊ လယ်ထွန်စက်များ၊ လယ်ယာသုံး နောက်တွဲယာဉ်နှင့် အခြားယာဉ်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဖန်ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ တွင်းထွက်(သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်း များ၊ ရေနံထွက်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ၊သုတ်ဆေး၊ ပေါလစ်များ၊ သံနှင့်သံမဏိပစ္စည်းများ၊ အချိုရည်များဖြစ်ပြီး ရေနံထွက်ပစ္စည်းတင်သွင်းမှုမှာ ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈၂ သန်းဖိုး ပိုမိုတင်သွင်းနိုင်ခဲ့ကြောင်း သိရှိရသည်။

ယခင်နှစ် ကာလတူထက် ဇူလိုင်လအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၁၉ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်းသိရှိရသည်။ တာချီလိတ်ကုန်သွယ်ရေး စခန်းအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇူလိုင်လအထိ ကုန်သွယ်မှုလျာထားချက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၂၀ သန်းနှင့် သွင်းကုန်တန်ဖိုး ၅၄ ဒသမ ၅၀ သန်း၊ စုစုပေါင်းကုန်သွယ်မှု ပမာဏ ၆၆ ဒသမ ၇၀ သန်းအပေါ် ဇူလိုင်လကုန်အထိ (ယာယီစာရင်း)အရ ပို့ကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၆၅၅ သန်း၊ သွင်းကုန်တန်ဖိုး ၅၉ ဒသမ ၁၂၅ သန်း၊ စုစုပေါင်းကုန်သွယ်မှု ပမာဏ ၇၅ဒသမ ၇၈၀ သန်း အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် အတွက် ဇူလိုင်လကုန်အထိ စုစုပေါင်း ကုန်သွယ်မှုလျာထားချက်အပေါ် ၁၁၃ ဒသမ ၆၁ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

**တာချီလိတ်မောင်**

# Made in Mon Team Day အလုပ်ရုံဆွေးနွေးပွဲကျင်းပ

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော (PIU) စီမံကိန်းက ကြီးမှူးကျင်းပသော "Made in Mon" Team Day အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက်က မော်လမြိုင်မြို့ မြို့ရှောင်လမ်းရှိ Hotel KS ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမင်းထွန်းအောင်နှင့် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်စံဝင်းခိုင်တို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် ADB မှ Mr. Paul Ramirez Tapiau " Made in Mon" Product ထုတ်လုပ်မှု စီမံကန်းအား ဂျပန်နိုင်ငံက ကူညီထောက်ပံ့ပေးကြောင်း၊ မြန်မာအစိုးရနှင့် ADB တို့ ပူးပေါင်း၍ ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန် ရည်ရွယ်လျက် ဤစီမံကိန်းကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း၊ အရှေ့-အနောက် စီးပွားရေး စင်္ကြံလမ်းကြောင်း တစ်လျှောက်တွင် မွန်ပြည်နယ် ပါဝင်နေသည့်အတွက် ဤစီမံကိန်းတွင် မွန်ပြည်နယ်ကို ရွေးချယ်ရခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် စီမံကိန်းနယ်မြေဖြစ်သော ကျိုက်ထို၊ မုဒုံ၊ ချောင်းဆုံ မြို့နယ်များမှ ဒေသခံပြည်သူများ (အထူးသဖြင့် အမျိုးသမီးများနှင့် ဆင်းရဲနွမ်းပါးသူများ)ကို စွမ်းဆောင်ရည်မြင့်စေရန်နှင့် အလုပ်အကိုင်ရရှိစေရေးအတွက် သစ်သီးယိုလုပ်ငန်းများ၊ ဝါးအချောထည်လုပ်ငန်းများ၊ ခေါက်မုန့်လုပ်ငန်းများ၊ သဘာဝဆိုးဆေး ချည်ထည်လုပ်ငန်းများ သင်တန်းများဖွင့်လှစ်သင်ကြားပေးခဲ့ပြီး " Made in Mon" Product ထုတ်လုပ်နိုင်ရန် အစုအဖွဲ့များ ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ အဆိုပါ အဖွဲ့များမှာ သဘာဝဆိုးဆေးချည်ထည် ထုပ်လုပ်သည့်အဖွဲ့ နှစ်ဖွဲ့၊ ခေါက်မုန့်ထုတ်လုပ်သောအဖွဲ့တစ်ဖွဲ့၊ သစ်သီးယို၊ သစ်သီးခြောက် ထုတ်လုပ်သောအဖွဲ့ နှစ်ဖွဲ့၊ ဝါးပျိုးပင်၊ ဝါးပရိဘောဂ ထုတ်လုပ်သောအဖွဲ့ တစ်ဖွဲ့၊ ဝါးဖြင့် အိမ်တွင်းအလှဆင်သည့်အဖွဲ့ တစ်ဖွဲ့၊ ဟိုတယ်သုံးထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သောအဖွဲ့ တစ်ဖွဲ့ စုစုပေါင်း အဖွဲ့ရှစ်ဖွဲ့ကို ဖွဲ့စည်းလျက် "Made in Mon" Product များကို ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။ **မိုးမိုး (မွန်)**

# မြန်မာ့ပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို စင်ကာပူနိုင်ငံတွင် ဖွဲ့စည်းထားရှိသည့် မြန်မာစီးပွားရေး လုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံဆွေးနွေး

မြန်မာသံရုံး စင်ကာပူမြို့မှ စီးပွားရေးသံမှူး ဦးမြတ်နိုးသည် စင်ကာပူနိုင်ငံတွင် ဖွဲ့စည်းထားရှိသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအသင်း (Myanmar Business Association- MBA) ဥက္ကဋ္ဌ ဒေါက်တာခင်ခင်စိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီတွင် သံရုံး၌ လက်ခံတွေ့ဆုံ၍ မြန်မာ့ပို့ကုန်နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပို့ကုန်မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ လက်ရှိမြန်မာနိုင်ငံ၏ အမျိုးသား ပို့ကုန် မဟာဗျူဟာ (၂၀၁၅ - ၂၀၁၉) (National Export Strategy - NES) အရ ဦးစားပေးဆောင်ရွက်နေမှုများ၊ NES (၂၀၂၀ - ၂၀၂၅) တွင် အသစ်ထည့်သွင်းမည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာ၊ လယ်ယာထွက်ပစ္စည်း အခြေခံစားသောက်ကုန်၊ လက်မှုအနုပညာပစ္စည်းနှင့် ဒစ်ဂျစ်တယ်ပို့ကုန်ကဏ္ဍများ၏ ဈေးကွက်တိုးချဲ့ရရှိနိုင်ရေး ဆောင်ရွက်သွားရမည့်အချက်များ၊ စင်ကာပူနိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ဈေးကွက်အနေအထားအရ မြန်မာ့သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၏ ပို့ကုန်ဈေးကွက်ရရှိနိုင်မည့် အလားအလာကောင်းများရှိသောကြောင့် မြန်မာနိုင်ငံရှိသက်ဆိုင်ရာအသင်းအဖွဲ့များအား သတင်းပေးပို့ချိတ်ဆက်ခြင်းနှင့် စင်ကာပူရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်တင်သွင်း/တင်ပို့သူများအသင်းနှင့် တွေ့ဆုံဆွေးနွေးရန်ဆောင်ရွက်နေမှု၊ မြန်မာ့ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် စင်ကာပူတွင် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေကြသည့် မြန်မာစီးပွားရေးလုပ်ငန်းများ၏ ပူးပေါင်းပါဝင်မှုသည် များစွာ အထောက်အကူပြုပေးနိုင်မည့်အခြေအနေ၊ ကုန်သွယ်ရေး ဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးနိုင်သော မြန်မာကုန်သွယ်မှုစင်တာအား စင်ကာပူနိုင်ငံတွင် ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ပါက မြန်မာ့ထွက်ကုန်များ ဈေးကွက်ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သောကြောင့် အစိုးရ၏ဘတ်ဂျက်အနေအထားအရ လတ်တလောအကောင်အထည်ဖော်နိုင်ခြင်း မရှိသေးသော်လည်း စင်ကာပူနိုင်ငံရှိ မြန်မာ စီးပွားရေးလုပ်ငန်းရှင်များ၏ စိတ်ပါဝင်စားမှုဖြင့် မြန်မာကုန်သွယ်မှုစင်တာကို ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ပြီး၊ ဌာနမှ ယင်းစင်တာအတွက် လိုအပ်သည့် ကုန်သွယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ပံ့ပိုးပေးခြင်းနှင့် အသိအမှတ်ပြုပေးသွားမည့် အခြေအနေများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အပိုင်းတွင်လည်း စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များအသင်း (Singapore Business Federation) နှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းနေမှုနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားလိုမှုအခြေအနေတို့ကို စီးပွားရေးသံမှူးက ဆွေးနွေးခဲ့သည်။

ထို့နောက် MBA ကို စင်ကာပူ၌ ၂၀၀၂ ခုနှစ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၌ တရားဝင်မှတ်ပုံတင်၍ စတင်ဖွဲ့စည်းခဲ့မှု၊ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် အသင်း၏ နှစ်စဉ်အထွေထွေအစည်းအဝေးကို ကျင်းပခဲ့ပြီး ဥက္ကဋ္ဌ အသစ်ရွေးချယ်တင်မြှောက်ခဲ့မှု၊ အသင်း၏ လုပ်ဆောင်ချက်များကို တက်ကြွစွာ ဆောင်ရွက်သွားလိုမှုနှင့် လက်ရှိတွင် အသင်းဝင် တိုးတက်လာရေးအတွက် ဆောင်ရွက်နေမှု၊ အသင်းအနေဖြင့် မိမိတို့စီးပွားရေးလုပ်ငန်းများအတွက် သာမက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီ၍ အားဖြည့်ဆောင်ရွက်ပေးသွားရန် ဆန္ဒရှိမှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာပွဲများကိုလည်း ပူးပေါင်း စီစဉ်ကျင်းပသွားနိုင်ရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေးရည်ရွယ်သည့် မြန်မာကုန်သွယ်မှုစင်တာ ဖွင့်လှစ်ဆောင်ရွက်သွားနိုင်ရေးကိစ္စနှင့်ပတ်သက်၍ အသင်းတွင် အလေးထားဆွေးနွေးသွားမည့်အခြေအနေများကို MBA မှ ပြန်လည်ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရေးပါသည့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရှိန်အဟုန် မြှင့်တင်၍ ဆောင်ရွက်နေချိန်တွင် ပုဂ္ဂလိကပိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် လက်တွေ့လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် များစွာ အထောက်အကူပြုသည့်အတွက် MBA နှင့် လိုအပ်သည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**မြတ်နိုး၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ စင်ကာပူမြို့**

# အိန္ဒိယနိုင်ငံ၌ ပဲမျိုးစုံတင်သွင်းမှုကိုတာ အပြီးသတ်ခွဲဝေ

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိပြည်ပကုန်သွယ်မှု ညွှန်ကြားရေးဦးစီးဌာနသည် ပဲမျိုးစုံတင်သွင်းမှု ကိုတာခွဲဝေရေး အပြီးသတ်အစည်းအဝေးကို ဇွန် ၁၂ ရက်တွင်ကျင်းပခဲ့ပြီး ကနဦးကိုတာခွဲဝေမှု ဆုံးဖြတ်ချက်အပေါ် အယူခံဝင်တင်သွင်းလာသည့် လုပ်ငန်းရှင် ၃၇၈ ဦး၏ လျှောက်လွှာများအပေါ် ပြန်လည်စိစစ်တွေ့ရှိချက်များအား ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့အနက် အချက်အလက်များ မှန်ကန်ပြည့်စုံမှုမရှိသည့် လျှောက်ထားသူ ၃၆၉ ခုအား ကော်မတီက ပယ်ချခဲ့ပြီး ကိုးခုကိုသာ လက်ခံလျက် ပဲမျိုးစုံတင်သွင်းခွင့်ကိုတာများ ခွဲဝေချထားခဲ့ရာ ကုမ္ပဏီစုစုပေါင်း ၁၂၉၆ ခုက ပဲတင်သွင်းခွင့်ရရှိခဲ့ကြသည်။

ယခုစာရင်းထုတ်ပြန်ချက်သည် အိန္ဒိယ အစိုးရက ၂၉-၃-၂၀၁၉ ရက် ထုတ်ပြန်သော အမိန့်ကြော်ငြာချက် No.S.O. 1478-1481(E) အရ သတ်မှတ်ထားသည့် ပဲစင်းငုံတန် ၂ သိန်း၊ မတ်ပဲ ၁ ဒသမ ၅သိန်း၊ ပဲတီစိမ်း တန် ၁ ဒသမ ၅သိန်းနှင့် ပဲလုံးတန် ၁ ဒသမ ၅သိန်း အသီးသီးတို့အတွက် တင်သွင်းခွင့်ကိုတာ ခွဲဝေမှုဖြစ်သည်။ ပဲစင်းငုံအား ကုမ္ပဏီ ၁၁၈၆ ခု၊ မတ်ပဲအား ကုမ္ပဏီ ၁၁၂၁ ခု၊ ပဲတီစိမ်းအတွက် ကုမ္ပဏီ ၁၀၁၆ ခုနှင့် ပဲလုံးအတွက် ကုမ္ပဏီ ၁၁၂၀ တို့က တင်သွင်းခွင်ရရှိခဲ့ကြသည်။

ပဲတင်သွင်းခွင့် ကိုတာခွဲဝေရေး ကော်မတီသည် ပဲတင်သွင်းရမည့် ကာလသတ်မှတ်ချက်ကို ယခင်က ၃၁-၃-၂၀၂၀ ရက် အပြီးတင်သွင်းရန် သတ်မှတ်ခဲ့သော်လည်း ယခုထုတ်ပြန်ချက်တွင် စားသုံးသူများ၏ ဈေးနှုန်းသက်သာမှုရှိစေရန်အလို့ငှာ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက်အတွင်း အိန္ဒိယနိုင်ငံဆိပ်ကမ်းသို့အရောက် တင်သွင်းကြရမည်ဖြစ်ကြောင်း ပြင်ဆင်သတ်မှတ်လိုက်သည်။ လုပ်ငန်းရှင်များသည် ပဲတင်သွင်းမှု လုပ်ငန်းပြီးစီးကြောင်း အစီရင်ခံစာကို ၇-၁၁-၂၀၁၉ ရက် နောက်ဆုံးထားတင်ပြကြရမည်ဖြစ်ကြောင်း သိရှိရသည်။

**နေအေးလွင်**
**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

# အမေရိကန်၏ GSP သက်သာခွင့် ရပ်ဆိုင်းမှုမှာ အရေးကြီးသည့်ကိစ္စမဟုတ်ဟု အိန္ဒိယ ကုန်သွယ်ရေးဝန်ကြီး ပြော

အမေရိကန်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ တင်ပို့သည့် ကုန်စည်များအပေါ် ပေးအပ်ထားသည့် Generalized System of Preferences(GSP) ခေါ် သွင်းကုန်အခွန် သက်သာခွင့်အား ၅-၆-၂၀၁၉ ရက်မှစ၍ ရပ်ဆိုင်းလိုက်ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Mr. Piyush Goyal က နိုင်ငံတိုင်းသည် မိမိတို့အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ကြသည်ဖြစ်၍ အမေရိကန်နိုင်ငံ၏ ယခုလုပ်ဆောင်ချက်ကို လက်ခံရမည်ဖြစ်ကြောင်း၊ လတ်တလော အချို့သောနယ်မြေဒေသများနှင့် လုပ်ငန်းကဏ္ဍများအပေါ် ရာခိုင်နှုန်းအနည်းငယ်မျှ သက်ရောက်မှုရှိနိုင်မည်ဖြစ်သော်လည်း အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များအတွက် လွန်စွာအရေးကြီးသည့်ကိစ္စရပ် မဟုတ်ကြောင်း၊ ထို့အပြင် အိန္ဒိယသည် ယင်းသို့သော အထောက်အပံ့ကိုရယူလျက် ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံအဖြစ် ရေရှည်ရပ်တည်လိမ့်မည်မဟုတ်ကြောင်း၊ မိမိတို့၏ နှိုင်းရအားသာချက်များ ခိုင်မာအားကောင်းမှု အပေါ် မှ ပို့ကုန်လုပ်ငန်းများတွင် ယှဉ်ပြိုင်လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ပြည်တွင်းရှိ လုပ်ငန်းရှင်များအနေဖြင့်လည်း အစိုးရ၏ အထောက်အပံ့များအပေါ် မှီခိုအားထားခြင်း မပြုဘဲ ကိုယ်ပိုင်အစွမ်းဖြင့် ယှဉ်ပြိုင်ရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း စသည်ဖြင့် ၆-၆-၂၀၁၉ရက် အိန္ဒိယအစိုးရ၏ ကုန်သွယ်မှုကောင်စီ ဘုတ်အဖွဲ့အစည်းအဝေးအပြီးတွင် သတင်းမီဒီယာများသို့ ပြောကြားသည်။

အမေရိကန်အစိုးရကဖြင်းတို့၏ အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုမှာ ဟန်ချက်ညီမျှမှုမရှိကြောင်း၊ အထူးသဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဆေးပစ္စည်းကိရိယာများ ကဲ့သို့သော အမေရိကန်နိုင်ငံ၏ ထုတ်ကုန်များသည် အိန္ဒိယဈေးကွက်သို့ ဝင်ရောက် နိုင်မှုမရှိကြောင်း ထောက်ပြလျက် အိန္ဒိယနိုင်ငံအနေဖြင့် ၎င်း၏ ဈေးကွက်သို့ အမေရိကန်ကုန်စည်များ သင့်တင့်မျှတစွာ ဝင်ရောက်နိုင်ရေး ဆောက်ရွက်မှု မရှိပါက ပေးအပ်ထားသည့် GSP သက်သာခွင့်ကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်ကို ရက်ပေါင်း ၆၀ ကြိုတင်၍ ၂၀၁၉ ခုနှစ် မတ် ၄ ရက်က ထုတ်ပြန်ထားခဲ့ခြင်းဖြစ်သည်။

ထို့နောက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိန္ဒိယနိုင်ငံမှတင်ပို့လာသည့် ကုန်စည်များအပေါ် GSP သက်သာခွင့်ကို ဇွန် ၅ ရက်မှ စတင်ရပ်ဆိုင်းမည်ဖြစ်ကြောင်း ၃၁-၅-၂၀၁၉ ရက်တွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံမှ GSP အခွင့်အရေးပေးထားသည့် နိုင်ငံများအနက် ပို့ကုန်ပမာဏအရ အကျိုးဖြစ်ထွန်းမှုအရှိဆုံးနိုင်ငံဖြစ်ပြီး ယခင်နှစ်ကာလ၌ အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၅ ဘီလီယံတန်ဖိုးရှိ ပို့ကုန်များအတွက် အခွန်သက်သာမှုဒေါ်လာ ၂၆၀ သန်းခန့် ရရှိခဲ့သည်။ US Trade Representative ၏ စာရင်းများ အရ ၂၀၁၈ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံသို့ တန်ဖိုးဒေါ်လာ ၅၄ ဒသမ ၄ ဘီလီယံခန့်ကုန်စည်တင်ပို့ခဲ့ပြီး၊ အမေရိကန်နိုင်ငံထံမှ ကုန်တင်သွင်းမှုမှာ ဒေါ်လာ ၃၃ ဒသမ ၁ ဘီလီယံခန့်ရှိကြောင်း သိရှိရသည်။

အမေရိကန်၏ GSP သက်သာခွင့်ရပ်ဆိုင်းခြင်းမှ သက်ရောက်မှုအနည်းငယ်မျှ သာရှိမည်ဟု အိန္ဒိယအစိုးရကဆိုသော်လည်း ပို့ကုန်လုပ်ငန်းရှင်အချို့ကမူ လုပ်ငန်းများ ခက်ခဲစွာ ယှဉ်ပြိုင်လုပ်ကိုင်ရမည်ဖြစ်ကြောင်း ပြောဆိုလျက်ရှိသည်။ အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များ အသင်းချုပ် FIEO ၏ ၁-၆-၂၀၁၉ နေ့ သတင်းထုတ်ပြန်ချက်တွင် စီးပွားရေးအတိုင်းအတာအရ မေခရိုအဆင့်၌ သက်ရောက်မှု နည်းပါးသော်လည်း GSP မှ အကျိုးဖြစ်ထွန်းမှု ၃ ရာခိုင်နှုန်းထက် ပိုမိုရရှိနေသည့် လုပ်ငန်းနယ်ပယ်များအတွက် အခက်အခဲဖြစ်စေကြောင်း၊ အထူးသဖြင့် လက်ဝတ်ရတနာ (ပျမ်းမျှ အကျိုးဖြစ်ထွန်းမှု ၆ ဒသမ ၉ ရာခိုင်နှုန်း၊ သားရေထည် ၆ ဒသမ ၁ ရာခိုင်နှုန်း၊ ဆေးဝါးနှင့် ခွဲစိတ်ကိရိယာ ၅ ဒသမ ၉ ရာခိုင်နှုန်း၊ ပလတ်စတစ်နှင့် ဓာတုပစ္စည်း ၄ ဒသမ ၈ ရာခိုင်နှုန်းနှင့် အခြေခံနှင့်ပြုပြင်ပြီး လယ်ယာထွက်ကုန်များ ၄ ဒသမ ၈ ရာခိုင်နှုန်းတင်ပို့သည့် လုပ်ငန်းများကို ထိခိုက်မှုရှိကြောင်း ဖော်ပြထားသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**နယူးဒေလီမြို့**

# ၂၀၂၀ ပြည့်နှစ်အတွက် အခြေခံလုပ်အားခအား တောင်ကိုရီးယားတိုးမြှင့်

တောင်ကိုရီးယားနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွက် အခြေခံလုပ်အားခအား တစ်နာရီလျှင် ကိုရီးယားဝမ် ၈၅၉၀ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၃) သို့ တိုးမြှင့်လိုက်ကြောင်း၊ ၎င်းသည် လက်ရှိ အခြေခံ လုပ်အားခနှုန်းဖြစ်သော တစ်နာရီလျှင် ကိုရီးယား ဝမ် ၈၃၅၀ ၏ (၂ ဒသမ ၉)ရာခိုင်နှုန်းသို့ တိုးမြှင့်လိုက်ခြင်းဖြစ်ပြီး၊ ၁၉၈၈ ခုနှစ်တွင် လုပ်အားခ စနစ်ကို စတင်ကျင့်သုံးခဲ့ချိန်မှစ၍ တတိယအနိမ့်ဆုံးနှုန်း ဖြင့်တိုးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

စီးပွားရေးတိုးတက်မှုနှုန်း နှေးနေသည့်အနေအထားတွင် စီးပွားရေး လုပ်ငန်းငယ်များအတွက် ဘဏ္ဍာရေးပြဿနာများကို ပိုမို ရင်ဆိုင်လာရဖွယ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နှုန်းအနည်းငယ်သာ တိုးမြှင့်ပေးလိုက်ခြင်းသည် ၂၀၂၂ ခုနှစ်တွင် အခြေခံလုပ်အားခနှုန်းအား ကိုရီးယားဝမ် ၁၀၀၀၀ ဖြစ်စေရမည်ဟူသော သမ္မတမွန်ဂျေးအင်၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ်ကာလအတွင်း ကတိပြုခဲ့မှုမှာ အောင်မြင်ရန်မဖြစ်နိုင်ကြောင်း၊ အဖွဲ့ဝင် ၂၇ ဦးပါဝင်သည့် အခြေခံလုပ်အားခ သတ်မှတ်ရေးကော်မရှင်အနေဖြင့် အခြေခံ လုပ်အားခနှုန်းအတွက် ၁၃ နာရီကြာ ဆွေးနွေးခဲ့ပြီးနောက် အတည်ပြုခဲ့ခြင်းဖြစ်သည်။

စီမံခန့်ခွဲမှုဆိုင်ရာနှင့် ပြည်သူ့ရေးရာတို့မှ အဆိုပြုသောနှုန်းထား ၈၅၉၀ ဝမ်နှင့် ၈၈၈၀ ဝမ်တို့တွင် အဖွဲ့ဝင် ၁၅ ဦးမှ ၈၅၉၀ ဝမ်ကိုလည်းကောင်း၊ ၁၁ ဦးမှ ၈၈၈၀ ဝမ်ကိုလည်းကောင်း အသီးသီးဆန္ဒမဲပေးခဲ့ကြပြီး၊ မဲပေးရန် ပျက်ကွက်သူတစ်ဦးရှိခဲ့ကြောင်း၊ အခြေခံလုပ်အားခအား ယခုတစ်ကြိမ် တိုးမြှင့်လိုက်သည့် ၂ ဒသမ ၉ ရာခိုင်နှုန်း သည် ၂၀၁၈ ခုနှစ်အတွက် တိုးမြှင့်ခဲ့သည့် ၁၆ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ်အတွက် တိုးမြှင့်ခဲ့သည့် ၁၀ ဒသမ ၉ ရာခိုင်နှုန်းတို့နှင့် နှိုင်းယှဉ်လျှင် သမ္မတမွန်ဂျေးအင်၏ အာဏာရသက်တမ်းအတွင်း အနိမ့်ဆုံးနှုန်းထားတစ်ခုလည်း ဖြစ်ကြောင်း သိရှိရသည်။

အခြေခံလစာနှုန်းအတွက် ယခုကော်မရှင်၏ ဆုံးဖြတ်ချက်ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၅ ရက်တွင် ဥပဒေအရ အလုပ်သမားရေးရာဝန်ကြီးက တရားဝင် အတည်ပြု ကြေညာသွားမည်ဖြစ်ကြောင်း၊ ထိုအချိန်မတိုင်မီ သဘောထားကွဲလွဲမှုများအတွက် ပြန်လည် သုံးသပ်ရန် တောင်းဆိုနိုင်သေးသည့်အတွက် မကျေနပ်သည့် သမဂ္ဂများအနေဖြင့် ထိုသို့တောင်းဆိုမှုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုတစ်ကြိမ် တိုးမြှင့်မှုသည် ၁၉၉၈ ခုနှစ်၊ အာရှဘဏ္ဍာရေး အကျပ်အတည်း ရင်ဆိုင်ရပြီးချိန်တွင် တိုးမြှင့်ခဲ့သည့် ၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၂၀၁၀ ခုနှစ်၊ ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်း ရင်ဆိုင်ရပြီးချိန်တွင် တိုးမြှင့်ခဲ့သည့် ၂ ဒသမ ၇၅ ရာခိုင်နှုန်းတို့ပြီးလျှင် တတိယမြောက် အနိမ့်ဆုံးနှုန်းဖြစ်နေသည့်အတွက် တောင်ကိုရီးယားနိုင်ငံ အလုပ်သမားသမဂ္ဂများ အသင်းချုပ်အနေဖြင့် ကပ်ဆိုး အန္တရာယ်ဟုတင်စားခေါ်ဝေါ်လိုက်ကြောင်း၊ သမ္မတမွန်ဂျေးအင်၏ မဲဆွယ်စည်းရုံးရေးကာလတွင် အလုပ်သမားများအရေးအား အလေးထားသဖြင့် အခြေခံလုပ်အားခနှုန်းကို ၁၀၀၀၀ ဝမ်အထိ တိုးမြှင့်ပေးနိုင်ရေး ဆောင်ရွက်မည့်ကတိနှင့် နိုင်ငံ၏စီးပွားရေးအခြေအနေအား ဖြေရှင်းရမည့် ကိစ္စတို့သည် အယူဝါဒနှစ်ခြမ်းကွဲကာ အားပြိုင်၍ အနှစ်သာရမရှိသည့် အခြေအနေဖြစ်နေကြောင်း The Korea Times သတင်းစာတွင် ရေးသားဖော်ပြထားသည်။

**ဝင်းပပသူ**
**စီးပွားရေးသံမှူး၊ ဆိုးလ်မြို့**



# အီးယူနှင့် လာအိုတို့ကြား တရားမဝင် သစ်ထုတ်လုပ်မှုတိုက်ဖျက်ရေးနှင့် တရားဝင် သစ်ထုတ်ကုန်များကုန်သွယ်မှု တိုးမြှင့်ရေးဆိုင်ရာ တတိယအကြိမ် ညှိနှိုင်းဆွေးနွေး

အီးယူနှင့်လာအိုနိုင်ငံတို့ကြား Forest Law Enforcement, Governance and Trade (FLEGT) ဆိုင်ရာ ဆန္ဒအလျောက်မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်-Voluntary Partnership Agreement (VPA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် တတိယအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပကြောင်းသိရသည်။ အဆိုပါသဘောတူညီချက်သည် လာအိုနိုင်ငံမှ ထုတ်လုပ်တင်ပို့သည့် သစ်တောထွက်ကုန်များ၏ တရားဝင်ဖြစ်မှုကို တိုက်ဆိုင်စစ်ဆေးပြီး သက်သေခံသည့် စနစ်တစ်ရပ် ထူထောင်နိုင်ရေး ရည်ရွယ်ခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် တရားဝင် သစ်ထုတ်ကုန်များ ကုန်သွယ်မှုကို တိုးတက်စေနိုင်သည့်အပြင် သစ်တောစီမံအုပ်ချုပ်မှုနှင့် တရားမဝင်သစ် ထုတ်လုပ်မှုတိုက်ဖျက်ရေးကိုလည်း အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

လာအိုနိုင်ငံ၏ စဉ်ဆက်မပြတ်သော အရင်းအမြစ်များ ဖြစ်ပေါ်စေရေးအတွက် သစ်တောကဏ္ဍကို ထပ်မံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန် လာအိုအစိုးရအနေဖြင့် ကတိကဝတ်ပြုထားကြောင်း၊ မိမိတို့အနေဖြင့် ယခုလာရောက်သည့် ညှိနှိုင်းဆွေးနွေးပွဲသည် ယင်းကတိကဝတ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ VPA ကို အကောင်အထည်ဖော်ခြင်းဖြင့် တာဝန်ယူမှုရှိသော သစ်တောစီမံခန့်ခွဲမှုနှင့် သစ်ထုတ်လုပ်ငန်း၏ Supply Chain ကို ပိုမိုတိုးတက်စေမည်ဖြစ်ကြောင်း လာအိုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဖြစ်သူ လာအိုနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Dr.Phouangparisak Pravongviengkham က ပြောကြားခဲ့သည်။

သစ်တောထွက်ကုန်များတရားဝင်ဖြစ်မှု အာမခံသည့်စနစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လာအိုနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို မိမိတို့အနေဖြင့် ကြိုဆိုကြောင်း၊ ကောင်းမွန်သည့် သစ်တောစီမံအုပ်ချုပ်မှုစနစ်နှင့် တရားဝင် သစ်ကုန်သွယ်မှုတိုးမြှင့်ရေးတို့အတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည့် VPA ကို အကောင်အထည်ဖော်သွားနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းမှာ လာအိုနိုင်ငံ၏ သစ်တောကဏ္ဍအပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုများလည်း ရှိမည်ဖြစ်ကြောင်း အီးယူကော်မရှင်၏ သဘာဝပတ်ဝန်းကျင်ရေးရာဌာနမှ ဒုတိယအကြီးအကဲဖြစ်သူ Jorge Rodriguez Romero က ပြောကြားခဲ့ကြောင်း သိရသည်။

ဆွေးနွေးညှိနှိုင်းမှုများပြီးနောက် လာအိုနိုင်ငံ၏ သစ်ထုတ်ကုန်တရားဝင်ဖြစ်မှုဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ရှင်းလင်းမှုရှိစေရေးနှင့် ထပ်မံဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ဂျာမန်ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းတစ်ခုအဖြစ် ဂျာမနီနိုင်ငံ၊ GIZ မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် 'လာအိုနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောဂေဟစနစ် ထိန်းသိမ်းကာကွယ်ရေးနှင့် စဉ်ဆက်မပြတ်အသုံးပြုရေး' စီမံကိန်းသည် အီးယူနှင့် VPA သဘောတူညီချက်ရရှိနိုင်ရေး လာအိုနိုင်ငံအစိုးရနှင့် Stakeholders များအား ကူညီပေးသွားမည်ဖြစ်သည်။

VPA လုပ်ငန်းစဉ်သည် ကမ္ဘာတစ်ဝန်းရှိ သစ်တောစီမံ အုပ်ချုပ်မှုတိုးတက်စေရေးနှင့် တရားမဝင်သစ်ထုတ်လုပ်မှု တိုက်ဖျက်ရေးတို့အတွက် ဆောင်ရွက်နေသည့် နိုင်ငံများနှင့် ပူးပေါင်းနိုင်ရေး လာအိုနိုင်ငံအတွက် အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးပေးခြင်းဖြစ်ကြောင်းနှင့် လက်ရှိတွင် အီးယူနှင့် VPA အကောင်အထည်ဖော်နေသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံခန့်ရှိကြောင်း သိရသည်။

**ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး ၊**
**မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့။**

# ဂျပန်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် EEC နှင့် ထိုင်းတို့တွင် ရင်းနှီးမြှုပ်နှံရန် စိတ်အား ထက်သန်နေ

ဂျပန်နိုင်ငံ ရင်းနှီးမြှုပ်နှံသူများက အစိုးရအား ကြီးမားသော ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊ အရှေ့ပိုင်း စီးပွားရေးစင်္ကြံ Eastern Economic Corridor (EEC)နှင့်ထိုင်း Industry 4.0 ဆိုင်ရာ အစပျိုး ဆောင်ရွက်ချက်များ ပါဝင်သော အဓိက စီးပွားရေးမူဝါဒများကို ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရသည်။

ဒုတိယဝန်ကြီးချုပ် Somkid Jatusripitak သည် ဂျပန်ကုန်သည်ကြီးများအသင်း Japan Chamber of Commerce (JCC) ဥက္ကဋ္ဌ Shinji Nakano နှင့်တွေ့ဆုံရာ၌ ညွန့်ပေါင်းအစိုးရဖွဲ့စည်းဆောင်ရွက်နေခြင်းဖြစ်သော်လည်း အစိုးရသစ်အနေဖြင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒများ၊ ဆောင်ရွက်ဆဲ EEC နှင့် Industry 4.0 ဆိုင်ရာ ဆောင်ရွက်ချက်များအပေါ် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ၎င်းကဂျပန်ကုန်သည်ကြီးများအသင်း (JCC) အား စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စီးပွားရေးဆိုင်ရာ ဝန်ကြီးများအဖွဲ့ (Economic Cabinet)အား ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာ ဦးဆောင်ပြီး လတ်တလောကပင်ဖွဲ့စည်းဆောင်ရွက်ပြီးဖြစ်ကြောင်း ထောက်ပြလျက် ညွန့်ပေါင်းအစိုးရ၏ လုပ်ဆောင်ချက်များအပေါ် စိုးရိမ်ပူပန်ခြင်းမရှိစေရန် ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဂျပန်ကုန်သည်ကြီးများအသင်း (JCC) အနေဖြင့် ကုန်သွယ်ရေးစစ်ပွဲ၊ ထိုင်းနိုင်ငံရေး မတည်ငြိမ်မှုနှင့် ဘတ်ငွေတန်ဖိုးမြင့်တက်နေမှုတို့ကြောင့် ပထမနှစ်ဝက်တွင် စီးပွားရေးနှေးကွေးခဲ့ရပြီးနောက် ဒုတိယနှစ်ဝက်အတွက် တိုးတက်မှုတို့ကို ဖော်ပြထားသော ဂျပန်စီးပွားရေးအမြင် လေ့လာသုံးသပ်မှုအား မစ္စတာဆုန်ကစ်အား တင်ပြခဲ့ကြောင်း သိရှိရသည်။ တိုးတက်မှုများတွင် အစိုးရသစ်အား အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ခြင်းက များစွာပါဝင်နေသည်။

မစ္စတာ Kobsak က မပြီးဆုံးနိုင်သေးသော အမေရိကန်-တရုတ် ကုန်သွယ်ရေးတင်းမာမှုက ဂျပန်ရင်းနှီးမြှုပ်နှံသူများအား ထိုင်းနိုင်ငံတွင် စက်ရုံများရွှေ့ပြောင်းတည်ဆောက်ရန် (သို့မဟုတ်) ထိုင်းနိုင်ငံတွင် ရုံးချုပ်များ ပြောင်းရွှေ့ဖွင့်လှစ်ရန် ဦးတည်စေကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့အနေဖြင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းလာစေရန် အထူးအဖွဲ့ (SpecialTeam)တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဂျပန်ကုန်သည်ကြီးများအသင်း (JCC)အနေဖြင့် မစ္စတာဆုန်ကစ် ဦးဆောင်သော စီးပွား ရေးအဖွဲ့အား အဆင်ပြေပါက အောက်တိုဘာလတွင် ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ကြောင်း သိရှိရသည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

# PPC

Property People Connection

**Under Management of Established Company " PPC Group of Companies" in Singapore**



## Property Services

- Property Management
- M & E Services
- Cleaning
- Security

## Renovation Service

- Renovation of Existing Building
- Painting, Roofing, Flooring, Ceiling
- Installation of Electricity & Plumbing
- Consultancy Services



## Real Estate Services

- Leasing, Purchasing & Selling

No.19,4th Floor,Innwa Road, Kyauk Myaung Gyim Quarter, Tamwe Township, Yangon, Myanmar.
Tel: 09-260258485, 09-776432964
Email : ppcmyanmar@gmail.com | Website : www.ppcmyr.net

# OMIC MYANMAR

INSPECTION & SURVEYING CO., LTD

601-602, 6th Floor, MGW Center.
170-176, Bo Aung Kyaw
Street,Botahtaung Township, Yangon,
Myanmar.

Tel : 951-256 689, 256 863, 256 712
Fax : 951 256 546
E-mail : omic@ytp.com.mm,
omicmyanmar@gmail.com
Website: www.omicmyanmar.com

## OUR SERVICE

Inspection
Fumigation
Marine
Insurance Survey
Testing & Laboratory Service





နာရီဆိုလျှင်
CHERRY OO
WATCH GALLERY
https://www.facebook.com/cherryoowatchgallery
Contact : 09 730 222 48, 09 451 522 228



T.M.REGD.NO. 391894
Sarathi International Inc.
No. 13, 3D Main Road, J.P. Nagar, 1st Phase, Bangalore - 560078. India
Website: www.sarathi.com Email: mail@sarathi.com
SOLE DISTRIBUTOR;
PEAK STAR COMPANY LIMITED
Tulasi
Real Rose
INCENSE STICKS
THANAKHA
RAAT RANI
KANT KAW
Sandalwood
Chandamama
Chandan
Aromatica
Stress Relief
LAVENDER
navrathna
Vidwan
7in1
Champa
SANDAL WOOD
Mogra
PADAUK
KHAYE
VANILLA
JASMINE
FRANKINCENSE
WHITE ROSE
No.46, Rm-302, 56th Street (Middle), Ward 2,
Pazunduang Township, Yangon, Myanar
Ph: 01-9010 554, 09-514 7073, 09-79 514 7073
Email: peakstarcompany@gmail.com
www.peakstarcompany.com

COMMERCE INTERNATIONAL

# ဟွာဝေးက စမတ်ဖုန်းသားပြင်များတွင် ကိုယ်ပိုင်စက်လည်ပတ်မှုစနစ် အသုံးပြုသွားမည်




အသစ်ထုတ်လုပ်မည့်စမတ်ဖုန်းသားပြင်သုံး ထုတ်ကုန်များတွင် ကိုယ်တိုင်ထုတ်လုပ်သော စက်လည်ပတ်မှုစနစ် (Operating system) ကို ဟွာဝေးကုမ္ပဏီက စတင်အသုံးပြုတော့မည်ဟု ယင်းကိစ္စနှင့်နီးစပ်သည့် ပုဂ္ဂိုလ်များက ပြောကြောင်း အေးရှုဝမ်းသတင်းတွင် ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုက ကုန်သွယ်ရေးအမည်ပျက်စာရင်း တင်သွင်းခြင်ခံရပြီးနောက် ကမ္ဘာ့ဒုတိယအကြီးဆုံး စမတ်ဖုန်းထုတ်လုပ်သူအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းချက်အဖြစ် စျေးနှုန်းသက်သာသောဖုန်းများတွင် ယခုရက်သီတင်းပတ်ကုန်မှစ၍ အသုံးပြုသွားရန် အစီအစဉ်ရှိသည်။

စက်လည်ပတ်မှုစနစ်၏အမည်ကို ဟုန်းမင်းဟု အမည်ပေးထားပြီး ဟွာဝေးကို အမေရိကန်ဖြစ် နည်းပညာများအား ပိတ်ပင်ထားပြီးနောက်ပိုင်း ဂူဂဲစက်လည်ပတ်မှုစနစ်နေရာတွင် အစားထိုးသွားရန် ရည်ရွယ်ထားသည်။ ယခုထုတ်လုပ်သော OS စနစ်ကို ဩဂုတ် ၉ ရက်မှစ၍ ဒုံဂွမ်းမြို့တွင် ကျင်းပသော ၂၀၁၉ ခုနှစ် ကုန်ပစ္စည်းထုတ်လုပ်သူများ ကွန်ဖရင့်တွင် စတင်ပြသခဲ့ကြောင်း ရင်းမြစ်များက ပြောသည်။

ဂူဂဲနှင့် မိုက်ကရိုဆော့တို့၏ အန်းဒရွိုက်နှင့် ဝင်းဒိုးစက် လည်ပတ်မှုစနစ်များကို လောလောဆယ်တွင် ဟွာဝေး၏လက်တော့ပ်နှင့် တက်ဘလက်များတွင် အသုံးပြုထားသည်။ ■

# ဗီယက်နမ်အဲလိုင်း လေယာဉ်ခရီးစဉ်တွင် ဝိုင်ဖိုင်သုံးစွဲခွင့်ရမည်

လေယာဉ် ခရီးစဉ်အတွင်း လေယာဉ်လေးစင်း၌ ဝိုင်ဖိုင်သုံးစွဲခွင့်ရအောင် ယခုနှစ်မှာဆောင်ရွက်ပေးရန် အမျိုးသားလေကြောင်းလိုင်း ဖြစ်သည့် ဗီယက်နမ်အဲလိုင်းက ဆောင်ရွက်နေသည်ဟု စီအီးအို ထရီသန်းက ပြောကြောင်း ဗီယက်နမ်အေဂျင်စီသတင်းတွင် ဖော်ပြသည်။

ဩဂုတ် ၉ ရက်က ဟန္ဓိုင်းမြို့တွင် ကျင်းပသည့် ၂၀၁၉ ခုနှစ် ဗီယက်နမ် အိုင်စီတီထိပ်သီးအစည်းအဝေး အလွှတ်သဘောတွေ့ဆုံပွဲမှာ ယခုကဲ့သို့ ပြောဆိုလိုက်ခြင်းဖြစ်သည်။

လေယာဉ်ခရီးစဉ်အတွင်း ဝိုင်ဖိုင်ဝန်ဆောင်မှုကိုစတင်ရန် အမျိုးသားရုံးပိတ်ရက်ဖြစ်သော စက်တင်ဘာ ၂ ရက် သို့မဟုတ် ဟန္ဓိုင်းမြို့တော်လွတ်မြောက်ခဲ့သော အောက်တိုဘာ ၁၀ ရက်အနက် တစ်ရက်ရက်ကို ဗီယက်နမ်အဲလိုင်းက ရွေးချယ်လိမ့်မည်ဟု သန်းက ပြောသည်။



ခရီးသည်တို့ကို ပိုမိုအဆင်ပြေပြီး ဘေးအန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်ပေးခြင်းဖြင့် လေကြောင်းလိုင်း၏ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးကိုဆောင်ရွက်ပေးပြီး နောင်အနာဂတ်တွင် ကြယ်ငါးပွင့်အဆင့် အပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းဖြစ်အောင် ဗီယက်နမ်အဲလိုင်းက တဖြည်းဖြည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန်းက ပြောသည်။

လေကြောင်းလိုင်း၏ Airbus A350 နှင့် Boeing 787 တို့တွင် ဝိုင်ဖိုင်သုံးစွဲရန် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနနှင့် ဗီယက်နမ် မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့တို့က ခွင့်ပြုချက်လိုင်စင်ထုတ်ပေးပြီးဖြစ်ကြောင်း သန်းက ပြောသည်။

ဗီယက်နမ်အဲလိုင်းသည် ခရီးစဉ်အတွင်း ဝိုင်ဖိုင်ချိတ်ဆက်မှုကို ၂၀၂၀ ပြည့်မှ ၂၀၂၄ ခုနှစ်အတွင်း Airbus A350 လေယာဉ် ၁၀ စင်းတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သန်းက ပြောသည်။

## စီးပွားရေးတိုးတက်အောင် လှုံ့ဆော်ပေးရန် စင်ကာပူနိုင်ငံအသင့်ဖြစ်

စင်ကာပူအစိုးရသည် စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် အသင့်ရှိနေသည်ဟု ဝန်ကြီးချုပ်လီရှန်လွန်းက ဩဂုတ် ၈ ရက်တွင် ပြောကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။ စီးပွားရေး ကိန်းဂဏန်းများမှာ နှစ်ပေါင်းများစွာ ကျဆင်းခဲ့သည့်အတွက် စီးပွားရေးဆုတ်ကပ်ပင် ဖြစ်နိုင်သည့်အခြေအနေကိုရောက်ခဲ့ပြီးနောက် ယခုကဲ့သို့ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုတွင် ပါဝင်လျက်ရှိသကဲ့သို့ အသက်အရွယ် ကြီးရင့်သူဦးရေမှာလည်း လျင်မြန်စွာ တိုးတက်နေသဖြင့် အငြိမ်းစားယူသည့်အချိန်ကို တိုးမြှင့်ရမည်ဖြစ်ကြောင်း ဩဂုတ် ၉ ရက်တွင် ကျရောက်မည့် အမျိုးသားနေ့ နှစ်ပတ်လည်အခမ်းအနားတွင် လီကပြောသည်။

“ဒီနှစ် ကျွန်တော်တို့စီးပွားရေးက နှေးကွေးကျဆင်းနေပါတယ်။ ကမ္ဘာ့ဝယ်လိုအားနဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးကလည်း အားနည်းကျဆင်းနေပါတယ်”ဟု လီကပြောသည်။

ဤအခြေအနေများကြောင့် ကုန်ပစ္စည်းထုတ်လုပ်ရေးကဏ္ဍနှင့် ကုန်သွယ်ရေးနှင့် ဆက်နွယ်နေသော ဝန်ဆောင်မှုကို ထိခိုက်စေခဲ့ကြောင်းနှင့် အထူးသဖြင့် အီလက်ထရွန်းနစ်ပစ္စည်းများသည် ကမ္ဘာနှင့်အဝန်း ကျဆင်းနေကြောင်း သူကပြောသည်။

စီးပွားရေးကိန်းဂဏန်းများကို လာမည့်သီတင်းပတ်တွင် ထုတ်ပြန်ပါက နှစ်အလိုက် အခြေခံဖြင့်နှိုင်းယှဉ်လျှင် စင်ကာပူ၏ ဒုတိယသုံးလပတ် စီးပွားရေးတိုးတက်မှုနှုန်းသည် ၁၀ နှစ်တာကာလအတွင်း အနှေးကွေးဆုံးဖြစ်နေသည်ကိုတွေ့ရမည်။ စီးပွားရေးဆိုးသွမ်းသည့်သံသရာမှ မလွတ်သေးပါက စင်ကာပူဗဟိုဘဏ်သည် အောက်တိုဘာလတွင် ကျင်းပမည့်နှစ်ဝက်မူဝါဒအစည်း အဝေးတွင် မူဝါဒလျှော့ချမှုများကို ဆောင်ရွက်၍ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်မည်ဟု အများစုကခန့်မှန်းထားသည်။

# မိုးခေါင်ခြောက်သွေ့မှုကြောင့် ထိုင်းဆန်ပို့ကုန် ရောင်းလိုအားကျဆင်း

၁၀ နှစ်အတွင်း အဆိုးဆုံးဖြစ်ခဲ့သော မိုးခေါင်ခြောက်သွေ့မှုက ထိုင်းဆန်ရောင်းလိုအားကို ထပ်မံကျဆင်းစေခဲ့သည့်အတွက် ယခုသီတင်းပတ်အတွင်းမှာ ထိုင်းဆန်ပို့ကုန်ဈေးတွေမြင့်တက်ခဲ့ကြောင်း ရိုက်တာသတင်း၌ ဖော်ပြသည်။

သို့သော်လည်း ဗီယက်နမ်နိုင်ငံကမူ တောင်အမေရိကဈေးကွက်တွင် အခွင့်အလမ်းများ စူးစမ်းရှာဖွေလျက်ရှိသည်။ ထိုင်းနိုင်ငံ၏ အခြေခံစံထားဆန်ဖြစ်သော ၅ မှတ်ဆန်ဈေးနှုန်းသည် ယခင်သီတင်းပတ်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၉၅ မှ ၄၀၅ အထိရှိခဲ့ရာမှ ဇူလိုင် ၈ ရက်က တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀၆ မှ ၄၂၅ အတွင်းရရှိသည်။

“တချို့နေရာတွေမှာ ရိတ်သိမ်းနေပါပြီ။ မိုးခေါင်ခြောက်သွေ့တဲ့ အခြေအနေတွေကြောင့် ပြည်တွင်းဆန်ကို ဈေးကောင်းရစေမယ့် ဆန်အရည်အသွေးကို ထိခိုက်စေပါတယ်”ဟု ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးက ပြောသည်။ နိုင်ငံတစ်ဝန်းဆည်များတွင်ရှိသော ရေအမှတ်က လစဉ်ပျမ်းမျှ ရေအမှတ်အောက်ကို ကျဆင်းနေကြောင်း ထိုင်းမိုးလေဝသဌာနကပြောသည်။

ထိုင်းဆန်ဈေးနှုန်းများက အာရှရှိ အခြားဆန်ထွက်ဒေသများနှင့် နှိုင်းယှဉ်ပါက ပိုမြင့်နေပြီး ဝယ်လိုအား တန့်နေသည့်ကာလမျိုးမှာပင် ဘတ်ငွေတန်ဖိုးမြင့်တက်မှုကြောင့် ဆန်ဈေးနှုန်းကို မြင့်တက်စေခဲ့သည်။ ဗီယက်နမ် ၅ မှတ်ဆန်ဈေးမှာမူ ယခင်သီတင်းပတ်က အတိုင်း အပြောင်းအလဲမရှိဘဲ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၄၀ မှ ၃၅၀ အကြား ရှိခဲ့သည်။

ပဏာမစာရင်းများအရ ဗီယက်နမ်တွင် ဆန်တန်ချိန် ၁၀၃၀၀၀ တင်ပို့ရန်ရှိနေပြီး ဟိုချီမင်းစီးတီးဆိပ်ကမ်းမှ ဩဂုတ် ၂ ရက်မှ ၁၀ ရက်အတွင်း အနောက်အာဖရိကသို့ ၄၂ ရာခိုင်နှုန်း၊ အီရတ်သို့ ၂၉ ရာခိုင်နှုန်းနှင့် ကျန်ဆန်များကို ဖိလစ်ပိုင်နှင့် မလေးရှားသို့ တင်ပို့မည်။

ဗီယက်နမ် အစားအစာအသင်း ကိုယ်စားလှယ်အဖွဲ့သည် ယခုသီတင်းပတ်စောစောပိုင်းက မက္ကဆီကိုသို့ ရောက်နေပြီး ဆန်စပါးဈေးကွက်သစ်များ ရရှိရန်အတွက် ဗီယက်နမ်ဆန်တင်ပို့နိုင်မည့်အခွင့်အလမ်းများကို ရှာဖွေလျက်ရှိကြောင်း အသင်းနှင့်ပတ်သက်သော သတင်းရင်းမြစ်မှ ပြောသည်။

စံမီအောင် စုစည်းသည်

Don't use plastic and Be fantastic

ပတ်ဝန်းကျင် သာယာလှပစေရေး

ပလတ်စတစ်သုံးစွဲမှုကို ဆန့်ကျင်ပေး။